
www.burmeseclassic.com




# နှုတ်သမီး

ဂါဝန်ဝတ်မိုးတိမ်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (ဈေးစာပေ)
အမှတ်-၅၂၀(က)၊ အင်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြ-၀၀၃၂၆) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ ဆော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုဖင်ဦးနှင့်ညီများ
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ ဩဂုတ်လ
တန်ဖိုး-၁၀၀၀ ကျပ်၊ အုပ်ရေ- ၅၀၀
ဖြန့်ချိရေး
ဈေးစာပေ
၀၉ ၅၀၃၀၁၁၈၊ ၀၉ ၅၁၈၅၀၈၄ ၀၁ ၈၅၀၀၆၉၆

နတ်သမီး
ဂါ၀န်၀တ်မိုးတိမ်
ဈေးစာပေ၊ ၂၀၁၆။
၂၄၀-စာ၊ ၁၂ x ၁၈ စင်တီ။
(၁) ဂါ၀န်၀တ်မိုးတိမ်

## အခန်း (၁)

အိမ်ရှေ့ကို ကျွဲခနဲ မောင်းဝင်လာသော ကားသံကြောင့် ချောကဘက် ဖေ့စ်ဘွတ်သုံးနေရင်းမှ ကျွတ်ခနဲ စုတ်သတ်လိုက်သည်။

"ကျွတ် ထမင်းမချက်ထားတဲ့နေ့ကျတော့ အဖေတို့အိမ်မှာ ထမင်းပြန်စားပြီဟာ ကွိုင်ပဲ"

စိတ်ပျက်စွာညည်းတွားနေစဉ်မှာပင် ကားသော့ခါးကြားထိုးပြီး ဦးပေါ်က သဘာက်ဖြင့် အဆီပြန်နေသော မျက်နှာကိုပွတ်သုတ်ပြီး အိမ်ပေါ်တက်လာသည်။

"သမီးရေ အဖေ ထမင်းဆာပြီကွာ ထမင်းခူး"

"အဖေကလည်း ထမင်းပြန်စားမယ်ဆိုရင်လည်း မနက်ကတည်းက ထမင်းပြန်စားမယ်ဆိုပြီး ပြောသွားပေါ့၊ ဒါမှမဟုတ် ဖုန်းကြိုဆက်လည်းရတာပဲ"

www.burmeseclassic.com



အယ်နီညှိုတန်ခိုးကြောင့် တရှိန်ရှိန်ပူနေသော ခန္ဓာကိုယ်မှာ အိမ်ပေါ်တက်တက်ချင်းစီးပြီးပောက်လိုက်သော သမီး၏အပြစ်ဖွဲ့စကားကြောင့် တုန့်ခနဲရပ်သွားပြီး

"ဘာဖြစ်လို့လဲ ဒီနားကို ခရီးသည်လာပို့ရင်း ရောက်လာလို့ ကိုယ့်အိမ်ဝင်ပြီး ထမင်းပြန်စားတာပဲ၊ ညည်းကို ဖုန်းဆက်ဖို့ လိုသေးလို့လား မိချော"

"သမီးမှ ထမင်းမချက်ရသေးတာ အဖေရဲ့"

တစ်မနက်လုံး ကားပေါ်ကမဆင်းဘဲ တောက်လျှောက်ခရီးသည်တွေ လိုက်ပို့နေရ၍ ဘာမှမစားရသေးသော ဦးသုခ ဝမ်းထဲပို၍ဟာလာဟင်းလင်းဖြစ်ကာ ရင်ခေါင်းမှ ဆွဲပြီးအောင့်သွားသလို ခံစားလိုက်ရသည်။ အိမ်နံရံမှာချိတ်ထားသော နာရီကိုကြည့်လိုက်သည်။ နေ့လယ် တစ်နာရီပင်ခွဲပြီးနေပြီ။ ဒီအချိန်ထိ နံနက်စာထမင်းမချက်ဘဲ တစ်မနက်လုံး ဘာတွေလုပ်နေသလဲ။

"ခုပဲ တစ်နာရီခွဲပြီးလို့ နှစ်နာရီတောင်ထိုးတော့မယ် မိချောရယ် ညည်း ဘာတွေလုပ်နေလို့လဲ"

အိမ်ရှင်းသည့်အလုပ်တွေလုပ်နေ၍ ထမင်းချက်ချိန်မရလိုက်တာလားဟူသော ဖြေသိမ့်အတွေးတွေးပေးပြီး အိမ်ကိုဝေ့ကြည့်လိုက်သည်။

မနက်က ဦးသုခ ထွက်သွားတုန်းကအတိုင်းပင်။ ဘုရားစင်အောက်တွင် ကိုယ်အိပ်တဲ့အိပ်ရာကို စီစီရီရီသိမ်းပြီး ထပ်ထားခဲ့သော အိပ်ရာ





ထပ်သည်ပင်လျှင် အိပ်ခန်းထဲသို့ မရွှေ့ရသေး။ ခြေရင်းဘက်မှာ လျှော်ဖို့ ချပေးခဲ့သည့် အဝတ်နှစ်စုံက ဒီအတိုင်းပင်ရှိသေးသည်။ ညကတည်းက ဘုရားပန်းဝယ်လဲထားဟု မှာခဲ့သည့်အမှာက မေ့ပင်အောက်ရောက်သွားလောက်ပြီ။ ဘုရားစင်ပေါ်မှာ ကြွပ်ရွနေသော မေမြို့ပန်းခြောက်တွေက စိတ်ရှုပ်ထွေးစရာပင် ကောင်းလှတော့၏။

"မီး မီးပျက်နေလို့ ထမင်းဟင်းမချက်ရသေးတာ အဖေရဲ့"

ချောကလက်၏ဆင်ခြေကြောင့် ဦးသုခ သက်ပြင်းကို ရှည်မျောမျောချလိုက်သည်။ ဒါဟာ ဆင်ခြေအကြောင်းပြချက်တစ်ခုဆိုတာ မသိဘဲ နေပါ့မလား။ မီးပျက်ရအောင် အိမ်မှာလျှပ်စစ်တွေနဲ့ပဲသုံးလို့လား ဂက်စ်မီးဖိုရှိနေတာပဲ။

"တစ်အိမ်လုံးလည်း ရှုပ်ပွနေတာပဲ၊ ညည်းမျက်နှာရော သစ်ပြီးရဲ့လား ဟမ်"

ညကဝတ်အိပ်တဲ့ဝတ်စုံအတိုင်း ဝတ်ထားမြဲအမြင် ခေါင်းမှဆံပင်တွေပင် ဖြီးသင်ထားခြင်းမရှိသေးသော ချောကလက်ကိုကြည့်ပြီး ဦးသုခ ဒေါသဖြစ်၍မဆုံးတော့။

"အဟင်း မျက်နှာတော့ သစ်ပြီးပါပြီ အဖေရ ထမင်းဟင်းပဲ မချက်ရသေးတာ၊ အဖေ ဗိုက်ဆာတယ်ဆိုရင် လမ်းထိပ်မှာ ထမင်းနဲ့ဟင်း သွားဝယ်လိုက်မယ် မကြာပါဘူး အဖေ ဘာဟင်းစားမလဲ"

"ခုအခြေအနေရောက်မှတော့ ဆိုင်ထမင်းဟင်းပဲ စားရတော့



www.burmeseclassic.com

www.burmeseclassic.com



သိပါတယ်နော်”

“ဗျာ အင်း သိပါတယ် ဒါနဲ့ သမီး ခင်သူဇာ တာမျှားဖြစ်လို့လဲ”

“အခု သူ့ကိုကောင်လေးတစ်ကောင် လိုက်နှောင့်ယှက်နေတယ်”

“ဟင် ဟုတ်လား”

သူ့သမီးအနှောင့်အယှက်ခံရတာ ကိုယ်နှင့်ဘာဆိုင်လဲဟု စိတ်ထဲကတွေးလိုက်ပေမယ့် နှုတ်ကတော့ အလိုက်အထိုက်လေး ပြန်မြေလိုက်သည်။

BURMESE CLASSIC

“အဲဒီလို နှောင့်ယှက်ခံရအောင် ဦးသုသမီးက အဲကောင်လေးနဲ့ မရမက ချိန်းချိန်းပေးတယ်၊ ကောင်လေးကို ခင်သူဇာနဲ့ငြိအောင်လုပ်ဆိုပြီး မြှောက်ပေးတယ်”

ဦးသုခ ဇာတ်ရည်တော့ တဖြည်းဖြည်းလည်လာပြီ။

“အခု သမီးက အဲကောင်လေးကို ကြောက်ပြီး အိမ်ထဲကအိမ်ပြင်မထွက်ရဲဘူး၊ အဲဒါကို ချောကလက်က နင် သူနဲ့သာချစ်သူဖြစ်ကြည့်လိုက် နင်ပျော်သွားလိမ့်မယ်ဆိုပြီး ဖွတ်အတင်းလာစည်းရုံးနေတယ်လေ၊ ကျွန်မနားနဲ့ဆတ်ဆတ်ကြားခဲ့ရတာမို့ မလိမ်ပါဘူးရှင်”

“အဲ အဲဒီတော့ ကျွန်တော်က သမီးကိုဆုံးမပေးရမယ်ပေါ့”

“ဟုတ်ကဲ့ ဆေးစွဲနေတဲ့ကောင်လေးတစ်ယောက်နဲ့ အောင်သွယ်





ပေးနေတဲ့ချောကလက်ကို ကျွန်မကိုယ်တိုင် ပိုးစိုးပက်စက်ပြောလိုက်ချင်ပေမယ့် ဦးသုမျက်နှာက ရှိသေးတယ်လေ၊ ဒါကြောင့် မိဘအုပ်ထိန်းသူကို အရင်လာတိုင်တာပါ”

ယဉ်ကျေးမှုရှိသော မချယ်ရီကို ခေါင်းတဆတ်ဆတ် ညိတ်ပြလိုက်ပြီး

“စိတ်ချပါ မချယ်ရီ ကျွန်တော် အိမ်ပြန်ရောက်တာနဲ့ ကျွန်တော့်သမီးကို ဆုံးမပေးပါမယ်ဗျာ၊ သမီးက မိခင်ရဲ့အုပ်ချုပ်မှုအောက်က လွတ် ဖခင်ကလည်း ဝမ်းရေးအတွက်ရှန်းကန်နေရတော့ အချိန်ပြည့် မစောင့်ရှောက်နိုင်ဘူးလေ၊ ဒီတော့ လိုအပ်ချက်တွေအရမ်းများနေတဲ့ ကျွန်တော့်သမီးအတွက် ကျွန်တော်လည်း ရတက်မအေးရပါဘူးဗျာ၊ ကျွန်တော်ကပဲ တောင်းပန်ပါတယ်”

“ရပါတယ် ဦးသု သူ သဘောပေါက်အောင် ဆုံးမပေးမယ်ဆိုရင်ပဲ ကျေးဇူးတင်လှပါပြီ ကဲ ကျွန်မ သွားလိုက်ဦးမယ်နော်”

“ဟုတ်ကဲ့ မချယ်ရီ”

အနားမှ မချယ်ရီထွက်သွားသည်။ ဦးသုခ သက်မပြောကို ခပ်လေးလေးချပြီး အိမ်ကိုပြန်ကြည့်ဖို့ စိတ်ကူးရသွားသည်။

ဒီအချိန် အိမ်မှာဘာလုပ်နေလဲ သိချင်သွားပြီး ဆုံးမစရာရှိတာကို လောလောလတ်လတ် ဆုံးမမှုဖြစ်မည်မို့ ကားကို အိမ်သို့ မြှင်ကွေ၍ မောင်းခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့၊ ညည်းဘာသာကြည့်ဝယ်လာခဲ့''

''ဟုတ်''

ဟုတ်ဆိုပြီး ဖအေရှေ့ လက်ဝါးလာဖြန့်နေသော ချောကလက်ကိုကြည့်ပြီး မျက်မှောင်အနည်းငယ်ကျုံ့ကြည့်ကာ

''ဘာလက်ဝါးလာဖြန့်နေတာလဲ ညကပဲ အိမ်စရိတ်ပေးထားတယ်လေ၊ ဒီမနက်လည်း ဘာမှမချက်ရသေးဘဲ အဲဒီပိုက်ဆံဘယ်လိုကုန်ဦးမှာလဲ''

''ရှိတော့ဘူး ဖေကြီးရဲ့ မနက်က ဖုန်းဘေလ် ငါးထောင်တန် ဝယ်ထည့်တယ်၊ မတာရှတ်မကို နေ့သွင်းဖို့ သုံးထောင်သွင်းလိုက်တယ်၊ မီတာခ လာတောင်းလို့ မပုကို မီတာခဆောင်ဖို့ သုံးထောင်ပေးလိုက်တယ်၊ သမီးဆီမှာ တစ်ပြားမှမကျန်တော့ဘူး''

ပေါ့ရှုပ်ရှုပ်ဟန်ဖြင့် ရှင်းပြနေသော သမီးကိုကြည့်ပြီး ဦးသုခ ဟင်းခနဲ သက်ပြင်းချကာ အင်္ကျီအိတ်ကပ်ထဲမှ တစ်ထောင်တန်နှစ်ရွက်ကို ထုတ်ပေးလိုက်သည်။

''ရော့ ရော့ ယူသွား ငါ တစ်နေ့ တစ်နေ့ ရှာရသမျှငွေက ညည်းဖုန်းဘေလ်ဖိုးနဲ့ကုန်နေပါလား၊ တစ်နေ့ကပဲ ဖုန်းဘေမရှိလို့ ငါး ထောင်ပေးထားတာ သုံးရက်တောင် မပြည့်သေးဘူး''

ညည်းတွားပြောဆိုလိုက်သော ဦးသုခ နားမှ ချောကလက် လစ်ခနဲ ထွက်လာလိုက်သည်။ ဆက်နားထောင်နေလျှင် ဖေကြီး ဒေါသ





ပါလာပြီး လက်ပါပါလာလျှင် သက်သက်မဲ့ အသားနာနေဦးမည်မို့ ပါးနပ်သော ခြေလှမ်းတွေကို အိမ်အပြင်သို့ အလိုက်တသိ လှမ်းနိုင်းလိုက်သည်။

ဦးသုခ သမီးဖြစ်သူ၏နောက်ကျောကို ငေးကြည့်ပြီး သက်ပြင်း မောကို ဟူးခနဲ မှုတ်ထုတ်လိုက်သည်။

''မခင်လှဲ့ရေ ခင်ဗျားသမီးက ခင်ဗျားနဲ့မှ တစ်ပုံစံထဲပါလား ကျုပ် သူ့ကိုမိန်းမပီသလာအောင် ဘယ်လိုထိန်းချုပ်ကွပ်ကဲရမှန်းတောင် မသိတော့ပါဘူး''

ခပ်ညည်းညည်းပြောရင်း အိမ်နံရံကို စိတ်ပျက်လက်ပျက် မှီချ ပြီး ထိုင်လိုက်သည်။

■ ■ ■

''ဦးသု''

ပါစင်ဂျာစောင့်ရင်း ဂုဏ်တော်ပွားနေသော ဦးသုခ ခေါ်သံ ကြောင့် လှည့်ကြည့်လိုက်သည်။

''သြော် မချယ်ရီပါလား ဘယ်လဲ''

မချယ်ရီဆိုသော အမျိုးသမီး ဦးသုခကို အားတုံ့အားနာကြည့် ပြီး တစ်စုံတစ်ခုကို ပြောသင့်မပြောသင့် ချိန်နေပုံရသည်။

''ဟိုလေ ကျွန်မ ကားငှားဖို့မဟုတ်ဘူး ပြောစရာရှိလို့''

''သြော် ဟုတ်ကဲ့ ပြောပါ မချယ်ရီ''

''ဒီလိုပါ ကျွန်မသမီး ဘယ်လောက်လိမ္မာသလဲဆိုတာ ဦးသု



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆိုးသမီးလေးမှို့ အလိုလိုက်ခဲ့သမျှ အခုတော့ စရိုက်ဆိုးတဲ့မိန်းကလေးတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်နေရပြီ။

■ ■ ■



၆

## အခန်း (၂)

"ဟဲ့ နင်တို့ ငါ့အိမ်ပေါ် လာသောင်းကျန်းမနေနဲ့ ပြန်ကြတော့ ဟာ ပြန်ကြတော့"

အိမ်ရှေ့ခန်းတွင် ဂစ်တာတဒေါင်ဒေါင်လုပ်သူကလုပ် ဆေးလိပ်သောက်သူကသောက် စကားတွေအကျယ်ကြီးပြောသူကပြောနှင့် သောင်းကျန်းနေသော နန္ဒစိုးတို့ သူရတို့ကိုကြည့်ပြီး ချောကလက်မျက်စိနောက်လာသည်မို့ ပြန်ကြဖို့ပြောလိုက်သည်။

"ဟာ နင်ကလည်း အိမ်ဂုဏ်မောက်လိုက်တာ ဘယ်လိုဖြစ်တာလဲ၊ ခုမှ သီချင်းဆိုဖို့ ဗီလင်သွင်းတုန်းရှိသေးတယ်"

"အေးလေ တစ်ခါတလေ သူ့အိမ်လာလည်တာကို နှင်လွှတ်နေတယ်"

"နင်တို့က မျောက်ရှုံးအောင် အော်ဟစ်နေကြတာကိုး နောတွေ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ဘေးအိမ်တွေပြောလာရင် ငါရှင်းရမှာ၊ နဂိုကမှ ငါ့ကိုဆိုရင် ငါ့ပတ်ဝန်းကျင်က ဘယ်တော့မှ အကောင်းပြောကြတာ မဟုတ်ဘူး"

"သူတို့အကောင်းမပြောပေမယ့် ငါတို့အားလုံးက နင့်ကို အကောင်းမြင်ပေးတယ်လေဟာ နင်ကလည်း ဘော်ဒါစိတ်ထားစမ်းပါ"

"ဘာ ဘော်ဒါစိတ် ဟုတ်လား"

နန္ဒစိုးကို ခပ်မဲ့မဲ့ ပြန်မေးလိုက်သည်။

"အေးလေ ဘော်ဒါစိတ်ထားနိုင်းတာ"

"ဘော်ဒါစိတ်ရှိတယ်ဆိုရင် ငါ ငွေလိုနေလို့ ငါ့ကိုချေးပါဆိုတုန်းက နင်တို့ချေးလား။ နင်တို့ကျတော့ ညဘက်တွေ ကလပ်တွေတက်ကြသောက်ကြစားကြနဲ့"

"ဟာ နင်အဲလို စကားနာမထိုးပါနဲ့ဟာ အဲဒီတုန်းက ငါတို့မှာ တကယ်ခန်းနေလို့ပါဟာ ခု နင်ဓေ့ရလိုလား၊ ငါ့ကိုပြော ငါပေးမယ်"

နန္ဒစိုး သူ့ဘောင်းဘီအိတ်ထဲမှ ငါးထောင်တန်ဆယ်ရွက်ခန့်ကို ဆွဲထုတ်လိုက်သည်။

"လိုတယ် အခု ငါ့မှာ ငါ့အဖေမသိအောင်ယူထားတဲ့အကြွေးတွေနဲ့ တိုင်ပတ်နေတာ နင်သိလား"

နန္ဒစိုး သိဟန်နှင့်နိုင်ထူး တအံ့တသြ အကြည့်တွေဖြင့်

"နင်က ဘာတွေလုပ်နေလို့ အကြွေးတူနေရတာလဲဟာ မဟုတ်မလွဲရော နင်လည်း ငါတို့လို ဆေးသုံးနေတာလား"





"ဟာ ဘယ်ကလာ ငါ့ဖုန်းပျောက်သွားလို့ ဟိုတက်ရပ်ကွက်က ဒေါ်မြကြီးဆီမှာ တစ်ရာကိုသုံးဆယ်တိုးနဲ့ တစ်သိန်းခွဲယူထားတာဟာ အခု ငါကိုင်နေတဲ့ဖုန်းကို ဝယ်ဖို့လေ အခု ငါ သူ့ကိုအတိုးရောအရင်းရော မပေးနိုင်သေးဘူးဟာ"

"ကဲ ရော့ ဒါကို နင်ယူထားလိုက် အကုန်မကျေရင်တောင် တစ်ဝက်လောက်တော့ ကျေပါတယ်ဟာ"

"နင် တကယ်ပေးတာလား"

နန္ဒစိုးလှမ်းပေးသော ငါးထောင်တန်အထပ်ကိုကြည့်ပြီး ချောကလက် ပျော်သွားသည်။

"တကယ်ယူလိုက် ငါ ရေလျှံတုန်းပေးတာနော် ရေမလျှံရင်တော့ ငါ့ဆီက ခြူးတစ်ပြားတောင် နင်ရမှာမဟုတ်ဘူး"

"တကယ်ကြီးပေးနေတာပဲ အဟက် ဒါဆိုရင်တော့ နင်တို့ဒို့ဘော်ဒါစစ်စစ်လို့ သတ်မှတ်ပေးမယ်"

ချောကလက် လှမ်းယူလိုက်သည်။

"ဒါ ဘာလုပ်တာလဲ ချောချော"

ဟိန်းထွက်သွားသော အဖေ့အမေးကြောင့် နန္ဒစိုးလက်ထဲမှ ငါးထောင်တန်တစ်ထပ်ကို လှမ်းယူဖို့ လက်ရွယ်နေသော ချောကလက် ကိုယ်လေး ဆတ်ခနဲ တွန့်သွားသည်။ ချောကလက်လိုပဲ နန္ဒစိုးတို့လည်း [illegible]ပြီး အိမ်ပေါက်ဝကို ပြူငတ်ုလှမ်းကြည့်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အ အဖေ"

"ဦးလေး"

"နင်တို့ ဒါဘာလုပ်နေကြတာလဲ ချောချော အဲဒီပိုက်ဆံက ဘာလဲ"

"ကျွန်တော် ချောကလက်ကို ပေးတာပါ"

ချောကလက် ဘာပြောရမှန်းမသိခင်မှာ နန္ဒမိုး ဖြေလိုက်သည်။ သီဟကျော်နှင့်နိုင်ထူး ဂစ်တာကောက်ကိုင်ပြီး အလျှိုလျှိုထပြေးတော့သည်။

"မင်းက ဘာကိစ္စ ငါ့သမီးကို ပိုက်ဆံပေးရတာလဲ၊ ဘာတွေ ပတ်သက်နေကြလဲ မိချော ညည်း ငါမရှိတဲ့အချိန်တိုင်း အိမ်ပေါ်ကို ယောကျ်ားလေး တရုန်းရုန်းခေါ်ပြီး နေနေကြလားဟမ်"

"မ မဟုတ်ပါဘူး အဖေရဲ့၊ သူတို့က သမီးဆီကို ရိုးရိုးလာလည်ကြတာပါ"

"ဆင်ခြေမပေးနဲ့ မိချော မိန်းကလေးတစ်ယောက်ထဲရှိတဲ့အချိန် ယောကျ်ားလေးတွေ အိမ်ပေါ်ခေါ်ပြီး တရုန်းရုန်းလုပ်နေတာ ရိုးရိုးသားသားလား ဟမ် သွား ဟောကောင်တွေ ခုထွက်သွားကြစမ်း မင်းတို့ ငါ့အိမ်ကိုနောက်ဘယ်တော့မှ မလာနဲ့"

ဒေါသစိတ်မွန်ထူနေ၍ ဦးသုခ အိမ်ပေါ်မှ အားလုံးကို မောင်းချလိုက်သည်။ နန္ဒမိုး ဦးသုခကို မကြည်လင်သောအကြည့်ဖြင့် ခပ်ခွေခွေ





ကြည့်ပြီး အိမ်ပေါ်မှ ခြေသံခပ်ပြင်းပြင်းနင်းပြီး ဆင်းသွားသည်။

"တွေ့လား နင့်အကောင်တွေရဲ့စရိုက် လူကြီး လူကြီးမှန်းမသိ၊ နင်က ဒါမျိုးတွေနဲ့ပေါင်းနေတယ်ဆိုတော့ နင့်အဆင့်ကရော ဘယ်အဆင့် ရောက်သွားပြီလဲဆိုတာ နင်သိရဲ့လား"

"အဖေရယ် သူတို့နဲ့ သူငယ်ချင်းဖြစ်တာနဲ့ သမီးက အဆင့်နိမ့် သွားရောလား ခုရော သမီးတို့က ဘာလုပ်နေကြလို့လဲ"

"သူက ညည်းကို ဘာကြောင့်ငွေကြေးထောက်ပံ့နေရတာလဲ၊ ညည်းငွေတွေအခုတလော အရမ်းသုံးနေတာ ငါရိပ်မိနေတယ် ခုလည်း ခင်သူဇာကို ဘယ်က ကလေကချေနဲ့ အောင်သွယ်ပေးနေလဲ၊ အဲဒီလို အောင်သွယ်ပေးလို့ ညည်းအောင်သွယ်ခ ဘယ်လောက်ယူထားလဲ"

"ဟာ အဖေကလည်း အောင်သွယ်တာ မဟုတ်ပါဘူး၊ ရဲကျော် က သူ့ကိုတကယ်ကြွေနေလို့ သမီးက စေတနာနဲ့ချိတ်ပေးရုံလေးပါ"

မချယ်ရီပြောတာ တကယ်မှန်နေပြီမို့ ဦးသုခ ပို၍ ဒေါသဖြစ် သွားရသည်။ ရဲကျော်ဆိုတာ ရပ်ကွက်က အထင်သေး ရှုတ်ချခြင်းခံထား ရတဲ့ဆေးသမား၊ ဒီလိုကောင်မျိုးနှင့် ခင်သူဇာလို မိန်းမကောင်းကို နီးစပ် အောင် ကြံပေးနေသော ချောကလက်ကရော စိတ်ပုံမှန်ရှိသေးရဲ့လား၊ မိန်းချင်းကိုယ်ချင်းစာစိတ်မရှိတော့ဘူးတဲ့လား။

"အဲဒီ ရဲကျော်ကို ညည်းယူမလား"

ဦးသုခအမေးကြောင့် ချောကလက် တအံ့တဩ မော့ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမဲ့ရှုံ့သွားကာ

"ဟာ အဖေကလည်း သူ့လို ဆေးသမားကို သမီးက ယူစရာလား"

ချောကလက်၏ငြင်းဆန်လိုက်သောစကားကြောင့် ဦးသုခ ရွှံ့ရှာသောအကြည့်ဖြင့် ကြည့်လိုက်ပြီး

"ငါ့သမီး ညည်းဟာလေ ရုပ်ကလေး လှသလောက် စိတ်ဓာတ်က တော်တော်ယုတ်ညံ့တာပဲ၊ ငါ့သမီးပါလို့ပြောရမှာတောင် ငါရှက်တယ်သိလား၊ အဲဒီကောင်က ဆေးသမားမို့ ညည်းတောင်မယူချင်သေးရင် ခင်သူဇာလို ရိုးသားအေးဆေးတဲ့မိန်းကလေးကရော ယူချင်ပါ့မလား ညည်းမှာမိန်းမချင်း စာနာတဲ့စိတ် နည်းနည်းလေးတောင် မရှိဘူးလား"

ချောကလက် ငေါင်သွားသည်။

"ဒီကိစ္စ အဖေ ဘယ်လိုလုပ်သိတာလဲ"

"အဲဒါကို ငါက ဖြေစရာလိုလို့လား၊ ညည်းလုပ်ရပ်တွေကို ရပ်တန့်ကရပ်ပါ၊ မရပ်ဘူးဆိုရင် တစ်သက်လုံး နောင်တရသွားအောင် အပြစ်အကြီးကြီးပေးရလိမ့်မယ်"

အဖေ့ဒေါသတွေကိုတော့ ချောကလက် လန့်သည်။ လွန်ခဲ့တဲ့ ခြောက်လခန့်က အဖေ ဆင်ပေးထားတဲ့ လည်ပင်းကဆွဲကြိုးကို ချောင်ပြီး သူငယ်ချင်းတွေနဲ့ ချောင်းသာကို ခိုးလိုက်သွားဖူးသည်။ ပြန်လာတော့ အဖေ ချောကလက်ကို လုံးဝမရိုက်ဘဲ ကတ်ကြေးတစ်လက်ယူ





လာပြီး ခေါင်းမှဆံပင်တွေကို ကြွက်ကိုက်သလို ဟိုတစ်ကွက် ဒီတစ်ကွက် ညှပ်ပစ်ခဲ့ဖူးသည်။ မြင်မကောင်းအောင် ကွက်ကြားဖြစ်နေတဲ့ဆံပင်နှင့် သုံးလတိတိနေခဲ့ရဖူးသည်။ ထိုသို့ အပြစ်ပေးခံရတိုင်း ချောကလက်တို့ မှတ်သလားမေး ဘယ်တော့မှ မမှတ်။ လုပ်ချင်တာရှိလျှင် ခွတ်လုပ်တတ်သည့်အကျင့်က အရိုးစွဲနေပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

အိမ်ထောင်ပရိဘောဂပစ္စည်းတွေ အပြည့်တင်လာသော ကာ
နာ ကုန်တင်ကားကြီးက သစ္စာလမ်းမကြီးပေါ်ရှိ နှစ်ထပ်တိုက်အိမ်ေ
တစ်လုံးရှေ့သို့ အိခနဲထိုးရပ်လိုက်သည်။

“မေမေ သားတို့က ဒီတိုက်ကလေးမှာနေရမယ် ဟုတ်လား

နန်းတော်တမျှ ကြီးကျယ်ခမ်းနားသည့် အိမ်ကြီးပေါ်မှာ ေ
ကတည်းက နေလာခဲ့သော မိုးဒေဝါအဖို့ ပေလေးဆယ်ခန့်သာရှိသော
ထိုတိုက်ကလေးထဲမှာ နေရမည်ဆိုတော့ တော်တော်လေး စိတ်က
ကအောက်ဖြစ်ရသည်။

“ဟုတ်တယ် သား၊ အဲဒီအတွက် စိတ်မကောင်းဖြစ်မနေ
သားရယ်၊ ဒီအိမ်လေးက မေမေတို့ရဲ့ပိုင်ဆိုင်မှုအစစ် သားနေခဲ့ကြီးပြ
ခဲ့တဲ့ အေးမြရိပ်သာအိမ်ကြီးက အမွေဆိုင်အိမ်ကြီးလေ သားရဲ့ ေ





ချော သားရော တစ်ချိန်ချိန်မှာ ခုလိုမျိုးအိမ်ပေါ်က ဆင်းပေးရမယ်ဆို
တာ ကြိုသိနေခဲ့တာပဲ၊ စိတ်ထဲမှာ ဘာမှအစွဲအလမ်းမထားနဲ့ သား၊
တဲ့ ကားပေါ်ကဆင်းတော့ အလုပ်သမားတွေ ပစ္စည်းတွေသယ်ပိုးနေရင်
သားကိုထိခိုက်မိမယ်၊ ခြံထဲက ခုံတန်းမှာသွားထိုင်ပြီး နားလိုက်”

“ဟုတ်ကဲ့ မေမေ၊ ခြံထဲမှာ အပင်တွေကတော့ စုံနေတာပဲနော်၊
အဲဒါကိုတော့ သား သဘောကျတယ်”

သစ်ပင်တွေကို ချစ်တတ်သော မိုးဒေဝါ ပန်းမျိုးစုံပွင့်နေသော
ခြံကလေးကို သဘောကျသည်ဆို၍ ဒေါ်ရွှေရည် ပြုံးလိုက်သည်။ သား
သစ်ပင်တွေကို ချစ်မှန်းသိလို့ ခြံလေးကို ခုလို နေချင်စဖွယ်လေးဖြစ်
အောင် လွှန်ခဲ့တဲ့ နှစ်နှစ်ခန့်ကတည်းက မွမ်းမံပြင်ဆင်လာခဲ့တာ သားမှ
မသိဘဲ။

ဖတာဆိုးသားလေးမို့အစစအရာရာ အလိုလိုက်အကြိုက်ဆောင်
ပြီး ပိုးမွှေးသလို မွေးခဲ့ရပေမယ့် သားလေးက ဆိုးသွမ်းသောစရိုက်
သဏ္ဌာန်တွေမရှိ၊ အင်မတန်ငြိမ်းချမ်းအေးဆေးသော လူငယ်လေး ဖြစ်
သည်။

မေမေဆုံးပြီး မောင်နှမရှစ်ယောက် အမွေခွဲပြီး အိမ်ပေါ်က
ဆင်းလာခဲ့ကြပေမယ့် သားလေးကို ဒီလိုနေရာမျိုးမှာ ဒေါ်ရွှေရည် မထား
ချင်ပါ။ သို့သော် မုဆိုးမတစ်ယောက်၏စွမ်းဆောင်ရည်က ကျဆင်းလာပြီ
မို့ သားကိုဒီထက်ကောင်းသော ပတ်ဝန်းကျင်မှာထားချင်ပေမယ့် စွမ်း



www.burmeseclassic.com

www.burmeseclassic.com



အစိုးရိမ်လွန်နေသော မေမေ့ကို မိုးဒေဝါ ပြုံး၍ကြည့်လိုက်ပြီး

"မေမေရယ် သား ကလေးမဟုတ်တော့ပါဘူး အဲဒီလောက်လည်း မစိုးရိမ်ပါနဲ့"

"မေမေ့မျက်စိထဲမှာတော့ သားက ကလေးပဲရှိသေးတာ"

"သားရဲ့အသိုင်းအဝိုင်းထဲမှာတော့ သားက လုပ်ငန်းရှင်ပေါက်စ ဖြစ်နေပြီနော် မေမေ၊ တော်ကြာ မေမေ့ကြောင့်သားကို သူငယ်နှပ်စားလေးဆိုပြီး လုပ်ငန်းတွဲမလုပ်တော့ရင် ဘယ်လိုလုပ်မလဲ"

အစိုးရိမ်လွန်လွန်းနေသော မေမေ့ကိုပြန်၍ သတိပေးလိုက်ရသည်။ မေမေ သဘောတကျဖြင့် ခပ်တိုးတိုးရယ်ကာ မိုးဒေဝါ၏ပါးကို ခပ်ဖြည်းဖြည်းလိမ်ဆွဲပြီး

"လုပ်ငန်းစွမ်းရည်အပြည့်အဝရှိတဲ့ မေမေ့သားလေးကို အလုပ်တွဲမလုပ်ဘူးဆိုရင် အဲဒီလူအတွက် အများကြီးထိခိုက်နစ်နာသွားမှာပေါ့"

"အဟဲ သားကို အဲလောက် ယုံကြည်တယ်ပေါ့"

"ဒါပေါ့ မေမေ မွေးထားတဲ့သားကို မေမေက အပြည့်အဝ ယုံကြည်ပြီးသားပဲ"

"ဒါဆိုရင် ခုလည်း သားကိုယုံကြည်ပေး နေရောင်ခြည်လေး တစ်ခါတလေထိတာ ငယ်ငယ်တုန်းကလို ကျောပူခေါင်းပူ မထနိုင်တော့ပါဘူး မေမေရာ"

မိုးဒေဝါ၏စကားကြောင့် ဒေါ်ရွှေရည် သဘောကျလွန်း၍ ထင်





ရယ်ပြန်သည်။

"ဟုတ်ပါပြီ ယုံပါပြီ ကဲ သွား သွား ကားငှားရင်လည်း အဲယားကွန်းပါတဲ့ကား ငှားစီးနော် သား"

"ဟုတ်ကဲ့ပါ မေမေ"

အဆုံးထိလိုက်ပြီး ပူပန်ပေးနေသော မေမေ့မေတ္တာတရားကို မရိုးအီနိုင်အောင် ပိုင်ဆိုင်ခွင့်ရ၍ လောကမှာ ကံအကောင်းဆုံးသားအဖြစ် ကမ္ဘာ့စံချိန်တင်လောက်သူကဲ မိုးဒေဝါကလွဲပြီး ဘယ်သူဖြစ်နိုင်ဦးမလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဘယ်သွားမလဲ ငါ့တူ"

သန့်ပြန့်မွန်ရည်သော လူငယ်ချောလေးတစ်ယောက် ကားတားနေ၍ ဦးသုခ ကားကိုရပ်ပြီး မေးလိုက်သည်။

"ရေတာရှည်လမ်းပေါ်က အငယ်လေး ကားဝပ်ရှော့ကို သွားချင်လို့ အန်ကယ်"

"ဪ ဟုတ်ပြီ တက်ပါ"

မိုးဒေဝ ဦးသုခကို မွန်ရည်စွာ ပြုံးပြပြီး ကားနောက်ခန်းထဲ ဝင်ထိုင်လိုက်သည်။

"အဲဒီဝပ်ရှော့က နာမည်ကြီးပဲ တူလေးရဲ့ ဦးလေးတားလည်း အဲဒီကို သွားပြတယ်"

"ဪ ဟုတ်လား ကျေးဇူးတင်ပါတယ် ကျွန်တော့်သူငယ်ချင်း





ကို အားပေးတဲ့အတွက်"

"ဟော သူငယ်ချင်းတွေလား"

"ဟုတ်ကဲ့ ခင်ဗျ ကျောင်းနေဖက်သူငယ်ချင်းတွေပါ"

ကားမောင်းရင်း ပါစင်ဂျာမပျင်းရအောင် စကားစမြည်ပြောဖြစ်တာ ဦးသုခ၏အကျင့်ဖြစ်သည်။

"ဦးကတော့ လူငယ်တွေဖြစ်ပြီး စီးပွားရေးလောကမှာ မြင်ကြတာကို အရမ်းသဘောကျတယ်ကွာ"

ဖော်ရွေရည်မွန်သော ဦးသုခကို မိုးဒေဝ မြင်မြင်ချင်း ခင်မင်မိသည်။

"ဟင်"

ကားမောင်းနေရင်းမှ ကုန်ပစ္စည်းပရိုမိုးရှင်းပွဲတစ်ခုကို လမ်းဘေးမှာလုပ်နေကြသော မြင်ကွင်းဆီသို့ ဦးသုခ အကြည့်ရောက်သွားသည်။ နှုတ်မှထွက်လာသော အာမေဋိတ်သံနှင့်အတူ ကားပါ ကျွီခနဲ ရပ်လိုက်သဖြင့် မိုးဒေဝ ကိုယ်ခန္ဓာရှေ့ကိုပါ ယိုင်ထိုးသွားသည်။

"အန်ကယ် ကား ဘာဖြစ်လို့လဲ ခင်ဗျ"

"ကား ဘာမှမဖြစ်ပါဘူး ငါ့တူရယ် ငါ့တူ အချိန်လေးများ ပေးရမလား"

"ဗျာ ဘာဖြစ်လို့လဲ ခင်ဗျာ ရပါတယ်"

"ဘာ ဘာမှတော့မဖြစ်ပါဘူး ဦးလေးကို သုံးမိနစ်လောက်



www.burmeseclassic.com

www.burmeseclassic.com



အချိန်ပေးပါ ခဏလေးနော်''

''ဟုတ်ကဲ့ ရပါတယ်''

ဦးသုခ ကားပေါ်မှ ပျာယီးပျာယာ ဆင်းသွားပြီး စကပ်ပေါင်တို လေးတွေနှင့် dancer ကနေသော ကောင်မလေးတွေနားသို့ လျှောက်သွားပြီး အလယ်မှကောင်မလေးကို အတင်းဝင်ဆွဲတော့၏။

''ဟာ ဘာလဲဟ''

ကားပေါ်မှ မမိုတ်မသုန် ထိုင်ကြည့်နေသော မိုးဒေဝါ မျက်လုံးပြူးသွားသည်။

ကောင်မလေးက ရုန်းကန်ပြီး ဘာတွေပြောနေမှန်းတော့ ကားထဲမှ မကြားရ။ ဘေးမှကနေသော ကောင်မလေးတွေပင် ဆက်မကတော့ဘဲ အားလုံး ဝရုန်းသုန်းကားဖြစ်ကုန်၏။

ဒီကောင်မလေးနှင့် တက္ကစီအန်ကယ်ကြီး တစ်ခုခုတော့ ပတ်သက်နေလိမ့်မည်ဟု တွေးပြီး ကားပေါ်မှာပဲ ဆက်စောင့်လိုက်သည်။

သိပ်မကြာပါ ဦးလေးကြီး ကောင်မလေးကို ဒရွတ်ဆွဲမတတ် ခေါ်လာသည်။ ကောင်မလေး ငိုမဲ့ငိုမဲ့နှင့် လိုက်လာသည်။

ကားနားရောက်ခါနီးပြီမို့ မိုးဒေဝါ ဆက်မကြည့်တော့ဘဲ ဖုန်းဖွင့်ပြီး အင်တာနက်ကြည့်ဟန်ဆောင်လိုက်သည်။

''အဖေ ပါဝင်ဂျာပါတာပဲ သမီးမလိုက်ချင်ဘူး''

''မရှည်နဲ့ ငါ့ကို ဘာဆင်ခြေမှမပေးဘဲနဲ့ ကားထဲဝင်စမ်း ဒီ





ထက်ဂျီကျနေရင် လမ်းပေါ်မှာအရိုက်ခံရမယ် ငါ့လက်သံ သိတယ်နော်''

အခြေအနေကို သုံးသပ်ကြည့်တာနှင့် အန်ကယ်ကြီး၏သမီးဆိုတာကို သဘောပေါက်လိုက်သည်။ မိန်းကလေးပုံစံက ဆတ်ကော့လတ်ကော့ ပုံစံပေါက်နေပေမယ့် လှတော့ တော်တော်လေး လှသည်ဟု စိတ်ထဲမှ မှတ်ချက်ချမိသည်။

ကောင်မလေး ဆူဆူအောင့်အောင့်နှင့် ကားထဲဝင်ထိုင်လိုက်သည်။

''အဖေတို့က သမီးကို သိပ်အရှက်ခွဲတာပဲ၊ လူတွေအများကြီးရှေ့မှာ သမီးဘယ်လောက်အရှက်ကွဲသွားသလဲ အဖေ သိလား''

''သိတယ် သိလို့ အဲဒီလို တမင်အရှက်ခွဲလိုက်တာလေ၊ ငါ အရှက်မခွဲလဲ ညည်းအရှက်က ကွဲနေပြီးသားလေ၊ ယိုသူမရှက် မြင်သူရှက်ဆိုသလိုပဲ ကိုယ်တယ်လိုအဝတ်အစားကို ဝတ်စားထားလဲ ပြန်ကြည့်ဦး မလုံ့တလုံဝတ်တာတော့ မရှက်ဘူး ငါဆွဲခေါ်တာတော့ ရှက်တယ်''

သားအဖနှစ်ယောက် ရှေ့ခန်းတွင် တစ်ယောက်တစ်ခွန်း အခြေအတင်ပြောနေကြသည်။ မိုးဒေဝါ နားမထောင်ချင်ပေမယ့် စကားသံတွေက ပလုံစီပြီး နားထဲဝင်လာသည်။

''ဒါနဲ့ နေစမ်းပါဦး ညည်း ဒီကုန်ပစ္စည်းကြော်ငြာတဲ့အလုပ်ကို ဘယ်အချိန်ကတည်းက လုပ်နေတာလဲ၊ ဖခင်တစ်ယောက်အနေနဲ့ ငါ့ [illegible]က တာဝန်မကျေလို့ ညည်းအဲလိုတွေ လုပ်နေတာလား ဟမ်''



www.burmeseclassic.com

www.burmeseclassic.com



"အဖေ တော်ပါတော့ အိမ်ရောက်မှ ပြောပါတော့"

ချောကလက် နောက်ခန်းတွင် ငြိမ်ငြိမ် လိုက်ပါလာသော မိုးဒေဝါကို မလုံမလဲ လှမ်းကြည့်ပြီး ဖခင်ဖြစ်သူကို အသံခပ်ကြိတ်ကြိတ်ဖြင့် သတိလှမ်းပေးသည်။

"အိမ်ရောက်မှပြောရင် ပတ်ဝန်းကျင်အကုန်လုံးသိမယ်၊ ကားပေါ်မှာပြောတာက ဒီတူတော်မောင်တစ်ယောက်ပဲ ကြားမှာမို့ အရှက်ကွဲလည်း တစ်ယောက်ထဲရှေ့မှာပဲကွဲမှာ အဲ ငါ့တူ စိတ်ကသိကအောက်ဖြစ်နေမယ်ဆိုရင် တောင်းပန်ပါတယ်ကွာ"

ဦးသုခ ကားမောင်းနေရင်း မိုးဒေဝါ့ကို တောင်းပန်သည်။

"ဟာ ရပါတယ် ကိစ္စမရှိပါဘူး၊ ကျွန်တော် ဘာမှမကြားသလို နေပါ့မယ်ခင်ဗျ"

ယဉ်ကျေးသော လေယူလေသိမ်းဟန်ပန်နှင့် ချောမောတင့်တယ်သော မိုးဒေဝါကိုကြည့်ပြီး ချောကလက်ရင်ထဲ ဖြောင်းဆန်အောင် စိတ်လှုပ်ရှားသွားသည်။

ဒီလို လူချောကိုသာ ချစ်သူဖြစ်ခွင့်ရခဲ့လျှင် အရာရာပြီးပြည့်စုံပြီဟုပင် ပြောရဲပါသည်။

ဘာကြောင့် အဲဒီလောက် တည်ကြည်ခန့်ညားရတာလဲ။ ယောကျ်ားတစ်ယောက်ရှေ့မှာ အဆူခံနေရသော မိန်းမတစ်ယောက်ရင်ထဲမှာ ရှက်လွန်းလို့ ဖြောင်းဆန်အောင်စိတ်လှုပ်ရှားနေမယ့်အစား





ချစ်မိသွားလို့ ဖြောင်းဆန်အောင် စိတ်တွေလှုပ်ရှားနေသတဲ့။

သတိလက်လွှတ် ငေးမောနေမိသော ချောကလက်ကို မိုးဒေဝါ ဖျတ်ခနဲ တစ်ချက်ကြည့်ပြီး လူသွားလမ်းမပေါ်သို့ အကြည့်တို့လွှဲသွားသည်။

ရဲတင်းလွန်းသော အကြည့်တွေကို မိုးဒေဝါ ရင်ဆိုင်မကြည့်ရဲပါ။ ထို့ကြောင့် ကောင်မလေးကို နောက်တစ်ကြိမ် ပြန်မကြည့်မိအောင် သတိထားပြီး အာရုံလွှဲလိုက်သည်။

ချောကလက်တို့က ဒါမျိုးဆို လက်လွှတ်မခံ၊ အဖေအဆူခံနေရသည့်ကြားထဲမှာပင် ဖုန်းဖြင့် ကိုလူချောပုံပါအောင် ကိုယ့်မျက်နှာကို selfie ဆွဲလိုက်သေးသည်။

"ညည်း ငါပြောတာတွေကို နားထဲမဝင်ပါလား မိချော"

"ဝင်ပါတယ် အဖေရဲ့"

selfie ဆွဲနေသော ချောကလက်ကို ဦးသုခ စိတ်ပျက်စွာကြည့်ပြီး ပြောလိုက်သည်။ ဖခင်ကို ဆင်ခြေပြန်ပေးသည့် ချောကလက်၏ လေယူလေသိမ်းက ပေါ့ပျက်ပျက်။

ဦးသုခ ကားမောင်းရင်း ဘယ်တော့မှ မပြေခဲ့သည့်ဘဝအမောတွေကို လေပူအဖြစ် ဟူးခနဲ မှုတ်ထုတ်လိုက်သည်။

ဒီသမီးလေးကို လိမ္မာယဉ်ကျေးသော မိန်းမကောင်းလေးဖြစ်အောင် ဘယ်လိုဆုံးမရမလဲ၊ သူ့ကြောင့် စိတ်သောကဖြစ်လွန်းလို့ ညတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အိပ်၍ မပျော်။

ခုချိန်မှာ သေသွားမယ်ဆိုလျှင်တောင် အသေဖြောင့်မည် မဟုတ်။

■ ■ ■



## အခန်း (၃)

နန္ဒစိုး ဖုန်းထဲမှပုံကိုကြည့်ပြီး ချောကလက်ကို ဖျတ်ခနဲ လှမ်း ငြီး အကဲခတ်ကာ

"နင့်ပုံနောက်က ပါနေတဲ့ဘဲက ဘယ်သူလဲ ချောကလက်"

ရေခဲမုန့်စားနေရင်းမှ နန္ဒစိုးကို မျက်လုံးဝင့်ကြည့်ကာ

"အဲဒါ ငါ့နလုံးသားကို ဖြောင်းဆန်အောင်လှုပ်သွားတဲ့ bro သား အရမ်းမိုက်တယ် ဒါကြောင့် ခါတ်ပုံခိုးရိုက်ထားတာ"

"အဲဒီဘဲကို ငါသိတယ်"

"ဟင် ဟုတ်လား။ သူ ဘယ်မှာနေတာလဲ သူနဲ့နင် ဘယ်လို သိတာလဲ"

ရင်မှာအမှတ်မထင် စွဲလမ်းမိသော သူ့ကို နန္ဒစိုးက သိသည် ဆို၍ ချောကလက် ဟန်မဆောင်နိုင်လောက်အောင် စိတ်လှုပ်ရှားသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး အသည်းအသန် မေးမိတော့သည်။

"ဖြည်းဖြည်းလည်းမေး ရေခဲမုန့်တွေ နင်ကုန်ဦးမယ်"

"နင်ပဲစေဟာ ပြောမှာသာပြောစမ်းပါ"

"အဲ့ဒီဘဲက သစ္စာလမ်းထဲမှာနေတယ်၊ ပြောင်းလာတာ ထ

ပတ်လောက်ပဲရှိသေးတယ်၊ အလကားနေရင်း ဘဝင်လေဟပ်နေတဲ့

ကောင်"

"ဟင် နင်နဲ့ပတ်သက်ဖူးလို့လား"

"ငါနဲ့တော့ မပတ်သက်ဖူးပါဘူး ငါ့ဘော်ဒါနဲ့တစ်ခြံကျော်မ

တယ်၊ အိမ်နီးချင်းမို့ မိတ်ဆက်ပြီး ကလပ်သွားဖို့ခေါ်တာ သူ အိ

ဖိသနာမပါဘူးဆိုပြီး ပြောလွှတ်လို့ ဟိုကောင် တင်းပြီးပြန်ခေါ်လာတာ

ချောကလက် ဝမ်းသာသွားသည့်မျက်နှာဖြင့်

"ဟယ် ဒါဆို ကောင်းတာပေါ့၊ ယောကျ်ားဆိုတာ အဲလို

သားမှ ယောကျ်ားပီသတဲ့လူလို့ခေါ်တာ အဲဒါမှ ငါ့အကြိုက်"

"ဩော် မိချော နင်က နောက်မှပေါက်တဲ့ ချွေကြာထင်

အထင်ကြီးပြီး ခွီနေတယ်ပေါ့ ဟုတ်လား၊ ငါကရော ယောကျ်ားမပီသ

လား နင်ပြောပုံက"

နန္ဒစိုး မနာလိုဖြစ်ပြီး ဒေါဖောင်းကာ ပြောသည်။ ချောက

မချိုမချဉ်အပြုံးဖြင့် ပခုံးကိုဆတ်ခနဲ တွန့်ပြီး

"ငါ့ bro နဲ့တော့ လာမယှဉ်နဲ့လေဟာ၊ လောကမှာ အရို





ဆုံးယောကျ်ားလို့ နင့်ကိုယ်နင် အာမခံနိုင်လို့လား ရုပ်ကဖြင့် ဂိနေပြီ၊

ဒါကိုများ လာယှဉ်နေသေးတယ်"

ပိုးစိုးပက်စက် ဝေဖန်ခံလိုက်ရ၍ နန္ဒစိုးဒေါသဖြစ်သွားသည်။

"တော်ပြီ နင်စားနေတဲ့ ရေခဲမုန့်ဖိုး ငါ လုံးဝရှင်းမပေးတော့

ဘူး၊ ကိုယ့်ဟာကိုယ်ရှင်းလိုက်"

"ရတယ် ငါကလည်း ဒီလောက်လေးနဲ့ ကျေးဇူးအတင်မခံပါ

ဘူးနော်၊ ဟွန်း ယောကျ်ားလေးဖြစ်ပြီး မနာလိုစိတ်ကလည်းကြီးပါ့"

"မနာလိုတာမဟုတ်ဘူး အယှဉ်ခံရတာ ခံပြင်းတာ၊ အေးပေါ့

ဆေ နင်ကသာ တစ်ဖက်သတ် ကြွေနေတာ ဟိုကဖြင့် နင့်ကိုရှိတယ်လို့

ထောင် ထင်မှာမဟုတ်ဘူး"

"ထင်လာအောင် လုပ်မှာပေါ့ဟ"

"လုပ်တော့ရော နင့်လို အကြွေးတွေပတ်လည်ဝိုင်းပြီး အပျင်း

ထူတဲ့မိန်းကလေးကို အဖက်လုပ်မယ်ထင်သလား ဟား ဟား မြင်ယောင်

သေးတယ် ဟက်ကော့ကြီးဖြစ်ကျန်ခဲ့မှာကို နောက်ဆုံးတော့ နင့်ရဲ့

ထစလက်ခတ်ဘဝကို ငါကပဲ ကယ်တင်ရှင်လုပ်ရဦးမှာ"

နန္ဒစိုးနှင့်ချောကလက်ဆိုတာ တစ်ယောက်အကြောင်း တစ်

ယောက်သိသူတွေမို့ တစ်ယောက်ကိုတစ်ယောက် အထင်မကြီးကြ။

"ဒီချောကလက်ပါဟဲ့ ငါ့ရဲ့ရင်ထဲ ထိပြီဆိုရင် အဲဒီယောကျ်ား

ငါ့လွန်ယက်က လွတ်တဲ့သူရှိလား၊ နင်နဲ့အလောင်းအစားလောင်း လုပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်သေးတယ်"

"ဘာလဲ မိန်းမနောက်ပိုး လုပ်တော့မယ်ပေါ့"

နန္ဒစိုး၏ခပ်မဲ့မဲ့အမေးကို ချောကလက် မျက်စောင်းဝေ့ရင်း

"ငါ့ဟာငါ ဘာပိုးပိုး နင်နဲ့ဘာဆိုင်လဲ"

"ဟွန်း မျက်နှာကိုက ခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ နင်တို့
မိန်းကလေးတွေ တတ်လည်း တတ်နိုင်တယ်"

နန္ဒစိုး မကျေမနပ်ပြောပြီး ထသွားသည်။ ဒီတော့မှ ချောက
လက် ပြုံးပြုံးပြာပြာဖြင့်

"ဟဲ့ နန္ဒ ဒါက ဘယ်လဲ ငါ့မှာ ပိုက်ဆံမပါဘူးနော် ရေခဲမုန့်
လာရှင်းဦး"

"မရှင်းဘူး နင့်အကောင်ကို ခေါ်ရှင်းခိုင်း"

အနိုင်နှင့်ပိုင်းသွားသော နန္ဒစိုး စကားကြောင့် ချောကလ
ရေခဲမုန့်ဖိုး မရှင်းနိုင်ဘဲ ဆိုင်ထဲမှာ ဟက်ကော့ကြီး ကျန်ခဲ့တော့
"တောက် မသာကောင် တွေ့မယ်"

တစ်ယောက်ထဲ ကြိမ်းဝါးပြီး လက်ကျန်ရေခဲမုန့်ကို မင်သေ
ဖြင့်ထိုင်စားလိုက်သည်။ ဆိုင်ရှေ့ကနေ ဘယ်အသိများ ဖြတ်သွား
ဆိုပြီး အကြည့်တွေကို မျက်ခြေမပြတ်ရဲ။

ဘယ်သူမှမဖြတ်သည့်အဆုံး အဖေ့ဆီပဲ ဖုန်းဆက်လိုက်ရ
သည်။





ချောကလက်အဖို့တော့ အဖေရှိရင် ငွေရှိတယ်လေ။

■ ■ ■

"ဟယ် ဒီအင်္ကျီလေးက လှလိုက်တာ"

ဟာဝိုင်ရီဆန်ဆန် ဒီဇိုင်းထွင်ထားသော အင်္ကျီလေးကို ကိုယ်
...တပ်ကြည့်ရင်း ချောကလက်စိတ်ထဲ လိုချင်စိတ် ပြင်းပြသွားပြန်သည်။

"လှရင် ယူလိုက်ပေါ့ ချောကလက်ရယ်"

"ယူတော့ ယူချင်ပါတယ် ဒေါ်လှရယ် ဒါပေမဲ့ အရင်အကြွေး
...ာင် မကျေသေးတာ နောက်ထပ်ယူရင် ဒီအကြွေး ဘယ်တော့မှ
...မှာမဟုတ်တော့ဘူး"

ချောကလက်က အမြဲတမ်း ဝယ်နေကျဖောက်သည်မို့ ဒေါ်လှ
...လည်း ချောကလက်ဆိုလျှင် ဖွတ်အတင်းကို ရောင်းချင်သည်။

အဝတ်အစား လော်လီသော ချောကလက်တို့လိုလူတန်းစား
...ရှိနေသရွေ့ ဒေါ်လှဆိုင်က အသစ်မတင်လိုက်နဲ့ တင်တာနှင့်ကုန်
...ပဲဖြစ်သည်။

"ယူမှာသာ ယူသွားလိုက်စမ်းပါ ဒီကာလာလေးက ညည်းအ
...နဲ့ဆို ဟပ်နေတာပဲ၊ ရုပ်ကလေးကလည်းလှတော့ ဒါလေးသာဝတ်
...ရင် မြန်မာမင်းသမီးတွေ တဂစ်ဂစ်တက်ပြီး ထိုင်းမင်းသမီးတွေ
...နိုသွားဦးမယ်"

အမြှောက်ကြိုက်သော ချောကလက် သဘောတွေကျကာ



www.burmeseclassic.com

www.burmeseclassic.com



တခစ်ခစ်ဖြင့်ရယ်ပြီး

"တကယ်လား ဒေါ်လှ"

"လက်တွေ့သိချင်ရင် ဝယ်ပြီးဝတ်ပြလိုက် ရပ်ကွက်ထဲက ကောင်တွေ သံလိုက်ခတ်လို ညည်းနောက်ကပ်ပါလာစေရမယ် မယုံမရှိ နဲ့"

"ဟယ် တကယ် အဟင်း ဒါဆိုရင်တော့ ဝယ်ပြီ မနက်ဖြန် ရပ်ကွက်ထဲ ရှိုးလျှောက်ပြလိုက်ဦးမယ်"

"လျှောက် လျှောက် ဒါမှ ငါ့ဆိုင်ကအင်္ကျီတွေ ကြော်ငြာရာ ရောက်မှာ"

ဒေါ်လှအပြောကြောင့် ချောကလက် သဘောတကျရယ်ပြီး အင်္ကျီတွေကို တစ်ထည်ပြီးတစ်ထည် ကိုယ်မှာကပ်ကြည့်ကာ အရောင်ရွေးနေစဉ် အကြည့်တစ်ချက်က ဈေးအပြင်ဘက် ကားလမ်းမဆီသို့ ဖျတ်ခနဲ ရောက်သွားသည်။

"ဟင် သူပါလား"

ခပ်တိုးတိုး ရေရွတ်လိုက်သော ချောကလက်ကိုကြည့်ပြီး ဒေါ်လှပါ ချောကလက် စိတ်ဝင်တစားကြည့်ရာနောက်သို့ လိုက်ကြည့်သည်။

"ဟဲ့ အဲဒါဘယ်သူလဲ ချောလိုက်တာအေ ညည်း အကောင် လား"

အဖြူရောင်ကားလေးကို ကိုယ်တိုင်မောင်းလာပြီး ဈေးရှေ့မှာ





ရပ်လိုက်ပြီး ကားပေါ်မှ သူနှင့်ရုပ်ချင်းခပ်ဆင်ဆင် အမျိုးသမီးကြီး ဆင်းလာသည်။

ဒါဟာ သူ့အမေများလား။ အန်တီကြီးက ချောရုံတင်မဟုတ် ဘုတ်သရေလည်းရှိသည်။

"ဟဲ့ ချောကလက် ငါမေးနေတယ်လေ ညည်းရဲ့အကောင်လား ဟ"

စပ်စုလွန်းသော ဒေါ်လှကလည်း မရမက မေးသည်။

"ခုတော့ မဟုတ်သေးဘူး၊ ဒါပေမဲ့ သိပ်မကြာခင်မှာတော့ ဖြစ်တော့မှာ"

ဒေါ်လှ မသိမသာ မဲ့သွားပြီး

"ဘာလဲ ညည်းက ကားတင်ပြေးမလို့လား"

"ဩော် ဒေါ်လှကလည်း ကားတင်ပြေးစရာလားလို့ ကိုယ့်ကို ချစ်လာအောင် မိန်းမမာယာသုံးရမှာပေါ့"

"အမလေးအေ ညည်းမာယာကလည်း ကုန်ကိုမကုန်နိုင်ဘူး၊ ရပ်ကွက်ထဲက ရုပ်ဖြောင့်တဲ့အကောင်တွေလည်း ကုန်သလောက်ရှိပြီ"

ချောကလက်က ယောကျ်ားတွေနှင့်ပတ်သက်လာလျှင် အဲဒီ ယောက်ကို နာမည်ကြီးသူဖြစ်သည်။

"သူက ဒီရပ်ကွပ်ကမဟုတ်ဘူး ဟိုဘက်ရပ်ကွက်က ပြောင်း လာတာ မကြာသေးဘူး၊ အဖေ့ကားကို ငှားစီးလို့ သူနဲ့မျက်မှန်းတန်းမိ



www.burmeseclassic.com

www.burmeseclassic.com



ရှိလောက်တော့ သိတယ်”

“ချောတာတော့ တော်တော်ချောတယ်နော်၊ လူရည်သန့်ကလေး ညည်းရုပ်ရည်လေးနဲ့သာတွဲကြရင် နေနဲ့လ ရွှေနဲ့မြပဲဟယ်”

“ကြုံတုန်းလေး သွားနှုတ်ဆက်လိုက်ဦးမယ် ဒေါ်လှရေ”

အမျိုးသမီးကြီး စတိုးဆိုင်ထဲဝင်သွားသည်နှင့် ချောကလက် ဈေးထဲမှ ထွက်ကာ မိုးဒေဝါဆီသို့ လျှောက်သွားလိုက်သည်။

မိုးဒေဝါ ကားထဲတွင် မိခင်ဖြစ်သူကို ထိုင်စေရင်း ဖုန်းဖြင့် သတင်းဖတ်နေသည်။ ချောကလက် ကားဆီသို့လျှောက်လာတာကို မမြင်။

“ဟော့ ကွိုး”

နူးညံ့ညင်သာသော အသံဖြင့် ခပ်နွဲ့နွဲ့ခေါ်လိုက်သည်။ မိုးဒေဝါ လှည့်ကြည့်သည်။

“ဟင် မင်း”

“မှတ်မိသားပဲ ဈေးလာတာလား”

“မေမေလာတာလေ ကိုယ်က လိုက်ပို့ပေးတာ”

“တွေ့လိုက်တယ် ဒါကြောင့် လာနှုတ်ဆက်တာ”

“တုတ်ကဲ့ အန်ကယ်ရော ကားထွက်လား”

“ဟင့်အင်း ဒီနေ့မထွက်ဘူး အိမ်မှာရှိတယ်၊ ကားက ကိုယ်ပိုင် ကားဆိုတော့ အုံနာကြေး ဘာညာပေးစရာမလိုတော့ ကိုယ်နားချင်တဲ့ အချိန် ကောက်နားရုံပဲလေ၊ သိပ်လောဘတက်စရာမှမလိုတာ အိမ်မှာက





ချောကလက်နဲ့ ဖေဖေနဲ့နှစ်ယောက်ထဲ အဖေတစ်ခု သမီးတစ်ခုဆိုပါ တော့”

ကျွန်မ အပျိုပါဆိုတာကို သူ သိအောင် ဝေ့ကာဝိုက်ကာ ကြော်ငြာဝင်လိုက်သည့်သဘော။ သူ ပြုံးသည်။

“ဒါနဲ့ ရှင့်နာမည် ဘယ်လိုခေါ်လဲ”

“မိုးဒေဝါ”

“နာမည်က လန်းလှချည်လား”

“မေမေ့စိတ်ကြိုက်ပေးထားတာလေ”

“ဒါကြောင့် အေးတိအေးစက်ကြီးဖြစ်နေတာ ထင်တယ်”

သွက်လက်သော အပြောအဆိုတွေကို အလိုက်သင့် တုန့်ပြန်ပြီး ဈေးထဲမှ မေမေ ထွက်အလာကိုလည်း လှမ်းကြည့်ရသေးသည်။

“တို့နာမည်ကိုရော မမေးတော့ဘူးလား”

မိုးဒေဝါ နာမည်မမေးသည့်အဆုံး မေးလိုက်သည်။ အားနာ တတ်သော မိုးဒေဝါ ခပ်ပြုံးပြုံးအမူအရာဖြင့်

“သိစေချင်ရင်ပြောပြလေ သူငယ်ချင်းအဖြစ် မှတ်ထားပါမယ်”

“တို့နာမည်က ချောကလက် အီနေအောင်ကို ချိုမြိန်တယ် နော် ကြိုက်လား”

“ဗျာ”

မျက်ခုံးနှစ်ဖက် ပြိုင်တူမြင့်တက်ပြီး ဗျာလိုက်သော မိုးဒေဝါကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ခန္ဓာကိုယ်လေးလှုပ်ရမ်းကာ တသိမ့်သိမ့်ရယ်ရင်း

"လူကိုကြိုက်လားလို့ မေးတာမဟုတ်ဘူး ချောကလက်ကို ကြိုက်လားလို့မေးတာ"

"ဩော် ဟုတ်ကဲ့ ကျွန်တော်က ငယ်ငယ်ကတည်းက ချောကလက်မစားရဘူးခင်ဗျာ မေမေက မကျွေးဘူးလေ ရင်ကျပ်မှာစိုးလို့ဆိုပြီး"

"ချောကလက်က ရင်မကျပ်ပါဘူး ရင်ပဲချောင်တာပါ မယုံရင် စားကြည့်"

ရွှတ်နောက်နောက်ပြောလိုက်သော စကားကြောင့် မိုးဒေဝါ ထပ်ရယ်ပြန်သည်။

"ကျွန်တော့်မေမေ ဆူလိမ့်မယ်"

ထိုစကားကို တမင်ပင် ပြောလိုက်ခြင်းဖြစ်သည်။

"ဒီအရွယ်ကြီးရောက်နေတာတောင် မေမေက ချောကလက် မကျွေးဘူးလား အံ့ပါရဲ့"

"စားကျင့်မရှိတဲ့အတွက် ကျွန်တော်ကိုယ်တိုင်က မစားတာပါ"

"ဩော် မိုးက သစ္စာလမ်းထဲကို ပြောင်းလာတာ မကြာသေးဘူးဆို"

"ဟင် သိလို့လား"

"သိတာပေါ့ ချောကလက် သူငယ်ချင်းတွေ အဲ့လမ်းထဲမှာ တစ်ပုံကြီး"





"ဩော်"

ဩော်ဟုသာ ပြောပြီး မိုးဒေဝါတွင် ဆက်ပြောစရာစကားလုံး မရှိ။ ထိုစဉ်မှာပင် ဈေးရှေ့စတိုးဆိုင်ထဲမှ မေမေ ထွက်လာသည်ကို မိုးဒေဝါ လှမ်းတွေ့လိုက်သည်။

"ဟော ကျွန်တော့်မေမေတောင် လာပြီ"

ချောကလက် လှည့်ကြည့်လိုက်သည်။ မိုးဒေဝါ အမေဟာလည်း မိုးဒေဝါလိုပဲ ချောမောခန့်ညားလိုက်တာဟု စိတ်ထဲမှ မှတ်ချက်ချလိုက်သည်။

မေမေလာပြီဟုပြောတာတောင် ကားနားမှလှည့်မပြန်သော ချောကလက်ကြောင့် မိုးဒေဝါ အနေခက်နေသည်။ မေမေက မိန်းကလေးတွေနှင့်ပတ်သက်တာကို သိပ်မကြိုက်။ ခုလို အခြေအနေမျိုးမြင်လျှင် မိုးဒေဝါကို စစ်ဆေးမေးမြန်းခြင်းတွေ လုပ်တော့မည်။

"မိတ်ဆက်ပေးလေ"

ရဲတင်းလွန်းသော ချောကလက်ကို မိုးဒေဝါ အနည်းငယ်တော့ အထင်သေးမိသည်။ မေမေဆိုလျှင်တော့ ပြောဖွယ်ရာ မရှိတော့။

"ကျွန်တော့်အမေက မိန်းကလေးတွေနဲ့ fri လုပ်တာ မကြိုက်ဘူး"

ကိုယ့်အမေစိတ်ကိုယ်သာလျှင် အသိဆုံးမို့ အားမနာဘဲသာ ပြောချလိုက်တော့သည်။ ချောကလက် မျက်နှာပျက်သွားပြီး ဘာမှမမှ



www.burmeseclassic.com

www.burmeseclassic.com



သလို ဟန်လုပ်ပြုံးကာ

"မိုးကချောတော့ မအေလုပ်သူက မိန်းကလေးတွေနဲ့ပတ်သက်တာ ဘယ်ကြိုက်ပါ့မလဲ သိတာပေါ့"

အနားသို့ ဒေါ်ရွှေရည် ရောက်လာသည်။ ချောကလက်ကို အကဲခတ်ကြည့်ပြီး

"သား၊ ညီ့သည်နဲ့ စကားပြောနေတာလား"

ယဉ်ကျေးချိုသာသော အပြောအဆိုကြောင့် ချောကလက်ကလည်း ဒေါ်ရွှေရည်ကို ပြန်ပြုံးပြလိုက်ပြီး

"မင်္ဂလာပါ အန်တီ"

"ဪ မင်္ဂလာပါကွယ် ဒါနဲ့ သမီးက ဘယ်သူလဲ၊ သားရဲ့ ကျောင်းနေဖက် သူငယ်ချင်းလား"

"ရှင် ဪ မ မဟုတ်ပါဘူး အန်တီ၊ ချောကလက်က ဒီရပ်ကွက်ကပါ။ ကိုမိုးဒေဝါနဲ့ တစ်ခါဆုံဖူးလို့ ဒီမှာတွေ့တာနဲ့ လာနှုတ်ဆက်တာပါ"

မိုးဒေဝါ ဘာမှဝင်ပြီး ရှင်းမပြဘဲ မေမေ့လက်ထဲမှ အထုပ်ကို လှမ်းယူလိုက်သည်။

"ဒါဆိုရင် အန်တီတို့ကို သွားခွင့်ပြုပါဦး"

"ဟုတ်ကဲ့ပါရှင်"

အယဉ်ကျေးဆုံး လေယူလေသိမ်းဖြင့် ခေါင်းညိတ်နှုတ်ဆက်





လိုက်သည်။

မိုးဒေဝါ ကားမောင်းထွက်သွားသည့်တိုင် ချောကလက် နေရာမှာတင် ရပ်ကျန်ခဲ့ကာ မြင်ကွင်းထဲမှ ကားပျောက်သွားမှ ဒေါ်လှအထည်ဆိုင်ဘက်သို့ ပြန်လျှောက်ခဲ့လိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"သူက သားနဲ့တော်တော်ရင်းနှီးသွားသလား"

ကားမောင်းနေရင်းမှ မေမေ့အမေးကို ဖြေဖို့ နောက်ကြည့်မှန်မှ မေမေ့မျက်နှာအရိပ်အကဲကို လှမ်းအကဲခတ်လိုက်သည်။

"မရင်းနှီးပါဘူး မေမေ"

"သားနဲ့ ဘယ်မှာဆုံတာလဲ"

"သူ့အဖေရဲ့တက္ကစီကို ငှားစီးရင်းနဲ့ သူပါ ကားပေါ်မှာပါလာတာလေ"

အသေးစိတ်ကိုတော့ ရှင်းပြမနေတော့ဘဲ သဘောလောက်ပဲ ပြောပြလိုက်သည်။

"မိန်းကလေးက အကြည့်တွေ ရဲတင်းလွန်းတယ်၊ နောက်တစ်ခါ လမ်းမှာတွေ့ရင် ဝေးဝေးရှောင်နေ ်သား၊ မေမေ့သား လူယဉ်ကျေး





လေးရဲ့ အိမ်ထောင်ဖက်က ဒီလိုဆတ်ကော့လတ်ကော့ မိန်းကလေးမျိုး အဖြစ်မခံနိုင်ဘူး"

မေမေ့ရဲ့စိုးရိမ်ပူပန်မှုကို မိုးဒေဝါ ကားမောင်းရင်း သဘောကျစွာ ရယ်မောလိုက်သည်။

"ဘာရယ်တာလဲ သား"

"မေမေ့ရဲ့စိုးရိမ်စိတ်ကိုပါ"

"အမေပဲလေ ကိုယ့်သားသမီးရဲ့အနာဂတ်ကို ကြိုပြီး တွေးနိုင်ရမှာပေါ့၊ သားသာ မေမေ့ကို စိတ်ပူအောင်မလုပ်ပါနဲ့၊ မေမေ့သားရဲ့ဖူးစာရှင်က ဒီလိုအခြေခံလူတန်းစားရပ်ကွက်ထဲက သာမန်မိန်းကလေး မဟုတ်ဘူး သားရဲ့"

သားဖြစ်သူကို ပေါ့ပျက်ပျက်မိန်းကလေးတွေနှင့် ငြိစွန်းသွားမှာကို သေရမှာထက်ပိုပြီး ကြောက်သည့်မိခင်ထဲမှာ ဒေါ်ရွှေရည် ထိပ်ဆုံးက ပါဝင်သည်။

"ကဲပါ မေမေရယ် သားအတွက် ဘာမှစိုးရိမ်သောကတွေ ဖြစ်မနေပါနဲ့ သား ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားဘူးလို့ မေမေ့ကို ကတိပေးပါတယ် ကဲ အခု သား ဘယ်ကိုမောင်းရမလဲ သယ်န်းတိုက်ကို အရင်မောင်းရမလား ဘုန်းကြီးကျောင်းကို အရင်မောင်းရမလား"

"ဆရာတော် ကျောင်းကို အရင်မောင်း သား၊ အပြန်မှ သယ်န်းတိုက်ဝင်ပြီး သယ်န်းဝယ်မယ်၊ ဩော် ဖိတ်စာရောပါရဲ့လား မမြတို့အိမ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတည်း ဖိတ်စာဝင်ပေးရအောင်လို့''

''ပါပါတယ် မေမေ''

မိုးဒေဝါ ကားကို ဖြည်းဖြည်းမှန်မှန်လေး မောင်းနေပြီး တစ်ဖက်မှ ဦးသုခကား ဖြတ်မောင်းသွားတာကို မမြင်လိုက်။

■ ■ ■

''အဖေ''

''ဘာလဲ''

''ဒီနေ့ ဈေးရှေ့မှာ ဟိုတစ်နေ့ကလူနဲ့ တွေ့ခဲ့တယ် သိလား''

အရင်းမရှိ အဖျားမရှိပြောနေသော ချောကလက်ကို ဦးသုခ ဂျာနယ်ဖတ်နေရင်းမှ မှန်ကုတ်ကုတ်ဖြင့်ကြည့်ပြီး

''ဘယ်လူလဲ''

''ဩော် အဖေကလည်း သမီး ပရိုမိုးရှင်းပွဲမှာ ကြော်ငြာမယ် လုပ်တုန်းက ကားပေါ်မှာ အဖေ တင်ခေါ်လာတဲ့ ခပ်ချောချော ပါစင်ဂျာလေ''

ဦးသုခ မျက်စိထဲ ပြေးမြင်လိုက်ပါသည်။ ရိုးသားအေးချမ်းသော လူငယ်လေးတစ်ယောက် စိတ်ထဲမှာ သမက်လေးသာဖြစ်လိုက်ရင် ဘယ်လောက်ကောင်းမလဲဆိုသည့် ခံစားမှုမျိုး ဝင်ခဲ့သည့် ချာတိတ်ကလေး။

ခုတော့ ကိုယ်တင်မဟုတ် ကိုယ့်သမီး ဆတ်ဆလူးမရင်ထဲကိုပါ ဝင်နေခဲ့သည့် ကောင်လေး။





''အဲဒါ ဘာဖြစ်လဲ''

''အဖေ့ကိုမေးတယ် အန်ကယ် နေ့ကောင်းလားတဲ့''

သတိတရ မေးဖော်ရသားပဲဟု စိတ်ထဲမှာ ကျေနပ်မိသည်။

''ညည်း ဘာမှ ငါးရံ့ပြာလူးသွားမလုပ်နဲ့နော်၊ ဟိုက သူ့အဆင့်အတန်းနဲ့သူနေတာ ညည်းနဲ့ စရိုက်ရော အဆင့်အတန်းရော တူတာမဟုတ်ဘူး''

အဖေ့စကားက ချောကလက်ကို လုံးဝ တန်ဖိုးမရှိတဲ့ မိန်းကလေးလို့ မပြောရုံတမယ်ပင်။

''အဖေကလည်း ပြောလိုက်ရင် အဆုံးထိပဲ၊ သမီးက ဘာလုပ်မိလို့လဲ''

''ငါ့အမြင်တော့ ညည်းက ရပ်ကွပ်ထဲမှာ အရှုပ်ထုပ်''

''အဖေကလည်း ကိုယ့်သမီးမဟုတ်တဲ့အတိုင်းပဲ''

''အေး ငါ့သမီးအဖြစ် ပြုပေးထားတဲ့ ကံကြမ္မာကို ငါက ခေါင်းငုံ့ခံနေတာ၊ ငါလိုချင်တာ ညည်းလို ပေါ့ပျက်ပျက်မိန်းကလေးကို သမီးအဖြစ်လိုချင်တာမဟုတ်ဘူး၊ ယဉ်ကျေးသိမ်မွေ့ပြီး မိဘကျေးဇူးတရားကို သိတတ်ပြီး မိန်းမပီသတဲ့မိန်းကလေးမျိုးကို သမီးအဖြစ်လိုချင်တာ''

ချောကလက်စရိုက်က အဖေလိုချင်သည့် မိန်းကလေးစရိုက်မျိုးနှင့် လုံးဝကိုဆန့်ကျင်ဘက်။ ဒါကိုတော့ ကိုယ့်ကိုယ်ကိုယ် သိသည်။

''အဲလို ဖြစ်အောင် အဖေ ငယ်ငယ်ကတည်းက သမီးကို



www.burmeseclassic.com

www.burmeseclassic.com



ဆုံးမသွန်သင်ခဲ့ပါလားလို့ သမီးလည်း အမေဖြစ်စေချင်သလို မိန်းကလေး မျိုး ဖြစ်ကြည့်ချင်တာပေါ့''

ဒီလိုကျပြန်တော့လည်း ဦးသုခ ရင်ထဲမှာမကောင်း။

မွေးကတည်းက မိခင်နို့ဦးရည်ကိုတောင် သောက်ခွင့်မရှိဘဲ နွားနို့ ဆိတ်နို့နှင့်သာ ကြီးပြင်းခဲ့ရသည့်ကလေး။ မိခင်၏ဆုံးမသွန်သင်မှု တွေကို နာခံခြင်းမရှိခဲ့ရလောက်အောင်ကို ဘဝကိုခပ်ကြမ်းကြမ်းကျော် ဖြတ်ခဲ့ရသူ။

ဒီတော့ ဦးသုခ စိတ်ထဲ ပြန်သနားမိသွားပြန်သည်။ ဖခင် တစ်ယောက်လို မေတ္တာမျိုးပေးခဲ့ပေမယ့် ကိုယ်ကိုယ်တိုင်က ဖခင်စစ် မဟုတ်ခဲ့၍ သမီးတစ်ယောက်ကို ဘယ်လိုဆုံးမသွန်သင်ရမလဲဆိုတဲ့နည်း လမ်းအမှန်ကို မသိခဲ့။ လိုအပ်တာကိုသာ ဖြည့်ဆည်းပေးခဲ့ပြီး ဘယ်လို ဘယ်လိုထိုင် ဘယ်လိုပြုမူရမယ်ဆိုသည့် လောကနီယာမတရားတွေ လက်ကိုင်ထားပြီး လိမ္မာယဉ်ကျေးစေသော စကားတစ်ခွန်းမဟာခဲ့။ ဒီတော့ လိမ္မာယဉ်ကျေးတာ ဘာလဲဟု ကိုယ့်ကိုပြန်မမေးသော ချော လက်ကိုပင် ကျေးဇူးပြန်တင်ရမည့်အဖြစ်။

''အဲလို မိန်းကလေးမျိုး ဖြစ်ချင်ရင် လွယ်ပါတယ်၊ ဘာလုပ် ဘာကိုင်ကိုင် သတိနဲ့စဉ်းစားဉာဏ်ကိုသုံးပြီး လုပ်သင့်တာလုပ် ပြောသင့် တာကိုပြော ပေါင်းသင့်တဲ့သူနဲ့ပဲပေါင်း မပေါင်းသင့်တဲ့သူကို မပေါင်း ဒါဆိုရင် ညည်း တဖြည်းဖြည်းနဲ့ ယဉ်ကျေးသိမ်မွေ့လာလိမ့်မယ်''





ဦးသုခ စကားကြောင့် ချောကလက် ခပ်တွေတွေလေး စဉ်းစား သွားသည်။ သူ့စိတ်ထဲ နားလည်သည်လား နားမလည်သည်လားဆိုတာ သူကလွဲပြီး ဘယ်သူက သိနိုင်မည်လဲ။

■ ■ ■

တက္ကစီကားဂိတ်တွင် ပါရင်ဂျာ စောင့်နေရင်းမှ သေးမှမွေးရပ် ပြီး တီးလိုက်သော ကားဟွန်းသံကြောင့် ဦးသုခ လှည့်ကြည့်လိုက်သည်။

''ဩော် ငါ့တူပါလား''

''အန်ကယ် နေကောင်းတယ်နော်''

''ကောင်းပါ့ဗျာ ဘယ်လဲ''

''မြို့ထဲဘက်ခဏသွားမလို့ပါခင်ဗျ ဩော် ကြုံတုန်းဖိတ်လိုက် ဦးမယ် သဘက်ခါ ကျွန်တော်တို့အိမ်မှာ ဘုရားအနေကဇာတင်နဲ့ အိမ် တက်မင်္ဂလာပွဲရှိတယ်ခင်ဗျ အချိန်ရမယ်ဆိုရင် ကြွခဲ့ပါဦး''

ပြောရင်းဖြင့် ကားအက်ရှ်ဘုတ်ပေါ်မှ ဖိတ်စာတစ်စောင်ကို လှမ်း ယူပြီး ဦးသုခကို ကမ်းပေးသည်။ ဦးသုခ လှမ်းယူလိုက်ပြီး

''လာရမှာပေါ့ ငါ့တူရယ် စိတ်ချ''

''ဟုတ်ကဲ့ခင်ဗျ ဒါဆိုရင် ကျွန်တော့်ကို သွားခွင့်ပြုပါဦး''

''ကောင်းပါပြီ ငါ့တူရယ်''

မိုးဒေဝါ ကားလေး ငြိမ့်ခနဲ မောင်းထွက်သွားရာကို မျက်စိ တဆုံး လိုက်ကြည့်ပြီးမှ လက်ထဲမှ ဖိတ်စာကို စက္ကူစာအိတ်ထဲမှထုတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

ဇိတ်စာပါအကြောင်းအရာကို ဖတ်နေရင်းမှ ချောကလက်မျက်နှာကို ဖျတ်ခနဲ ပြန်မြင်ယောင်မိသည်။

"ငါ့သမီးပါခေါ်သွားရင် ကောင်းမလား မသိဘူး"

တကယ်တမ်းတော့ သမီးကို မောင်မိုးဒေဝါနှင့် နီးစပ်စေချင်သောဆန္ဒက စတွေ့ကတည်းက ဖြစ်သည်။ သူနှင့်သာ သမီးလေး အကြောင်းပါခဲ့လျှင် စိတ်ဓာတ်ရင့်ကျက်ပြီးနေထိုင်မှုပုံစံပါ လုံးဝပြောင်းလဲသွားနိုင်သည့် ချောကလက်၏ရွှေရေး တွေးပူစရာမလိုတော့။

ထိုသို့သာ တကယ်ဖြစ်ခဲ့မည်ဆိုလျှင် ဦးသုခ သမီးနောင်ရေး စိတ်အေးရပါပြီ။

ကိုယ့်လက်ထဲမှာ သမီးလိမ္မာလေးဖြစ်အောင် ပြုစုပျိုးထောင်နိုင်ခြင်းမရှိခဲ့သည့် သမီးဖြစ်သူကို ယောကျ်ားပီသပြီး မွန်ရည်ခန့်ညား သော ယောကျ်ားတစ်ယောက်လက်ထဲ ထည့်ပေးလိုက်၍ ဇနီးကောင်းလေး တစ်ယောက်ဖြစ်လာစေချင်တာ ဖခင်တစ်ယောက်ရဲ့ရင်ထဲက မေတ္တာ တရားအပြည့်ပါ။

■ ■ ■



## အခန်း (၇)

"ဟယ် အလှူဇိတ်တယ် ဟုတ်လား အဖေ"

ဇိတ်စာကို ဝမ်းသာအားရ ဖတ်ကြည့်နေသော ချောကလက်ကိုကြည့်ပြီး ဦးသုခ မျက်နှာလွှဲလိုက်သည်။

"အဖေ သမီးလည်း လိုက်ချင်တယ်"

ကြိုက်မရှက် ငိုက်မရှက် ပူဆာနေသော သမီးဆန္ဒကို ဖြည့်ဆည်းပေးဖို့ အစောကြီးကတည်းက စဉ်းစားပြီးသားမို့

"အဲဒီအလှူကို ညည်းတစ်ယောက်ထဲ သွားရဲလား"

"ဟင် တစ်ယောက်ထဲသွားရမှာလား အဖေရော မလိုက်ဘူးလား"

အလှူအတန်းတွေဆိုလျှင် ဦးသုခ ရှောင်သည်။ လူတောမတိုး



www.burmeseclassic.com

www.burmeseclassic.com



တာတော့မဟုတ် အဝတ်အစား သစ်လွင်လွင်ဝတ်ပြီး ညေ့ပရိသတ်တွေရှေ့မှာ ဟန်လုပ်စားပြရမည့်အလုပ်ကို မလုပ်ချင်သောကြောင့် ဖြစ်သည်။

"ငါ ဘယ်တုန်းက အလျှုအတန်းသွားဖူးလို့လဲ ကိုယ်နဲ့မရင်းနှီးတဲ့အလှူဆိုရင် ပိုတောင် မသွားချင်ဘူး"

"ဒါဆို သမီးသွားမယ် အဖေ သမီးသူငယ်ချင်း ခေါ်သွားမယ်"

"ဘယ်အကောင်ကို ခေါ်သွားမှာလဲ"

မိုးဒေဝါရှေ့မှာ ယောက်ျားလေးသူငယ်ချင်းတွေကို မခေါ်သွားစေချင်။

"ဘယ်အကောင်မှ ခေါ်မသွားပါဘူး အဖေရဲ့ သမီးက အဲလောက်တော့ နပ်ပြီးသားပါ၊ မေဖင့်ကိုပဲ ခေါ်သွားမယ်လေ"

ဦးသုခ ငြိမ်သွားပြီး လယ်သာခေါက်အိတ်ထဲမှ တစ်သောင်းတန် သုံးရွက်ထုတ်လိုက်သည်။ ဒီနေ့ကားဆွဲလို့ရတာ ဒါအကုန်ပင်ဖြစ်သည်။

"ရော့ ဒါယူပြီး မြန်မာဝတ်စုံ တစ်စုံသွားဝယ်ဝတ်"

ချောကလက် အံ့အားသင့်ကာ ဖခင်ဖြစ်သူကို ကြည့်ပြီး

"အဖေ သမီးမှာ ဝတ်စုံရှိပါတယ်"

"ညည်းမှာရှိတဲ့ဝတ်စုံက ကလေးကချေမကွေ့ဝတ်တဲ့ မလုံ့တလုံဝတ်စုံတွေမို့လား၊ အဲဒါနဲ့ သွားလိုက်ရင်တော့ ညည်းတန်ဖိုးတစ်ပြားမှတောင် တက်လာမှာမဟုတ်တော့ဘူး"





လတ်တလော ခံစားလိုက်ရသည့် ဖခင်၏မေတ္တာတရားကြောင့် ချောကလက် ဘာလုပ်ရမည်ဆိုတာကို သဘောပေါက်သွားကာ

"ဟုတ်ကဲ့ အဖေ ဒါဆို သမီး ကုံကော်မေ ဖက်ရှင်ဆိုင်မှာ မြန်မာဝတ်စုံလှလှလေးတစ်စုံ သွားဝယ်လိုက်မယ်နော်"

ဖခင်လက်ထဲမှ ငွေကိုဖျတ်ခနဲ ယူပြီး ကလေးငယ်တစ်ယောက်သို့ ခုန်ပေါက်ထွက်ပြေးသွားသော ချောကလက်ကိုကြည့်ပြီး ဦးသုခ ပြုံးလိုက်ပါသည်။

ကိုယ့်သမီးမယ်ထွေ ဈေးတင်ဖို့အတွက် ဒီလောက်တော့ အရင်းအနှီးပြုရမှာပေါ့လေ။

"ချောကလက် အိမ်ကြီးက မိုက်လှချည်လား၊ အလှူလာတဲ့ အားတွေကလည်း လမ်းမပေါ်မှ ပြည့်နေတာပဲ၊ ပုံစံကြည့်ရတာ တော်တော်ချမ်းသာမယ်ထင်တယ်နော်"

တိုက်ကြီးကိုကြည့်ပြီး မေဖင် ခပ်တိုးတိုးပြောသည်။

"ငါလည်း ဘယ်သိမလဲဟ ခုမှရောက်ဖူးတာကို လာပါဟာ တွန့်ဆုတ်တွန့်ဆုတ်လုပ်မနေနဲ့ ခပ်တည်တည်နဲ့ပဲ ဝင်သွားကြမယ်"

မေဖင့်ရှေ့မှ ဦးဆောင်ပြီး ဝင်ခဲ့လိုက်သော ချောကလက်မှာ သူကိုယ်သူ ယုံကြည်မှုရှိသောဟန်အပြည့်။

ဆော်ရွှေရည် အိမ်ပေါက်ဝသို့ ညေ့သည်ကို လိုက်ပို့ရင်း နှုတ်ဆက်စကားဆိုနေကြသည်ကို ချောကလက်မြင်လိုက်၍ မျက်နှာကိုအသိမ်



www.burmeseclassic.com

www.burmeseclassic.com



မွေ့ရာဆုံးအမူအရာဖြင့် ပြုံးပြလိုက်သည်။

"ဟော သမီးလေးတို့ လာ လာ နောက်ကျလိုက်တာကွယ် အန်တီရော သားရော မနက်ခင်းစောစောထဲက မျှော်နေကြတာကွဲ့"

ရုတ်တရက် ခရီးဦးကြိုပြုလိုက်သော ဒေါ်ရွှေရည်၏ဖော်ရွေ တွေကြောင့် မသိမသာ သိမ်ငယ်နေသောစိတ်တွေ ချက်ချင်းအားတက် သွားကာ ချောကလက်ကလည်း လောကွတ်စကားပြန်ပြောမည်အပြု

"မနက်ကတည်းက လာမလို့ အန်တီရေ ဟော်ဒီက နိုနိုလေး အိပ်ပုတ်ကြီးနေတာနဲ့ ခုမှလာဖြစ်သွားတာ"

ချောကလက်တို့နောက်မှ ထွက်ပေါ်လာသော ချိုချိုကြည်ကြည် ချွဲချွဲပျစ်ပျစ်အသံကြောင့် ချောကလက်နှင့်မေဖင် ယောင်ယမ်းပြီး လှည့် ကြည့်လိုက်ကြသည်။

ဒေါ်ရွှေရည် နှုတ်ဆက်ခရီးဦးကြိုပြုတာ ကိုယ်တွေမဟုတ်ထဲ ကိုယ့်နောက်မှ ဘယ်အချိန်ကတည်းက ကပ်ပါလာမှန်းမသိသော ချော ကလက်နှင့်ရွယ်တူ ကောင်မလေးသုံးယောက်ကို တွေ့လိုက်ရသည်။

ချောကလက် ရှက်သွားတာတော့ အမှန်ပင်။ ခြေလှမ်းတွေက ရှေ့ဆက်ရတော့မလို နောက်ပဲပြန်လှည့်ရတော့မလိုနှင့် အိမ်ရှင် ခရီးဦး ကြိုမပြုသော ဧည့်သည်လို အယောင်ယောင်အမှားမှား။

"လာ ဝင် သမီး ဩော် ဟိုကလေးမလေးနှစ်ယောက်လည်း ဝင်ကြပါ၊ သားဖိတ်ထားတာထင်တယ်"





အိမ်ထဲဝင်ခါနီးမှ လှည့်ပြောလာသော ဒေါ်ရွှေရည်ကို သိမ်ငယ် သောအပြုံးဖြင့် မဝံ့မရဲ ပြုံးပြလိုက်ပြီး

"ဟုတ်ပါတယ်ရှင့်"

လိုတာထက်ပိုပြီး ယဉ်ကျေးပြနေသော ချောကလက်ကိုကြည့် ပြီး မေဖင် အံ့သြနေသည်။ စိတ်ထဲမှလည်း ချောကလက်ကို ဘယ်လို အကွက်ဆန်းတွေ ထွင်ပြန်ပြီလဲမသိဘူးဟု တွေးလိုက်သည်။

မွေးပွဲကော်ဖောအပြည့်ခင်းထားသော ဧည့်ခန်းမကြီးထဲတွင် စားပွဲဝိုင်းလေးငါးဝိုင်းကို စနစ်တကျ ခင်းကျင်းထားသည်။

ဧည့်သည်တွေကို ဧည့်ခံနေသော မိုးဒေဝါ မြန်မာဆန်ဆန်ဝတ် ထားသော ချောကလက်ကိုမြင်ပြီး တအံ့တသြဖြစ်ပြီး ထလာသည်။

"အန်ကယ်ရော မပါဘူးလား ချောကလက်"

"ဖေဖေ မအားလို့ တို့ပဲ လာတာ"

"ဩော် ဟုတ်လား လာလေ ဒီဘက်စားပွဲမှာထိုင်"

လူရှင်းသော စားပွဲဝိုင်းတစ်ခုဆီသို့ ဦးဆောင်ခေါ်သွားသော မိုးဒေဝါနောက်သို့ ချောကလက်နှင့်မေဖင် ရှိုးတို့ရှန့်တန့်အမူအရာဖြင့် လိုက်လာခဲ့ကြသည်။

ကြက်ဆီထမင်းပွဲတွေ အဆင်သင့်ပြင်ထားပြီးသားမို့ ထိုင်စောင့် ရောမလိုသဖြင့် ကိုယ့်ရှေ့မှ ပန်းကန်ကိုယူပြီး မေဖင့်ကိုပါ စားဖို့ မျက်စိ လှမ်းပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စားကြပါ အားမနာပါနဲ့ ကျွန်တော်က အန်ကယ်ပါမယ် ထင်တာ"

မိုးဒေဝါကလည်း စကားကို ဖော်ရွေပျူငှာစွာ လာပြောပေးရှာသည်။

ချောကလက် ဖွန်းနှင့်ခက်ရင်းကို ကိုင်ရင်းမှ မိုးဒေဝါကိုပြုံးကြည့်ပြီး စကားပြောမည်အပြု

"သားရေ ဒီဘက်ဝိုင်းကို ခဏလာပါဦးကွယ်"

"ဟုတ်ကဲ့ မေမေ ကဲ စားကြနော် ကျွန်တော် ဟိုဘက်ဝိုင်း ခဏသွားလိုက်ဦးမယ်"

"ဟုတ်ကဲ့"

မိုးဒေဝါ အားတုံ့အားနာဟန်ဖြင့် စားပွဲဝိုင်းမှ ထသွားသည်။ ချောကလက် သတိထားလိုက်မိသည်က ဒေါ်ရွှေရည်၏အထင်သေးသော အကြည့်နှင့် မိုးဒေဝါနှင့်ချောကလက်ကို အတူတူမရှိစေချင်သည့် အရိပ်တွေကိုပင် ဖြစ်သည်။

"သားရယ် ကိုယ့်ညီမတွေကို လာဧည့်မခံဘဲနဲ့ ဘာတွေလုပ်နေတာလဲ"

"ကိုကိုက ဒီအိမ်ပြောင်းလာမှ အရမ်းကို လူကြီးဆန်သွားသလိုပဲနော်"

"ဒီလိုပါပဲ ကြည်ဖြူရဲ့ စိတ်ထင်လို့ပါ"





"စိတ်ထင်တာမဟုတ်ဘူး ကြည်ဖြူ့အမြင်ကိုပြောတာ ဟုတ်တယ်နော် နှိုးနှိုး"

"ဟုတ်တယ် ဘွားဘွားတို့အိမ်မှာနေတုန်းက ကလေးဆန်ပြီးခုတော့ လူကြီးဆန်သွားတယ်၊ ကောင်မလေးတွေကိုလည်း ရှိတ်တတ်နေပြီ နှိုးနှိုးတို့ သိတာပေါ့ ဟွန်း"

ကြည်ဖြူနှင့်နှိုးနှိုးစကားကြောင့် မိုးဒေဝါ ရှက်ကျဲကျဲဖြင့် ရယ်လိုက်ပြီး

"လူကြီးဆန်သွားတယ်ဆိုတာက ဒီမှာက ကိုယ်ရယ် မေမေရယ်ပဲရှိတာလေ ကိုယ်လူကြီးဆန်ဆန်နဲ့ စီးပွားရှာမှရတော့မှာမို့ လူကြီးဆန်လိုက်ရတာမှန်ပေမယ့် ကောင်မလေးတွေကို ရှိတ်တတ်သွားတာကတော့ မဟုတ်ပါဘူးကွာ"

ရှည်ရှည်ဝေးဝေး ရှင်းပြနေသော မိုးဒေဝါ၏စကားသံတွေကို ချောကလက် အတိုင်းသား ကြားနေရသည်။

"အန်တီလည်း သမီးတို့အစ်ကိုကို မျက်လုံးဒေါက်ထောက်ပြီး ကြည့်နေရတာယ်ကွယ်၊ ဒီမှာက လက်လုပ်လက်စား လူတန်းစားများတယ်လေ၊ အခြေအမြစ်မရှိတဲ့ မိန်းကလေးမျိုးနဲ့အကြောင်းပါသွားရင် အန်တီ ခေါင်ကျိုးရမှာကွဲ့"

ဒေါ်ရွှေရည်၏စကားက ချောကလက်ကို ရည်ရွယ်ပြီးပြောသလို ခံစားလိုက်ရ၍ စားနေသော ထမင်းပင် မျိုမချချင်ရလောက်အောင်ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ ခံပြင်းသွားမိသည်။

"ကိုမိုးရေ ကြက်ဆီထမင်းက အရမ်းကောင်းတယ်နော် အိမ်မှာချက်တာလားဟင်"

ဒေါ်ရွှေရည်၏ရှည်ရှည်ဝေးဝေး စကားလုံးတွေထဲသို့ ချောကလက်၏အသံတို့ ထိုးဖောက်ပစ်လိုက်သည်။ အားလုံး၏အကြည့်တွေက ချောကလက်ဆီသို့လှည့်လာကြသည်။

"မဟုတ်ဘူး ချောကလက်ရဲ့ ဆိုင်ကအော်ဒါမှာတာ"

"ဟုတ်တယ်ကွဲ့ ဘာလဲ ကလေးမ ခံတွင်းတွေ့သွားပြီထင်တယ် အဲဒီဆိုင်က နာမည်ကြီးပဲလေ မနက်မနက်ဆို ကားတွေနဲ့ လာစားကြတာ လူကုံထန်တွေများပြည့်လို့ တော်ရုံလူတန်းစားမစားနိုင်ဘူး"

မလိုအပ်ဘဲ ဖောင်းပွနေသော ဒေါ်ရွှေရည်စကားကြောင့် မိုးဒေဝါ မိခင်ဖြစ်သူကို တအံ့တသြကြည့်လိုက်သည်။

မေမေ ဘာတွေပြောနေတာလဲဟူသော အဓိပ္ပာယ်မျိုး ဖြစ်သည်။

"ဪ ဟုတ်လား ဒါကြောင့် ချောကလက်တို့လိုအောက်ခြေလူတန်းစားတွေရဲ့လျှာပေါ်ရောက်တော့ နတ်သုဒ္ဓါလိုမျိုး အရသာထူးသွားတာကိုး"

ချောကလက်ကလည်း ခေသူမဟုတ်ပါ။ ဒေါ်ရွှေရည်ကို ပြန်၍ စကားနာထိုးသည်။





"အေးကွယ် နောက်ဆို ကလေးမတို့လို အရသာခံတတ်တဲ့ လူမျိုးတွေအတွက် အန်တီ ရပ်ကွက်ထဲမှာ စတုဒိသာကျွေးပါဦးမယ် ခုတောင် မဝသေးရင် အိမ့်ကို ထုပ်ပေးလိုက်မယ်"

"ကဲ ကိုမိုးရေ အန်တီရဲ့သဒ္ဒါတရားကတော့ အရမ်းကိုပိုလျှံနေပြီ တို့ကို အိမ်အပြန်ပါဆယ်ထုပ်လေးသာ ထုပ်ပေးလိုက်ပေတော့"

ရွှဲပြီးပြောလိုက်ခြင်း ဖြစ်သည်။ မေဖင်က မျက်နှာရှုံ့မဲ့ပြီး နင် ဘာတွေလျှောက်ပြောနေတာလဲဟု ခပ်တိုးတိုး သတိပေး၏။

"ချောကလက် နင် မရှက်ဘူးလား ဘာလို့ ပါဆယ်ထုပ်ခိုင်းနေရတာလဲ"

"နေစမ်းပါဟာ ငါ့ကို ဘလိုင်းကြီးလာဖွဲ့နေတာ နင်မကြားဘူးလား။ ဒါကြောင့် ငါကလည်း ပြန်ရွဲ့နေတာ"

သူငယ်ချင်းနှစ်ယောက် ခပ်တိုးတိုးပြောနေကြစဉ် ဒေါ်ရွှေရည် ညှော်ခံနေသောဝိုင်းမှ ရယ်သံအချို့ ထွက်ပေါ်လာပြန်သည်။

မိုးဒေဝါ အတွင်းခန်းထဲမှ ထွက်လာသော ကောင်လေး တစ်ယောက်ကိုခေါ်ပြီး ကြက်ဆီထမင်း ပါဆယ်ထုပ်ပေးဖို့ ပြောနေပုံရသည်။ ကောင်လေးက ချောကလက်တို့ထိုင်နေသော ဝိုင်းကိုလှမ်းကြည့်ကာ ခေါင်းတညိတ်ညိတ်လုပ်ရင်း ပြန်ဝင်သွားသည်။

အမျိုးသမီးကြီးတစ်ယောက်က အချိုပွဲတွေ လာချပေးသည်မို့ ချောကလက်နှင့်မေဖင် ညှော်ခံမည့်အလျှုရှင်မရှိပါဘဲနှင့် ကြောင်တောင်



www.burmeseclassic.com

www.burmeseclassic.com



တောင်ဖြင့် ထိုင်ပြီးစားခဲ့ကြသည်။

သိပ်မကြာလိုက် ကောင်လေးထွက်လာပြီး ဖော့ဘူးဖြင့်ထည့်ထားသော ကြက်ဆီထမင်းနှစ်ဘူးကို ယူလာပေးသည်။

"အစ်မရော့"

"ဩော် ကျေးဇူးနော်"

မိုးဒေဝီ အနားရောက်လာပြီး

"အန်ကယ့်အတွက် ထည့်ပေးလိုက်တယ်နော် ချောကလက် အန်ကယ့်ကို ကျွေးဖြစ်အောင် ကျွေးလိုက်ပါ"

"စိတ်ချပါ ကိုမိုးရဲ့ ချောကလက်က အလျှုသွားရင် အဲလို အမြဲတောင်းနေကျလေ ပြီးရင် အဖေ့ကိုကျွေးတာ အဟင်း အောက်ခြေလူတန်းစားတွေရဲ့အကျင့်ပေါ့"

မိုးဒေဝီ မျက်နှာပျက်ပြီး အားတုံ့အားနာဟန်ဖြင့် ရယ်ကာ

"မဟုတ်တာဗျာ ချောကလက်တို့က အောက်ခြေလူတန်းစား မဟုတ်ပါဘူး"

"ကဲပါလေ စားလို့လည်းသွားပြီ တောင်းလို့လည်းပြီးသွားပြီ မို့ တို့တွေပြန်တော့မယ်၊ ဩော် အန်တီရေ ပြန်ခွင့်ပြုပါဦးရှင်"

"ကောင်းပါပြီ"

ဒေါ်ရွှေရည် ဝတ္တရားဆန်ဆန် ခေါင်းညိတ်နှုတ်ဆက်သည်။ မိုးဒေဝီ ချောကလက်တို့ကို အိမ်ပေါက်ဝအထိ လိုက်ပို့ပေးသည်ကို ဒေါ်





ရွှေရည် မျက်လုံးခလုတ်တိုက်မတတ် လိုက်ကြည့်သည်။

"သားအတွက် သဝန်တိုနေသော မိခင်မျိုး ချောကလက် ခုမှပင် မြင်ဖူးတော့သည်။

အင်းလေ ဒါဟာလည်း ချောကလက် မရှုဖူးတဲ့ မိခင်မေတ္တာပဲ နေမှာပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"သားက သအောကောင်းသလောက် အမေက မာနတော်တော်ကြီးမယ်ပုံပဲနော် ချောကလက်"

အလှူကအပြန်တွင် မေဇင့်ထံမှ စတင်ဝေဖန်သံ ကြားရပါတော့သည်။

"နင်မြင်တဲ့အတိုင်းပဲလေ ဟွန်း သူက သူ့သားကို ငါနဲ့ငြိမှာကြောက်လေ ငါက ငြိအောင်ကို ဖန်ပြမယ်၊ နင်စောင့်ကြည့်နေ မေဇင်"

"ငါတော့ မထင်ဘူး မိုးဒေဝီ မျက်လုံးအကြည့်တွေက အရမ်းရိုးသားတယ်၊ နင့်ကိုစိတ်ဝင်စားတဲ့အရိပ် နည်းနည်းလေးတောင်မတွေ့ရဘူး"

မေဇင်တင်မဟုတ် ချောကလက်လည်း သိပါသည်။ မိုးဒေဝီ အကြည့်တွေက ရိုးသားသည်။ တကယ်တမ်း မရိုးသားနေတာက ချော





ကလက်ကိုယ်တိုင်ပင် ဖြစ်သည်။

"ဒါပေမဲ့ ငါ သူ့ကို ဟော့ဒီရင်ဘတ်ထဲကနေ စိမ့်နေအောင် ချစ်မိသွားပြီ"

"ချစ်ပေါ့ တစ်ဖက်သတ်ချစ်တာ ဥပဒေနဲ့မငြိစွန်းဘူး ချစ်သာ ချစ်ပစ်လိုက်"

"တစ်ဖက်သတ်ချစ်မှာ မဟုတ်ဘူး၊ သူ ငါ့ကိုချစ်လာအောင် ... နေ်တီးပြမယ်"

မေဇင် တခွိခွိဖြင့်ရယ်သည်၊ ချောကလက် လမ်းလျှောက်နေရင်း ... တခွိခွိရယ်နေသော မေဇင်ကို မျက်စောင်းဝေ့ကြည့်ပြီး

"ဟဲ့ ဘာရယ်တာလဲ ငါ အတည်ပြောတာနော်"

"အတည်ပြောမှန်း ငါသိပါတယ် ဒါပေမဲ့ နင့်စရိုက်နဲ့ သူ့စရိုက် ... လုံးဝဆန့်ကျင်ဘက်နော်"

"အဲဒါလည်း နင်ပြောမှမဟုတ်ဘူး ငါကိုယ်တိုင်လည်းသိတယ်၊ ... ကိုချစ်မိမှတော့ ငါ့နေထိုင်မှုစရိုက်လည်း တဖြည်းဖြည်း ပြင်ရတော့မှာ ...

မေဇင် မဲ့လိုက်သည်။ ပေါ့ပျက်ပျက်နေတတ်သော ချောကလက် ... သူ့နေထိုင်မှုစရိုက်ကိုပြင်မည်ဆိုတော့ ယုံရခက်ခက်။

ဘယ်လောက်ကြီးပဲ နေထိုင်မှုစရိုက်ကိုပြင်ပြင် ဗီဇဆိုတာ ... ကျွက်ရခက်တာ လူ့သဘာဝပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဒါနဲ့ မနက်ဖြန်ည ကလပ်သွားမယ့်ကိစ္စရော နှ
ဖျက်လိုက်ပြီလား"

"မဖျက်ပါဘူး"

"ဒါနဲ့ နင့်အကျင့်ကိုပြင်မယ်ဆို"

"ဩော် ဒါက ချက်ချင်းပြင်မယ်မပြောပါဘူး ဖြည်းဖြည်းချ
ပြင်မယ်လို့ ပြောတာပါ"

မေဖင် တဟားဟားဖြင့် အော်ရယ်တော့သည်။ မေဖင်ရယ
တော့ ချောကလက်ပါ လိုက်ရယ်လိုက်သည်။

■ ■ ■

"အဖေ အိပ်တော့မှာလား၊ သမီး အိပ်ရာခင်းလိုက်တော့မ
နော်"

ထမင်းစားပြီးခါစ အစာပင်မကြေညက်သေး အိပ်ရာဝင်
အရင်ပြောနေသော ချောကလက်ကို ဦးသုခ သံသယမျက်လုံးဖြင့် ကြ
လိုက်ပြီး

"ဘယ်လိုဖြစ်လို့ အိပ်ရာခင်းမယ်ချည်းပဲ လုပ်နေတာလဲ မီး
ဘာလဲ ငါဒီညစောစောအိပ်ပြီဆိုတာနဲ့ ညည်းက အိမ်ကနီးထွက်ပြ
ပေါက်လွှတ်ပဲစားသူငယ်ချင်းတွေနဲ့ ကလပ်သွားတာက်မလို့မဟုတ်လား"

ကြိုသိနေသော အဖေ့စကားကြောင့် ချောကလက် နောက်ဆု
သွားသည်။





"ဟာ အဖေကလည်း သမီးအရင်လို ကလပ်ကို ခိုးမသွား
တော့ပါဘူး စိတ်ချပါ"

"အေးပါ ငါကလည်း ညည်းကိုအရင်လို မတားတော့ပါဘူး။
ညည်းမှာ ဒီလိုအကျင့်စရိုက်ပျောက်သွားမယ့်နည်းလမ်းကို ငါရှာထားပြီး
ဒီညမှမဟုတ်ဘူး နောက်ညတွေမှာလည်း အိမ်ကခိုးထွက်ပြီး ကလပ်
သွားနိုင်တယ်၊ အေး အဲလိုသွားပြီးရင်တော့ ညည်းတစ်ဘဝစာလုံး
အတွက် ညည်းကို စောခိုင်ထွန်းနဲ့ပေးစားဖို့ ငါဆုံးဖြတ်လိုက်ပြီ"

အဖေ့စကားက ချောကလက် ခေါင်းကို မိုးကြိုးထိမှန်သွားသလို
စိတ်စိတ်အမွှာမွှာ ကွဲထွက်သွားမလားပင်။

"ဟာ အဖေကလည်း စောခိုင်ထွန်းက ရုပ်ကွက်ထဲက လူမိုက်
ခေါင်းဆောင်လေ ထောင်ကျတာ ဘယ်နှခါရှိပြီလဲ အဲလိုလူစားမျိုးကို
သမီးနဲ့များ ပေးစားဦးမယ်တဲ့ အံ့ပါ"

"အဲဒါ အံ့ဩစရာမဟုတ်ဘူး ညည်းလို ကလေကချေစိတ်ဓာတ်
မိန်းကလေးသာ အဲလိုကောင်စားမျိုးလက်ထဲ တစ်ဘဝစာ ပုံအပ်
လိုက်ကတော့ ပွဲသိမ်းမီးသေပဲ၊ အဲဒါမှ ညည်းရဲ့ဉာဉ်ဆိုးလည်းပျောက်
အဲကောင်က သူများကိုသာ မိုက်တာ ငါ့ကိုတော့ ညည်းမျက်နှာ
ကြောင့် မမိုက်ရဲဘူး၊ ဘယ်နေရာတွေ့တွေ့ ဒူးထောက်ရှိခိုးမတတ်ပဲ၊
သသဘောတူလို့ကတော့ သူ့မိဘတွေဆီမှာရှိတဲ့ စည်းစိမ်မှန်သမျှ
ညည်းကိုပုံအောပြီး လာတောင်းမှာ ငါ သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



တကယ်ကြီး ပြောနေသော အဖေ့ကိုကြည့်ပြီး ချောကလက် လန့်သွားတာတော့ အမှန်ပင်။ စောခိုင်ထွန်းဆိုတာ အချိန်ပြည့်မူးရူး ပြီး အမြဲတမ်း ညစ်ပတ်စုတ်ပွဲနေသော လူမိုက်ရုပ်ကလည်း ဗီလိန်ရုပ် ဒီလိုလူမျိုးကိုသာ လင်တော်ရလျှင် ချောကလက်ရဲ့အသက်တစ်လယ် ခံပါတော့မလားမသိ။

"ဟဲ့ သွားလေ"

"ဘယ်ကိုသွားရမှာလဲ အဖေရဲ့"

"ညည်းရဲ့အပေါင်းအသင်းတွေနဲ့ ငါအိပ်ပျော်သွားရင် ကယ် သွားဖို့ ချိန်းထားကြတယ်မို့လား၊ ငါမအိပ်လည်း သွားခွင့်ပြုတယ် သွား သွား"

တကယ်ပြောရင် တကယ်လုပ်တတ်သော အဖေ့ကိုကြေ ချောကလက် ကြောက်သည်။

"မ မသွားပါဘူး အဖေရာ၊ အဖေပေးစားတဲ့လူညစ်စုတ်ကြ ကိုလည်း သေတောင်မယူဘူး"

"မယူလို့မရဘူး ညည်းမယူရင် ငါကိုယ်တိုင် ဖျော်ရည်ထဲ အိပ်ဆေးခတ်ပြီး ပေးစားမှာရှင်းလား"

ချောကလက် မျက်နှာငိုမဲ့မဲ့ဖြစ်လာသည်။

"အဖေနော် ကိုယ့်သမီးကို အဲလိုလူမျိုးလက်ထဲ ထည့်ရလော အောင် မမိုက်မဲစမ်းပါနဲ့၊ တစ်သက်လုံး နောင်တရသွားမယ်"





"အောင်မာ ညည်းကပဲ ဖအေကို ပြန်ပြောရသေးတယ်၊ နောင်တရမှာက ငါမဟုတ်ဘူး ငါက ညည်းကို ထိန်းရတာ လက်ပန်းကျ ဘာလို့ စောခိုင်ထွန်းလက်ထဲ ထည့်ပေးလိုက်မှာ ဒါဆိုရင် ငါ့တစ်ဘဝစာ ငြိမ်းချမ်းသွားပြီ စောခိုင်ထွန်းက ငါ့ကိုယ်စား ညည်းလို ဂျစ်ပစီမကို ဆက်ပြီးထိန်းကျောင်းပေးလိမ့်မယ် အဲဒါ ငါ့ဆန္ဒပဲ ဒါမှ ညည်းခြေငြိမ်မှာ ကိုး"

"အဖေရယ် သမီး ဘာကလပ်မှ မသွားပါဘူး၊ စိတ်ချပါ၊ သို့ရင် သမီးကို အဖေကိုယ်တိုင် ကြိုးတုပ်ထားလိုက်"

"အေးပါ မသွားရင်တော့ ကိစ္စမရှိဘူး သွားရင်တော့ မနက်ဖြန် စောခိုင်ထွန်းကို မိုးလင်းတာနဲ့လူကြီးစုံရာခေါ်ပြီး ကန်တော့ပွဲရှက်ခဲ့တော့ ို့ ပြောလိုက်ရုံပဲ"

မျက်စိမျက်နှာပျက်နေသော ချောကလက်ကိုကြည့်ပြီး ဦးသုခ င်သေသေနှင့် ဆက်ပြောနေ၏။ ချောကလက် အဟုတ်ကြီးထင်ကာ ည ကလပ်သွားဖို့ကိစ္စကို ဖျက်ဖို့ ဆုံးဖြတ်လိုက်သည်။

"စိတ်ချ အဖေ အဖေကိုယ်တိုင်က ရိုက်နှက်ပြီး ကလပ်ကို သွားပါလို့ပြောလာပြီး အတင်းလိုက်ပို့ရင်တောင် သမီးလုံးဝမသွားတော့ ဘူး အဖေလည်း အိပ်ချင်အိပ် မအိပ်ချင်နေ သမီးကတော့ အိပ်တော့ မယ်"

ချောကလက် လှစ်ခနဲ ထွက်ခဲ့လိုက်သည်။ အခန်းထဲရောက်



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ဒီညာ ကလပ်ကိုမလိုက်ဖြစ်တော့ကြောင်း မက်ဆေ့ချ်ပို့လိုက်သည်။

ပြီးနောက် အိပ်ချင်စိတ်မရှိသေးသော မျက်လုံးတွေကို ဖွတ်အတင်းမှိတ်ပစ်လိုက်သည်။ အိမ်ရှေ့ဘုရားခန်းထဲတွင် အဖေ့ဘုရားရှိခိုး သံသဲ့သဲ့ ထွက်ပေါ်လာသည်။

ချောကလက် အိပ်ပျော်အောင် ကြိုးစားလိုက်သည်။

■ ■ ■

"ဟော့ ချောကလက်"

ဒီတစ်ခါတော့ ချောကလက်က ခေါ်စရာမလိုဘဲ မိုးဒေဝါက စပြီး လှမ်းခေါ်သဖြင့် မမြင်သလိုဟန်ဖြင့် ပဲပေးပြီး လျှောက်နေသော ချောကလက် ခွေ့ခနဲ ထခုန်ချင်လောက်အောင် ဝမ်းသာသွားသည်။

"ဩော် ကိုမိုးပါလား ဘယ်လဲ"

"ဆိုင်ခန်းသွားကြည့်မလို့ ချောကလက်ကရော ဘယ်သွားမလို့လဲ လာလေ လမ်းကြုံတယ်ဆိုရင် လိုက်ပို့မယ်"

"တို့က မြေနီကုန်းသွားမလို့"

"ကိုယ်လည်း အဲဒီကို သွားမလို့ပဲ"

ကံကြမ္မာက ဆုံစေချင်၍ထင်သည့် ကြုံဖန်ကို ဆုံခွင့်ပေးသည်။

"ဒါဆိုရင်တော့ လိုင်းကားတိုးမစီးရတော့ဘူးပေါ့"

ချောကလက် ကားတံခါးဖွင့်ပြီး မိုးဒေဝါ ဘေးမှာ ဝင်ထိုင်လိုက်





သည်။

"အန်တီရော မပါဘူးလား"

"မေမေက အပြင်သိပ်မထွက်ဘူး ဟိုနေ့က မေမေ့ကြောင့် စိတ်အနှောင့်အယှက်ဖြစ်သွားရင် ဆောရီးနော်"

"မဖြစ်ပါဘူး ချောကလက်တို့က ဒီလောက်လေးနဲ့ လုံးဝ မဖြစ်တတ်ဘူး ကိုမိုးရဲ့"

"တော်ပါသေးရဲ့ ကိုယ်က အားနာနေတာ"

"အားမနာပါနဲ့ စိတ်ထဲမှာ ဘယ်လိုမှ မခံစားရပါဘူး"

"ဩော် ဒါနဲ့ အကူအညီတစ်ခု တောင်းစရာရှိလို့"

"ဘာလဲ"

"အိမ်က ဒေါ်ဆင့်က သူ့သားအသည်းအသန်ဖြစ်လို့ ရွာကို သွားပြန်ရမယ်လေ အဲဒါ အချိန်ပိုင်း အိမ်အကူအလုပ်လုပ်မယ့်သူလေး များ ရှာပေးနိုင်မလားလို့၊ အိမ်မှုကိစ္စက ထွေထွေထူးထူးမရှိပေမယ့် အမေ့ကိုလုပ်ခိုင်းလို့လည်းမဖြစ်ပြန်ဘူးလေ"

"အင်း စုံစမ်းပေးမယ်လေ တွေ့ရင် ဖုန်းဆက်ပေးမယ် တို့ကို ဖုန်းနံပါတ်ပေး"

"အိုကေ အားကိုးပါတယ် ဒေါ်ချောကလက်ရယ်"

ရင်းနှီးမှုတွေ ပို၍ ပို၍ တိုးလာသောကြောင့် ချောကလက် စိတ်ထဲမှာ ကြိတ်ပြီး ကြည်နူးနေမိသည်။ မိုးဒေဝါအနားမှာ ခုလိုအကြာတမ်း

www.burmeseclassic.com



ရှိနေချင်သည့် ရင်ထဲကဆန္ဒကို လောကကြီးသိအောင် အော်ဟစ်တိုင်တည် ပစ်လိုက်ချင်ပါတယ်။

ကျွန်မဘဝမှာ သူ့ကိုသာ ပထမဦးဆုံး သေလောက်အောင် ချစ်မိသွားတာပါလို့။

■ ■ ■



## အခန်း (၉)

"အိမ်ရှင်တို့ အိမ်ရှင်တို့ရှိပါသလား"

ခြံတံခါးရှိ လူခေါ်ဘဲလ်ကိုနှိပ်ပြီး နှုတ်မှလည်း တကြော်ကြော် ခေါ်နေသောအသံကြောင့် မိုးဒေဝါ သစ်ခွပင်တွေ ရေလောင်းနေရာမှ ခြံဝကို မျှော်ကြည့်လိုက်သည်။

အမျိုးသမီးတစ်ယောက် ခြံဝတွင်ရပ်နေသည်။ ရေပိုက်ကိုချကာ ခပ်သွက်သွက်လျှောက်ခဲ့လိုက်သည်။

"ဘာကိစ္စလဲ အစ်မ"

"အစ်မကို ချောကလက်လွှတ်လိုက်တာပါကွယ် အချိန်ပိုင်းအိမ် အကူလုပ်ရအောင်လို့ပါ"

"ဪ ဟုတ်ကဲ့ပါခင်ဗျာ ဝင်ပါ ဝင်ပါ"

ဒီလိုကျတော့ ချောကလက်က ကူညီရှာသားပဲဟု စိတ်ထဲမှ

www.burmeseclassic.com



ကျေးဇူးတင်ရင်း ခြံတံခါးကိုဖွင့်ပေးလိုက်သည်။

"ဝင်ပါ အိမ်ထဲမှ မေမေနဲ့အလုပ်စကားပြောကြတာပေါ့"

"သားရေ ဘယ်သူလဲကွယ်"

ဒေါ်ရွှေရည် တိုက်ထဲမှ ထွက်လာပြီး မေးသည်။

"အိမ်အကူလုပ်မယ့်သူပါ မေမေ"

"သူ့ကိုဘယ်သူ လွှတ်လိုက်တာလဲ"

"ချောကလက် လွှတ်လိုက်တာပါရှင်"

"ချောကလက်နဲ့ ဘာတော်လဲ"

ဒေါ်ရွှေရည် ခြေဆုံးခေါင်းဆုံး အကဲခတ်သည်။ ဝတ်ပုံစားပုံက တောဆန်လွန်းပြီး ခေါင်းမှဆံပင်ကို ဘီးဆံပတ်ပတ်ထားသော မိန်းကလေးက ချောကလက်နှင့်ပတ်သက်နေပြန်ပြီတဲ့လား။ ဒီမိန်းကလေး နာမည်ကြားရုံနဲ့တင် စိတ်ထဲမှာ လက်ခံချင်စိတ်မပေါ်တော့။

"ချောကလက်ရဲ့အစ်မဝမ်းကွဲပါရှင့် နယ်ကတက်လာပြီး အလုပ်မရှိတာနဲ့ ချောကလက်က အိမ်အကူလုပ်ဖို့ရှိတယ်ပြောတာနဲ့ လာခဲ့တာပါရှင့်၊ ကြေးမုံကို ကြိုက်သလောက်ခိုင်းပါ ကြီးကြီးစိတ်တိုင်းကျတဲ့အထိ ကြေးမုံ လုပ်ပေးပါမယ်ရှင့်"

မျက်နှာမှာ သနပ်ခါးထူလပျစ်လိမ်းထားရုံတင်မဟုတ် အပေါ်သွားကပါ အရှေ့ကို ခေါ်ထွက်နေသော ကြေးမုံဆိုသည့်မိန်းကလေး၏ မျက်နှာပေါ်တွင် အလုပ်မရမှာစိုးရိမ်နေသည့် အရိပ်တွေတွေ့နေရသည်ကို





မိုးဒေဝါ သတိထားမိသည်။ ထို့ကြောင့် တွေဝေနေသော မေမေ့ကို တွန်းအားပေးသည့်အနေဖြင့်

"ကဲပါ မေမေရယ် လောလောဆယ် လူမှမရှိတာပဲ အစမ်းခေါ်သုံးကြည့်ပါဦး၊ မေမေ့စိတ်တိုင်းမကျတော့မှ တစ်မျိုးစဉ်းစားကြတာပေါ့"

ရုပ်ဆိုးဆိုးမိန်းကလေးမို့ သားနှင့်စိတ်မချစရာ အကြောင်းမရှိသည်ကတစ်ကြောင်း၊ လူငယ်ဆိုတော့ ပေါ့ပေါ့ပါးပါးနှင့် အားမနာရတမ်း ခိုင်းလို့ရသည်ကတစ်ဖုံမို့ ဒေါ်ရွှေရည် ဒီထက်ပိုပြီး စဉ်းစားမနေတော့ဘဲ

"အေးလေ သားပြောသလိုပဲ စမ်းပြီးလုပ်ကြည့်ပေါ့ တစ်နေ့ကို ငါးထောင်ပေးမယ် မနက်ခုနစ်နာရီ အရောက်လာပေးပြီး ညနေခြောက်နာရီမှပြန်ရမယ်"

"ဟုတ်ကဲ့ပါရှင့် အလုပ်တွေမပြီးမချင်း မပြန်ပါဘူးရှင့်"

"ကောင်းပြီလေ ဒါဆိုရင်တော့ ဒီနေ့ပဲ အလုပ်စဝင်ပါ"

"ဟုတ်ကဲ့ရှင့် ကျေးဇူးတင်ပါတယ် ကြီးကြီး"

ဝမ်းသာအားရဖြစ်သွားသော ကြေးမုံကိုကြည့်ပြီး မိုးဒေဝါ ပြုံးလိုက်သည်။ ရုပ်ကလေးဆိုးပေမယ့် ယဉ်ကျေးမှုတော့ရှိသားဟု စိတ်ထဲက ဖုံးမှမ်းလိုက်ပြီး သစ်ခွတွေ ရေဆက်လောင်းရန် ပြန်လျှောက်လာခဲ့လိုက်သည်။

မေမေကတော့ မကြေးမုံကို အိမ်ထဲခေါ်သွားသည်။

အိမ်ပေါ်ကိုတက်လာသော မိန်းမတစ်ယောက်ကြောင့် မေဖင်



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းထိုင်ပွတ်နေရင်းမှ မော့ကြည့်လိုက်ပြီး

"ဘယ်သူနဲ့တွေ့ချင်လို့လဲ အစ်မ"

မပြောမဆိုဖြင့် အိမ်ပေါ်ကို တက်လာခြင်းကို မေဖင် မကျေနပ်။

"ဟဲ့ မေဖင် ငါလေ ငါ့ကိုမမှတ်မိတော့ဘူးလား"

သွားခေါ်ခေါ် မိန်းမတစ်ယောက်က တရင်းတနှီးပြောနေ၍ မေဖင် ကြောင်သွားသည်။ ဒါဟာ သွေးရိုးသားရိုးတော့ မဟုတ်၊ အိမ်ပေါ် တက်ပြီးလိမ်မည့် လူလိမ်ပဲဖြစ်ရမည်ဟု တွေးပြီး အိမ်နောက်ဖေးတွင် ပန်းကန်ဆေးနေသော အမေ့ကို အော်ခေါ်ရန် ဟန်ပြင်လိုက်သည်။

"မေဖင် နင်ဘာဖြစ်နေတာလဲ ငါ ချောကလက်ပါဟ၊ တကတည်း သူ့အိမ်ပေါ်အနူကြမ်းဝင်စီးမယ့်သူလို့များ ထင်နေလားမသိပါဘူး"

"ဟင် ချောကလက် ဟုတ်လား၊ မဖြစ်နိုင်တာ အစ်မရယ်"

"သြော် တကယ်ပါဆို ဒီမှာကြည့်"

ရှေ့သို့ငေါ်ထွက်နေသော သွားအတုကြီးကို ဖြုတ်လိုက်ပြီး မျက်နှာကို မေဖင်ရှေ့သို့ တိုး၍ပြသည်။

မေဖင် တအံ့တသြဖြစ်သွားသည်။

"ဟော့တော် ဒါ ဒါက ဘယ်လိုဖြစ်လာတာလဲ၊ ချောကလက်ရယ် နင် ဘာအကွက်တွေရှေ့နေပြန်ပြီလဲ၊ ကြည့်ပါဦး ရင်က လမ်းဘေးက ဂျပိုးသူခိုးရုပ်ကို ပေါက်သွားတာပဲ"

"အဟီး ပီပြင်တယ်မဟုတ်လား"





"အေး"

"ဒါဆို ငါ မင်းသမီးလုပ်စားလို့ရပြီဟ"

ခေါင်းမှဆံပင်အတုကို ဖြည်ချပြီး မေဖင့်ကို ဖြစ်ကြောင်းကုန်စင် ရှင်းပြလိုက်သည်။

"ဟယ် နင့်အဖြစ်က ရုပ်ရှင်ဆန်လိုက်တာဟယ်၊ နင့်ကို မိုးဒေဝါရော သူ့အမေကြီးရော လုံးဝမမှတ်မိဘူးပေါ့"

"ဟင် နင်ရော ငါ့ကိုမှတ်မိလို့လား"

"ဟင့်အင်း မမှတ်မိဘူး၊ လူလိမ်မ ထင်လို့ နည်းနည်းသွေးပျက်သွားတာ"

"အေးလေ နင်တောင်မမှတ်မိတာ သူတို့ဆိုရင် ပိုတောင်မမှတ်မိသေးတယ်"

"နင့်ကိုတော့ ငါ လုံးဝနားမလည်နိုင်တော့ဘူးဟာ၊ ယောက်ျားတစ်ယောက်ကိုချစ်မိတာနဲ့ ကိုယ့်ကိုယ်ကိုယ် အိမ်ဖော်ဘဝရောက်အောင် လုပ်လိုက်ရတယ်လို့ နင့်အဖေသိရင် ဘယ်လိုလုပ်မလဲ"

"ငါ့အဖေ ဘယ်သိမလဲ မသိအောင် ငါက တခြားအလုပ်လုပ်နေတယ်လို့ လွှဲပြောလိုက်မှာပေါ့"

"နင့်လို လက်ကြောမတင်းတဲ့မိန်းမက အိမ်အလုပ်တွေကို လုပ်နိုင်ပါ့မလား၊ ငါတော့ သုံးလေးရက်နဲ့ အဖြုတ်ခံရမှာ မြင်ယောင်ပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှုကိစ္စကို မိန်းမပီပီသသ လုပ်ချင်စိတ်မရှိသော ချောက လက်ဇာ်ဩဇာမ်ရည်ကို မေဖင်က ကြိုပြီးသိနေသည်မို့ အားမနာတမ်းဖေဖန် လိုက်သည်။

"အဲဒါ နင့်အမြင်လေ ဟိုမှာတော့ ဒေါ်ရွှေရည်ရော မိုးဒေဝါ ပါ သဘောကျသွားအောင် ငါ့ပညာတွေကို အစွမ်းကုန်ထုတ်သုံးလိုက်တာ ဒေါ်ရွှေရည်ကြီး ငါ့ကိုသဘောကျသွားပြီ၊ မင်းက ဘယ်ဆိုးလို့တုန်း လုပ် တာကိုင်တာ ပိရိသေသပ်သားပဲတဲ့"

"ဟယ် တကယ်"

"အေးပေါ့"

"ဒါဆိုရင် ငါ့သူငယ်ချင်း တော်တော်ပြောင်းလဲလာတော့မှာပဲ"

"ငါ့ကိုအချစ်က ပြောင်းလဲပေးလိုက်တာလေ ဟဲဟဲ ခေတ်ကြီး ကလည်း တဖြည်းဖြည်း ပြောင်းလဲလဲနေသလို ငါ့စရိုက်တွေလည်း ပြောင်း လဲရတော့မှာပေါ့၊ ဘာပဲဖြစ်ဖြစ် ငါက စွန့်စားရတာကို ပိုကြိုက်တယ်၊ ခုဆိုရင် ကိုမိုးနားမှာနေရတဲ့အမြင် ကိုမိုးရဲ့ဝေယျာဝစ္စတွေ လုပ်ပေးရတယ် ကိုမိုးအခန်းထဲကိုပါ ဝင်ပြီးမွှေပစ်လိုက်ဦးမှာ"

ပျော်ရွှင်တက်ကြွနေသော သူငယ်ချင်းကိုကြည့်ပြီး မေဖင် ရင် လေးမိသည်။

"သိပ်လည်း အတင့်မရဲနဲ့ဦးနော် မိသွားရင် နင့်ရဲ့အခွင့်အရေး တွေ တစ်သက်စာ ပြန်ရတော့မှာမဟုတ်ဘူး"





"အေးပါဟာ ငါ သတိထားပြီး လုပ်မှာပါ"

"ဒါနဲ့ နင့်အဖေကို ဘယ်လိုလုပ်မလဲ၊ နင့်အဖေပြန်လာရင် ဗိုက်ဆာတော့မှာပဲ"

"မပူပါနဲ့ဟာ ဟောဒီမှာ ပါပါတယ်ဟ"

လက်ဆွဲအိတ်လေးထဲမှ နှစ်ဆင့်ချိုင့်လေးတစ်လုံး ထုတ်ပြသည်။

"အဲဒါ ဘာတွေလဲ"

"ဟင်းတွေလေ"

"နင် ဘတ်လာတာလား"

"ဟာ ဘယ်ကလာ ဘတ်ရမှာလဲ သူတို့က သူဌေးတွေလေ၊ ဒီနေ့ပိုတဲ့ဟင်း နောက်နေ့မစားတော့ဘူးတဲ့၊ ဒါကြောင့် အဘွားကြီးက ငါ့ကိုထည့်ပေးလိုက်တာ၊ ပုစွန်ထုပ်နဲ့ ငါးဖယ်ချဉ်သုပ်"

"ဝါး မိုက်လှချည်လား ဒါဆို နင်တို့သားအဖနှစ်ယောက် ရိက္ခာ ပါ တွဲပြီးသားပေါ့"

"အေးပေါ့ဟ ချောကလက်ပါ ဒီလောက်တော့ ဖန်တီးတတ်ပါ တယ်ဟ"

ကိုယ့်လုပ်ရပ်ကိုယ်ပြန်ပြီး သဘောကျနေသော ချောကလက် စိတ်အစဉ်သည် ယခင်နေ့တွေကထက် ပို၍လန်းဆန်းတက်ကြွနေသလား ခင်။

ဘဝမှာ တစ်ခါသာ နှစ်နှစ်ကာကာ ချစ်ခဲ့မိသော ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



အတွက် ချောကလက်ရဲ့သိက္ခာတွေ အရှက်တရားတွေ မာနတွေကို ပြားပြားဝပ် ဦးညွှတ်လမ်းခင်းပေးရမယ်ဆိုရင်လည်း ချောကလက် ကျေနပ်ပါတယ်။ ဒါကြောင့် ခုလို ဉာဏ်နီဉာဏ်နက်တွေ ထုတ်သုံးပြီး ချစ်ရသူရဲ့အနားမှာ အရိပ်လိုနေရအောင် ရင်းနှီးပေးဆပ်မိတာပါ။

ရှေ့လျှောက် ဒီထက်ပိုပြီး ပေးဆပ်ဦးမှာပါ။

■ ■ ■



## အခန်း (၁၀)

"ဟာ ဟင်းတွေက ကောင်းလှချည်လား သမီးရဲ့"

တစ်ခါမှ မစိုပြေဖူးသော ထမင်းဝိုင်းသည် စိုပြေနေ၍ ဦးသုခ အံ့သြနေသည်။ ဒီနေ့ သမီး မိန်းမပီပီသသနဲ့ ချက်ပြုတ်စီမံထားတာပါ သားဟု ကျေနပ်ရပြန်သည်။

"အဖေ ဗိုက်ဆာနေပြီမို့လား။ အားရပါးရ စားနော် ရော့ ...တ်ဆေးရည်"

သိသိသာသာ ပြောင်းလဲနေသော သမီးကို မသိမသာ အကဲ ...တ်ရင်း

"ငါ့သမီး ဒီနေ့ထူးခြားနေပါလား"

"ထူးခြားဆို သမီး အလုပ်ဝင်နေပြီ ဖေဖေရဲ့"

ချိဉ်ရည်ဟင်းပန်းကန်ထဲမှ အရည်ဟင်းကို ဇွန်းဖြင့်ခပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နေရင်းမှ နားကြားများလွဲသလားဆိုသော အကြည့်ဖြင့် ပြန်ကြည့်က

"ဘယ်လို အလုပ်ဝင်နေပြီဟုတ်လား ဘယ်မှာလဲ"

"ကော်ဖီဆိုင်တစ်ခုမှာ အဖေရဲ့ အဖေ့ကို ဖွင့်တိုင်ပင်ရင် မလု ရဘူးလို့ပြောမှာစိုးလို့ မပြောသေးဘဲ အလုပ်ဝင်တဲ့နေ့မှ ပြောတာ"

"ဒါဆို ဒီနေ့ အလုပ်စဝင်ပြီပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ အဖေ၊ လစာက တစ်လ တစ်သိန်းခွဲအဖေ ဘာမှမလုပ်ရဘူး ညှိသည့်တွေ အဝင်အထွက်စာရင်းပဲ လုပ်ပေးရတာ"

"ဒါဆိုရင် ဒီထမင်းဟင်းတွေက ငါ့သမီးချက်ထားတာ မဟု ဘူးလား"

"ထမင်းကတော့ သမီး မနက်ကတည်းက ချက်ခဲ့ ဟင်းတွေကတော့ ဆိုင်မှာ သမီးစားရမယ့်ကိုယ်တာကို မစားဘဲ ညက သားအဖနှစ်ယောက် ဟင်းဖိုးသက်သာအောင်ဆိုပြီး အိမ်ကိုထည့်လာ အရည်သောက်နဲ့ ငပိတို့စရာကတော့ လမ်းထိပ် ဒေါ်ပုဆိုင်က ဝင်ဝယ် တာလေ၊ အဖေ မြိုင်မြိုင်ဆိုင်ဆိုင်လေး စားရအောင်လို့"

ဘယ်လိုပဲဖြစ်ဖြစ် အကွက်ကျအောင် စီမံဆာတ်သွားသော သ ဖြစ်သူ၏ပြောင်းလဲမှုကိုတော့ အသိအမှတ်မပြုဘဲ မနေနိုင်။

"အေးလေ အိမ်မှာ အပေါင်းအသင်းပေါင်းစုံခေါ်ပြီး တရှုံးရှုံ နဲ့အမိပ္ပာယ်မဲ့နေနေတာထက်စာရင် ခုလို အလုပ်အကိုင်လေးနဲ့ဆို ကူခြေရတာပေါ့၊ နို့မိုဆိုရင် ငါက မျက်စိနောက်ပြီး စောခိုင်တွန်းလာ





ည့်ပေးမိဦးမယ်"

"ဟာ အဖေကလည်း အဲဒီလူမိုက်အကြောင်း မပြောပါနဲ့ သမီး အိမ်ထောင်ဖက်က သူ လုံးဝမဖြစ်စေရဘူး၊ အဖေလည်း သမီးအ တွက် အိမ်ထောင်ဖက်ရှာပေးစရာမလိုဘူး၊ သမီးကလည်း တွေ့ကရာ ယောကျ်ားလေးတွေကို အိမ်ထောင်ဖက်အဖြစ် စိတ်မကစားဘူး အဖေရဲ့ သမီးနဲ့ဘယ်လိုယောကျ်ားမျိုး သင့်တော်တယ်ဆိုတာ သမီးကိုယ်တိုင် ရွေးချယ်တတ်ပါတယ်"

စကားတွေ ထူးပြီးတတ်နေသော သမီး၏ရွေးချယ်မှုက ဘာလဲ ဆိုတာကိုတော့ သိချင်မိသည်။

"ဒါဆို ညည်းရွေးချယ်မယ့်ယောကျ်ားက ဘယ်လိုအတန်း စားထဲကလဲ"

"အဟိ အဖေ မရယ်နဲ့နော်"

အဖေ့ထဲကို ပုစွန်ထုပ်အကောင်ခပ်ကြီးကြီးတစ်ကောင် ခပ်ထည့် ရင်း အရှက်ပြေရယ်လိုက်သည်၊၊ သားအဖနှစ်ယောက် လင်ကြောင်း သားကြောင်းပြောရတာ မျက်နှာတော့ပူသားဟု ဦးသုခ ထင်မိသည်။

"သမီးရွေးချယ်မယ့်ယောကျ်ားမျိုးက မိုးဒေဝါလိုယောကျ်ားမျိုး"

အကောင်းကြိုက်တတ်သူဟု ပြောရလောက်အောင် သမီးဖြစ်သူ ရွေးချယ်မှုက မှန်ကန်နေသည်။

"အဲဒီလိုယောကျ်ားမျိုးကို ပိုင်ဆိုင်ချင်ရင် ငါ့သမီးရဲ့ ကျင့်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



ဉာဉ်ဆိုးတွေကို ပြင်မှရမယ်၊ အသွင်တူမှ အိမ်သူဖြစ်တယ်ဆိုတဲ့ ဆိုရိုး စကား ကြားဖူးတယ်မို့လား၊ ဒီတော့ ကိုယ့်ဘက်က တန်ဖိုးရှိတဲ့မိန်းက လေးတစ်ယောက်ဖြစ်လာအောင် ကိုယ်ရည်သွေးထားပေတော့"

"ဟုတ်ကဲ့ အဖေ သမီး အရင်လို အပေါင်းအသင်းတွေနဲ့ ဂလေမရိုက်တော့ပါဘူး၊ အခုဆို အလုပ်နဲ့အကိုင်နဲ့ဖြစ်သွားပြီ၊ ရပ်ကွက် ထဲမှာ အဖေမသိအောင်ယူထားတဲ့အကြွေးတွေကိုလည်း ဆပ်နိုင်တော့ မယ်"

"လိမ္မာပါပြီဆိုတာကို ပါးစပ်က ပဲလျော်ဝါးသလိုတိုင်ပြော မယ့်အစား လက်တွေ့လုပ်ပြနိုင်ရင် ကိုယ့်အရည်အသွေး ကိုယ်မြှင့် ရောက်မယ်"

"ဟုတ်ကဲ့ပါ အဖေရဲ့"

"ကဲ ကဲ စား ထမင်းစားပြီးရင် အဖေ ရပ်ကွက်အစည်းအ သွားရဦးမယ်"

သားအဖနှစ်ယောက် စကားပြောခြင်းကိုရပ်ပြီး ထမင်း ကြသည်။

ဘာကြောင့်ရယ်မသိ ဦးသုခရင်ထဲမှာ လမင်းသာနေ ခံစားနေရသည်။

■ ■ ■



## အခန်း (၁၁)

"မကြေးမုံကို စိတ်တိုင်းကျရဲ့လား မေမေ"

"မဆိုးဘူး သားရဲ့ ကောင်မလေးက လုပ်တာကိုင်တာ စေတနာ တယ်၊ သန့်သန့်ရှင်းရှင်းနဲ့ သပ်ရပ်တယ်၊ လာဘ်လည်းမြင်တယ်"

ဘယ်သူ့ကိုမှ မချီးမွမ်းဖူးသော မေမေသည် မကြေးမုံကိုတော့ မွမ်းပါသည်။

"ကြီးကြီးရေ သနပ်ခါးသွေးပြီးပါပြီ ရေနွေးလည်း ခပ်ပြီးပါပြီ ချိုးဖို့ အဆင်သင့်ပါပဲ"

ခပ်လှမ်းလှမ်းမှ ခပ်ရှိန်းရှိန်းရပ်ပြီး လှမ်းပြောသော မကြေးမုံအသံ ကြားမှ သားအမိနှစ်ယောက် စကားပြတ်သွားပြီး

"ဩော် အေးပါ ကဲ သားရေ မေမေ ရေချိုးလိုက်ဦးမယ်၊ ရင် သားအမိနှစ်ယောက် ထမင်းစားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် မေမေ ရောက်ိုအကြာကြီးမချိုးနဲ့နော် အအေးပတ်မယ်"

"ကြေးမုံ ရေနွေးနဲ့စပ်ပေးထားပါတယ်"

မိုးဒေဝါကိုပါ လှမ်းပြီးဖြေရှင်းပြနေသော ကြေးမုံကို ကျေးဇူး တင်သောအပြုံးဖြင့် ခေါင်းဆတ်ပြလိုက်ပြီး

"ဒါနဲ့ ချောကလက်တစ်ယောက်ရော ဘာလုပ်နေလဲ မတွေ့တာ တော်တော်ကြာပြီ"

"ရှင်"

"ချောကလက်ကို မေးတာလေ"

မိုးဒေဝါထံမှ ချောကလက်ကို သတိတရမေးလာသဖြင့် စိတ် ထဲမှာ ကြိတ်ပျော်သွားရသူက မကြေးမုံ ဖြစ်သည်။

"ဩော် သူ သူ့အိမ်မှာရှိပါတယ်၊ သူ့အဖေက အိမ်ထဲက အိမ်ပြင်သိပ်မထွက်နိုင်းတော့ဘူးလေ၊ အိမ်မှာပဲ မိန်းမပီပီသသနဲ့ အိမ်မှု ကိစ္စတွေကို လုပ်နိုင်းနေတယ်"

"ဩော်"

"အစ်ကိုလေး သူ့ကိုပြောစရာရှိလို့လား"

"ဟုတ်ကဲ့"

ရင်ထဲမှာ ထိတ်ခနဲ ခုန်သွားရပြန်သည်။ မိုးဒေဝါက ချော လက်ကို တွေတွေထူးထူး ဘာများပြောချင်လို့ပါလိမ့်ဟူသော သိချင်စိတ် က ရင်ထဲမှာ တလှပ်လှပ်။





"ဒါဆို သူ့ကိုပြောပေးရမလား"

"နေပါစေ တွေ့မှပဲ ပြောလိုက်တော့မယ်"

ခပ်ပေါ့ပေါ့လေးသာ ပြောသွားသော မိုးဒေဝါ စကားကြောင့် မျှော်လင့်ချက်တို့ မှဲ့သွားပြန်သည်။ တကယ်တမ်း ချောကလက်ကြားချင် သောက မကြေးမုံရေ ချောကလက်မှာ ချစ်သူရှိလား သူ့အကြောင်းလေး တွေ ကျွန်တော့်ကိုပြောပြပါဗျာ၊ ဒီကောင်မလေးကို ကျွန်တော် ချစ်နေမိ လို့ပါ ဖြစ်နိုင်ရင် မကြေးမုံက ချောကလက်ကို ကျွန်တော် သူ့ကိုချစ်နေ ကြောင်း ပြောပြပေးပါလားဗျာ"ဆိုတဲ့ စကားမျိုးတွေကိုပဲ ကြားချင်ခဲ့တာ ပါ။

ခုတော့ ကိုယ့်ရင်ထဲက မျှော်လင့်ချက်စကားလုံးတွေသည် စိတ် ထဲမှာသာ လွင့်မျောရှုသွားသည်

ဒါ့အပြင် ကိုယ်လုပ်နေသည့်လုပ်ရပ်တွေသည် ကိုယ့်အတွက် အဓိပ္ပာယ်ရှိသလောက် မိုးဒေဝါအတွက်တော့ ဘာမှမဟုတ်သည့် ကလေး ကစားအကွက်တွေအဖြစ်နှင့် လှောင်ရယ်ချင်စရာသက်သက် ဖြစ်တော့ မလားဟုတွေးပြီး သိမ်ငယ်သွားမိပြန်သည်။

"မကြေးမုံ"

မိုးဒေဝါ ခေါ်သံကြားတော့မှပင် အတွေးတို့ ပျက်ပြယ်သွားကာ

"ရှင် အစ်ကိုလေး"

"ဘာတွေ တွေးနေတာလဲ ဒါမှမဟုတ် အိပ်ငိုက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငိုက်စိုက်ချထွေးနေသော မကြေးမုံကို မိုးဒေဝါ အမြင်မှာ အိပ်ငိုက်နေသည်ဟု ထင်သွားပုံရသည်။

"မ မငိုက်ပါဘူး အစ်ကိုလေးရဲ့"

"ဒါဆို ထမင်းပွဲပြင်လိုက်တော့လေ"

"ဟုတ် ပြင်ပြီးပါပြီ အစ်ကိုလေး ဟင်းရည်တစ်မျိုးပဲ စားခါနီးမှ ထည့်ဖို့ပဲကျန်တာ"

"ဩော် ဟုတ်လား ဒါဆို ခန်းဆီးလိုက်ကာတွေ လဲဖို့လုပ်ထား မလဲတာ နှစ်ပတ်ရှိသွားပြီနော်"

"ဟုတ်ကဲ့ အစ်ကိုလေး ကြေးမုံ ခုပဲလဲလိုက်ပါမယ်"

အရာရာကို ကြိုတင်၍ လာဘ်မြင်တတ်သော ကြေးမုံ၏အလိုက် သိတတ်မှုတွေသည် ယခုအချိန်ထိတော့ မိုးဒေဝါတို့သားအမိအတွက် စိတ်အနှောင့်အယှက် တစိုးတစိမှ မဖြစ်သေး။

"ဩော် အစ်ကိုလေး"

တစ်စုံတစ်ခုပြောချင်ဟန်ဖြင့် မဝံ့မရဲလှမ်းခေါ်သော မကြေး ကို လှည့်ကြည့်လိုက်ပြီး

"ဘာပြောစရာရှိလို့လဲ မကြေးမုံ"

"ဟိုလေ ဟို"

"ပြောပါ ဘာလဲ ငွေလိုလို့လား"

ကိုယ်ပြောချင်တာက တစ်မျိုး၊ သူ့ထင်ကြေးကတစ်လွဲနဲ့ မကြေး





မုံ ခေါင်းကိုခပ်သွက်သွက်ခါလိုက်ပြီး

"မဟုတ်ပါဘူး မကြေးမုံ ငွေမလိုပါဘူး အစ်ကိုလေးရဲ့ ချောက လက်ကို ဘယ်လိုမြင်သလဲလို့ မေးချင်လို့ပါ"

"ဩော် ချောကလက်က ပွင့်လင်းတဲ့မိန်းကလေးပါ၊ ခုတစ်လော ဖခင်တစ်ယောက်ရဲ့ဆုံးမမှုအောက်မှာ လိမ္မာနေတယ်ဆိုတော့ သူ့အတွက် ပိုကောင်းတာပေါ့"

သိမ်မွေ့သော ဝေဖန်မှုတွေက မကြေးမုံ ရင်တွေကို တလှပ်လှပ် ခုန်စေသည်။

■ ■ ■

"သမီး ညည်းအလုပ်လုပ်ရတာ အဆင်ပြေရဲ့လား"

တစ်နေကုန် အိမ်မှုကိစ္စတွေကို မလုပ်စဖူး လုပ်နေရ၍ ပင်ပန်း နေသော ချောကလက်ကို အဖေ မေးသည်။

"အဆင်ပြေပါတယ် အဖေ"

"အေး အေး အရမ်းပင်ပန်းတယ်ဆိုရင်တော့ ထွက်နော် အဖေ ရှာနေတာနဲ့တင် တို့သားအဖနှစ်ယောက် လုံလုံလောက်လောက်စားလို့ ရနေတာပဲ"

"မပင်ပန်းပါဘူး အဖေရယ်၊ အလုပ်ရှိနေတော့ သမီးလည်း စိတ်မလေတော့ဘူးပေါ့ နောက်ပြီး ကိုယ့်လုပ်အားခနဲ့ကိုယ်ဆိုတော့ ဖော ဖော်သီသီ သုံးရစားရတော့ အဖေလည်း သမီးအကြွေးတွေကို လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရှင်းစရာမလိုတော့ဘူးပေါ့''

သိတတ်လိမ္မာစပြုလာသော သမီးဖြစ်သူကြောင့် ဦးသုခ စိတ်အေးသလိုလိုတော့ ခံစားမိသည်။

''ဒါနဲ့ အဖေ ဟိုတစ်ယောက်နဲ့ရော တွေ့သေးလား''

သားအဖနှစ်ယောက် အိပ်ရာကိုယ်စီဝင်ကာ အိပ်ရာတွင်းမှ စကားလှမ်းပြောနေကြခြင်း ဖြစ်သည်။

''ဘယ်တစ်ယောက်လဲ''

''မိုးဒေဝါလေ''

''ခုတစ်လော မတွေ့ဘူး ဘာဖြစ်လို့လဲ''

''ဘာမှမဖြစ်ပါဘူး မေးကြည့်တာပါ''

မိုးဒေဝါကို ကိုယ့်သမီးကြိုက်ပြီးသဘောကျနေသည်ဆိုတာ ဦးသုခ မရိပ်မိဘဲရှိပါ့မလား။

ကိုယ့်သမီးလို ပေါ့ပျက်ပျက်မိန်းကလေးတစ်ယောက်ကို မိုးဒေဝါလို တည်ငြိမ်အေးဆေးသည့် လူငယ်လေးက မေတ္တာသက်ဝင်ပါ့မလားဟု တွေးပြီး စိတ်မောနေရသည့် ဖခင်တစ်ယောက်။

''မိုးဒေဝါကို သမီးရဲ့ဘဝကြင်ဖော်အဖြစ် ရွေးချယ်ထားတယ်ဆိုရင် သူ ကိုယ့်ကိုနှစ်သက်လာအောင် သမီးက ကိုယ့်တန်ဖိုးကို ကိုယ်မြှင့်ရမယ်နော်''

''ဟုတ်ကဲ့ပါ အဖေ''





အဖေ့ကိုသာ ဟုတ်ကဲ့ပြောနေရသည့် ချောကလက်ခေါင်းတွေ ရှိဝေဝေဖြစ်နေသည်။

လက်တစ်ဖက်က ကိုယ့်နဖူးကိုယ် ယောင်ယမ်းပြီးစမ်းကြည့်မိလိုက်သည်။

''ဘုရားရေ ကိုယ်တွေပူနေပါလား''

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"မေမေရေ မကြေးမုံ ခုချိန်ထိ မရောက်သေးပါလား၊ မနေ့က မေမေ့ကို ဘာပြောသွားလဲ"

မနက်စာ ဘာမှမစီစဉ်ရသေးသောမြင်ကွင်းကြောင့် မကြေးမုံ မလာသေးဘူးဆိုတာ သိလိုက်သည်။ ယခင်ကဆိုလျှင် မိုးဒေဝါ အိပ်ရာနိုးလျှင် ထမင်းစားခန်းထဲတွင် မနက်စာက အဆင်သင့်ပြင်ထားပြီးသား။

"မေမေ့ကို ဘာမှပြောမသွားဘူး သား၊ သူ လာနိုးလာနိုးနဲ့ စောင့်နေတာနဲ့ မေမေလည်း မနက်စာ မပြင်လိုက်မိဘူး၊ ခုပဲ ပြင်လိုက်မယ်လေ သား"

"မေမေ ဘုရားခန်းဝင်မလို့မို့လား ရတယ် သားပဲ ပြင်လိုက်တော့မယ် မေမေ"





သိတတ်လိမ္မာသော သားလေးမို့ ပီတိအပြုံးဖြင့် ခေါင်းညိတ်လိုက်ပြီး

"ဒါဆို မေမေ ဘုရားခန်းဝင်တော့မယ်နော် သား"

"ဟုတ် မေမေ"

ထိုစဉ် မိုးဒေဝါ ဘောင်းဘီအိတ်ထဲမှ ဖုန်းမြည်သံထွက်လာသည့်အတွက် ဘုရားခန်းဘက် ခြေဦးလှည့်နေသော မေမေ့မှာ ဘယ်သူ့ဆီက ဖုန်းများလဲဟူသောအကြည့်ဖြင့် လှမ်း၍ကြည့်သည်။

"ဟဲလို"

တစ်ဖက်မှ ဖုန်းသံက တိုးသက်နေ၍ မနည်းဖုန်းထူးရသည်။

"ဘယ်သူလဲ ခင်ဗျ"

"ဩော် မကြေးမုံ့ ဟုတ်ကဲ့ ဘာဖြစ်လို့ မလာသေးတာလဲ"

မိုးဒေဝါ အလောတကြီး မေးလိုက်သည်။

"ဩော် နေမကောင်းဖြစ်နေတာလား ဒါဆိုရင်တော့ အိမ်မှာ နားလိုက်ပါ သက်သာတော့မှ လာခဲ့"

မိုးဒေဝါ လိုရင်းတိုရှင်းပြောပြီး ဖုန်းပိတ်လိုက်သည်။

"ကဲ မေမေရေ မကြေးမုံ ဖျားနေလို့တဲ့ ထင်တော့ထင်တယ်၊ မနေ့က သူတစ်ယောက်ထဲ အုတ်ကန်လှယ်နေတာ အအေးပတ်သွားတယ် ထင်ပါရဲ့"

"အေးလေ ဆေးဖိုးလေးဘာလေး ပေးရအောင် သူ့ဘက်မှာနေ



www.burmeseclassic.com

www.burmeseclassic.com



မှန်းလည်းမသိဘူးကွယ်''

လိမ္မာသိတတ်သော မကြေးမုံကိုတော့ ဒေါ်ရွှေရည် ကရုဏာသက်မိပါသည်။

''ချောကလက်အဖေရဲ့ကားဂိတ်ကို သွားမေးရင်တော့ ရတယ်မေမေ''

ချောကလက်နာမည်ပါလာ၍ ဒေါ်ရွှေရည်မျက်နှာ အနည်းငယ်တင်းမာသွားသည်။

''ချောကလက်ဆိုတဲ့ ကောင်မလေးကိုတော့ သွားမမေးနဲ့နော်သား၊ သွားစမိရင် အဆုံးသတ်လို့မရပဲနေဦးမယ်''

''ဟုတ်ကဲ့ပါ မေမေ ကဲ သားဗိုက်ဆာပြီ ဝင်ပြီးပြင်ဆင်လိုက်ဦးမယ်''

ထမင်းစားခန်းထဲကို မိုးဒေဝါ ဝင်ခဲ့လိုက်သည်။

■ ■ ■

''မိချော ထ ဆေးခန်းသွားကြမယ်''

အဖျားကြီးပြီး တဟင်းဟင်းညည်းတွားနေသော သမီးကိုကြည့်ပြီး ဦးသုခ စိတ်ပူကာ ကားမထွက်ဖြစ်သေး။

''ဆေးသောက်ထားတယ် အဖေ၊ ညနေမှပဲ သွားတော့မယ်''

ခေါင်းမာလွန်းသော သမီးကိုကြည့်ပြီး ဦးသုခ သက်ပြင်းရှည်တစ်ချက်ချကာ





''ဆေးသောက်ထားတာ ဆရာဝန်ပေးတဲ့ဆေးမဟုတ်ဘူးလေ၊ ဆရာဝန်နဲ့ပြမှ အဖျားကြီးရင် ဆေးထိုးပေးမှာမို့ ဝေဒနာအကြာကြီးမခံစားရတော့ဘူးပေါ့ ကဲ ထ စကားထပ်မများနဲ့ မေဖင့်ကိုခေါ်ထားတယ် သူ့ပါဆေးခန်းလိုက်ပေးလိမ့်မယ်''

ထပ်ငြင်းနေလျှင် အဖေ စိတ်တိုရှုံပဲရှိတော့မှာမို့ တစ်ကိုယ်လုံးလေးလံကိုက်ခဲနေသော ခန္ဓာကိုယ်ကို အိပ်ရာထက်မှ ထလိုက်ပြီး ဆေးခန်းသွားဖို့ သင့်တင့်သောဝတ်စုံကို ဝတ်ပြီး အဖေအဆင်သင့်စောင့်နေသောကားဆီသို့ ဆင်းလာခဲ့သည်။

မေဖင်ပါ ရောက်လာသည်မို့ ကားတံခါးကို မေဖင်က ကြို၍ဖွင့်ပေးသည်။ ချောကလက် ဖျော့တော့သော မျက်နှာဖြင့် မေဖင်ကိုကြည့်ကာ

''နင်ရော အလုပ်မသွားဘူးလား မေဖင်''

''ငါလား အွှဟဲ ငါမနေ့ကပဲ အလုပ်ပြုတ်သွားပြီလေ၊ ပျက်ရက်တွေများလို့တဲ့ ကောင်းတယ် ဒါမှ အနားရမှာ''

ပေါ့ပျက်ပျက် ပြောနေသော မေဖင့်စကားကြောင့် ဦးသုခ မသိမသာမဲ့လိုက်ပြီး ကားစက်နှိုးလိုက်သည်။

ကိုယ့်သမီး ပေါ့ပျက်ပျက်နေခဲ့တာတွေက သူတို့လို ပေါ့ပေါ့နေ ပေါ့ပေါ့စားတွေနဲ့ အပေါင်းအသင်းလုပ်လို့ဟု စိတ်ထဲက ပြောလိုက်သည်။

''ဦးလေး ရတနာလမ်းမပေါ်က ဆေးခန်းက မနက်ကိုးဖွင့်တယ်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကိုသွားပါလား''

''အေး အေး''

မေဖင့် အကြံအတိုင်း ရတနာလမ်းဘက်ကို ဦးတည်ပြီး မောင်းလိုက်သည်။

မေဖင်ပြောသည့်ဆေးခန်းက မိုးဒေဝါတို့နှင့်မျက်နှာချင်းဆိုင်တွင်ရှိသည်ဆိုတာ ဦးသုခရော ချောကလက်ရော သိသည်။

အလိုက်သိသော သူငယ်ချင်းလေးမို့ ချောကလက် မေဖင်ကို ခပ်ဖျော့ဖျော့ ပြုံးပြလိုက်သည်။ မေဖင် မချိုမချဉ်ပြုံးပြီး လက်မထောင်ပြသည်။

နေမကောင်း၍ မိုးဒေဝါမျက်နှာကို ဒီနေ့မမြင်ရတော့လောက်ဘူးဟု ထင်မိတာ ခုတော့ မေဖင့်အကြံကြောင့် တွေ့ရတော့မည်မို့ စိတ်ထဲမှ ရောဂါတစ်ဝက်သက်သာသလို ခံစားလိုက်ရသည်။

■ ■ ■



## အခန်း (၁၃)

ဆိုင်စာချုပ်ချုပ်ရန် ခြံထဲမှ ကားမောင်းထွက်လာသော မိုးဒေဝါ ကြည့်တွေက အိမ်ရှေ့မျက်နှာချင်းဆိုင်မှ ဆေးခန်းဆီသို့ ရောက်သွားသည်။

''ဟင် ဟိုမှာ ဦးသုခရဲ့ကားပဲ နေမကောင်းဘူးထင်တယ်''

တွေ့ချင်နေတာနှင့်အတော်ဖြစ်သွား၍ ကားကိုလမ်းဘေးတွင် ရပ်ကာ ဦးသုခ ကားနားသို့ လျှောက်သွားလိုက်သည်။

ဆေးခန်းထဲမှ ချောကလက်နှင့်မေဖင် ထွက်လာသည်။ မေဖင့်နှင့်ထွက်လာသော ချောကလက်မှာ အရင်လို လန်းလန်းဆန်းဆန်း ...တ်တဲ ညှိုးလျော်နေသည်။

''ချောကလက်''



www.burmeseclassic.com

www.burmeseclassic.com



မိုးဒေဝါကိုမြင်လိုက်တော့ ချောကလက် အပြုံးခပ်ယဲ့ယဲ့ဖြ
တုန့်ပြန်သည်။

"ကိုမိုး"

"နေမကောင်းဘူးလား ဘာဖြစ်တာလဲ ကိုယ်က ဦးလေးကား
တွေ့လိုက်လို့ ဦးလေးနေမကောင်းဖြစ်တယ် ထင်နေတာ"

"မဟုတ်ဘူး ကိုမိုးဒေဝါရေ မနေ့က တစ်ခါမှမလုပ်စဖူး အု
ကန်လှယ်တယ်တဲ့လေ ဒီတော့ ဖျားပြီပေါ့"

"ဗျာ အုတ်ကန်လှယ်တယ် ဟုတ်လား"

မကြေးမုံ အုတ်ကန်လှယ်၍ နေမကောင်းဖြစ်နေပြီဟု သိထ
၍ ဖဝေဖဝါ ဖြစ်သွားကာ

"မကြေးမုံလှယ်တာကို ပြောတာလား"

နောက်တစ်ကြိမ် ထပ်မေးလိုက်သည်။ ချောကလက် မေဖွ
မသိမသာ လက်ကုတ်သည်။ မေဖင်က မမှု။

"မဟုတ်ဘူး ချောကလက် လှယ်တာကို ပြောတာလေ"

"ဟာ မဟုတ်ပါဘူး ဘာတွေလျှောက်ပြောနေတာလဲ မေဖင်

လှမ်းဟန့်လိုက်သော ချောကလက်ကို မေဖင် အူကြော
ကြောင် ပြန်ကြည့်ပြီး

"နင်ပဲ စောစောက ပြောတာလေ ငါ မနေ့က အုတ်ကန်လှ
လိုက်လို့ ဖျားတာလို့ပြောပြီး"





အထူအပါး နားမလည်သော မေဖင့်ကို ချောကလက် ဘယ်လို
မျက်ရိပ်ပြ၍ မရ။

"ဟော မောင်မိုးဒေဝါပါလား"

ဆေးဖိုးရှင်းပြီး ထွက်လာသော အဖေနှုတ်ဆက်သံကြောင့် ဖဝေ
ဖြစ်နေသော မိုးဒေဝါ အာရုံကိုပြောင်းသွားစေသည်။

"ဟုတ်ကဲ့ ဦး အပြင်သွားခါနီး ဦးရဲ့ကားကိုဆေးခန်းရှေ့မှာ
တွေ့လိုက်လို့ ဦးများတစ်ခုခုဖြစ်သလားဆိုပြီး လာကြည့်တာပါ"

"ဦးလေးဖြစ်တာမဟုတ်ဘူး မင်းညီမဖြစ်တာလေ"

"ဟုတ်ကဲ့ ဩော် ဒါနဲ့ မကြေးမုံလိပ်စာလေးများ သိမလား
သိဘူး။ မေမေက သူ့အိမ်သွားပြီးတော့ ဆေးဖိုးဝါးခလေး ပေးချင်လို့
လေ"

တစ်ခါမှ မကြားဖူးသော နာမည်မို့ ဦးသုခ မျက်ခုံးနှစ်ဖက်
တွန့်ကာ

"မကြေးမုံ ဟုတ်လား၊ ဘယ်သူလဲ မကြေးမုံဆိုတာ"

အလိမ်ပေါ်တော့မည့် အခြေအနေရောက်နေသဖြင့် ချောက
လက် လန့်ဖျပ်ကာ ဖျားတာပင်ဘယ်ရောက်သွားမှန်းမသိအောင် လူက
ကိုင်မိလက်မကိုင်မိ ဖြစ်သွားသည်။

ထို့စဉ် မိုးဒေဝါဆီမှ ဖုန်းမြည်လာသည်မို့ စကားစဖြတ်က
လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ကိုရှင်းရေ ကျွန်တော် ခုပဲထွက်လာတော့မှာ လမ်း ပေါ်တော့ ရောက်နေပြီ"

မိုးဒေဝါ ဖုန်းပြောနေတော့မှ ချောကလက် သက်မတစ်ချက် မသိမသာချကာ မေဖင့်ကို အမှေ့စိန်မဟု မသိမသာ အပြစ်ပြောလိုက် သည်။

"ဪ ပိုင်ရှင်တွေရောက်ပြီလား အိုကေ ခုပဲထွက်လာ နောက်ဆယ့်ငါးမိနစ်ဆိုရောက်ပြီ"

မိုးဒေဝါ ဖုန်းပိတ်ပြီး ဦးသုခကို အပြုံးဖြင့်ခေါင်းညိတ်ကာ

"ကဲ ဦးလေးရေ စာချုပ်ကိစ္စမို့ ခုချက်ချင်းသွားမှဖြစ်မှာ ခွင့် ပြုပါဦးခင်ဗျ"

"အေးကွယ် နောက်မှတွေ့ကြတာပေါ့"

မိုးဒေဝါ ထွက်သွားတော့မှ ချောကလက် အသက်ကိုဝဝ ပြန်ရှူနိုင်တော့သည်။ ဒါတောင် အဖေက မပြီးသေး။

"မိချော မကြေးမုံဆိုတာ ဘယ်သူ့ကိုပြောတာလဲ ညည်း သူငယ် ချင်းလား"

"သမီးလည်း မသိဘူးလေ အဖေရဲ့၊ သမီး သူငယ်ချင်းတွေ ထဲမှာ မကြေးမုံဆိုတာ မရှိပါဘူး"

ဦးသုခ စိတ်ထဲ စိုးရိမ်စိတ်တစ်ခု လှစ်ခနဲ တိုးဝင်သွားသည်။ ကိုယ်က သမက်တော်ချင်နေသော လူငယ်လေးနှုတ်မှ ကိုယ့်သမီးမသိ





သော တခြားမိန်းကလေးနာမည်ကို အရေးတယူ ပြောနေသဖြင့် သမက် တော်ရဖို့မျှော်လင့်ချက်က အားလျော့သလို ဖြစ်သွားသည်။

မကြေးမုံဆိုတာ ဘယ်လိုမိန်းကလေးလဲ။ နာမည်ကတော့ ရိုး သားပြီး ကြွေရစေသော နာမည်မျိုး။ လှကရော သမီးထက်ပိုပြီးလှ သလား။ ဒါမှမဟုတ် သမီးလောက်မလှတဲ့ မိန်းကလေးလား။

ရင်ထဲမှာ သိချင်စိတ်တွေက ငါးပြေမ ဆားပက်သလို ဖျတ် ဖျတ်လူး၍နေသည်။

ကိုယ့်စိတ်ကိုယ် မလုံဖြစ်ကာ သမီးကိုငဲ့ကြည့်လိုက်သည်။ ကိုယ့်လောက်ပင် စိုးရိမ်ပူပန်ရိပ်ရှိမနေ။

ကိုယ်ကပဲ လောဘတက်နေသလားပင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"နင် တော်တော်မွှေတာပဲ မေဖင်ရာ"

အိမ်ပြန်ရောက်တော့ မေဖင့်ကို အပြစ်တင်စကားပြောလိုက်သည်။

"ငါလည်း နင် အကွက်ရွှေ့ထားတာကိုမေ့ပြီး နင့်ရဲ့ကို မျက်နှာလိုမျက်နှာရ စကားပြောဖူးတယ်ရှိအောင် ပြောကြည့်လိုက်တာ ဟယ်"

"နင်စကားပြောချင်တာကနောက် စောစောက ကိုမိုးသာ ဝင်မလာရင် ငါတော့ အဖေ့ရှေ့မှာအလိမ်ပေါ်ပြီ၊ ငါက မကြေးမုံဆို ငါ့အစ်မဝမ်းကွဲဆိုပြီး ညာထားတာဟဲ့"

"အေးလေ ခု အလိမ်မှုပေါ်မသွားတာ"

"အလိမ်ပေါ်ခဲ့ရင် အဖေက ငါ့ကို မိန်းကလေးဖြစ်ပြီး





ရှက်သိက္ခာမရှိ ယောကျ်ားတစ်ယောက်ကို ကြိုက်တာနဲ့ ကိုယ့်ကိုယ် ကိုယ်ရှုပ်ဖျက်ပြီး အိမ်ဖော်သွားလုပ်ရသလားဆိုပြီး ရှက်ရှက်နဲ့ အသေ ဆော်မှာဟ"

သူ့အမှားကြောင့် မေဖင်.မျက်နှာငယ်ဖြင့် ငြိမ်နေရှာသည်။

"နင့်အဖေက အခုမသိလည်း တစ်ချိန်တော့ သိမှာနော်၊ ချောကလက် နင် အဲကျရင် ဘယ်လိုရှင်းမလဲ"

"အဲဒီအချိန်ရောက်မှ ရောက်တဲ့အလျောက် ကြည့်ရှင်းမယ်ဟာ သာလောဆယ်တော့ ငါ သူ့အနားမှာနေခွင့်ရချင်တာပဲ သိတယ်ဟယ်၊ ဆိုရင်လေ ငါ သူ့အခန်းထဲတောင် ဝင်လို့ရတယ်၊ တစ်ခါတလေ သူ့ အခန်းထဲမှာ ငါနဲ့သူနှစ်ယောက်ထဲ အတူတူရှိနေတယ် ရင်တွေခုန်လိုက် တာမှ အရမ်းပဲ"

မိုးဒေဝါ အကြောင်းပြောနေရလျှင် ချောကလက်နှလုံးသားတွေ သည် မိုးတိမ်တွေကို ခိုစီးနေရသလို ခံစားမှုက ငြိမ့်ငြိမ့်လေး။

မေဖင် မဲ့သွားသည်။

"ဟွန်း နေမကောင်းတဲ့လူမမာတဲ့ ပြောလိုက်ချင်ဘူး"

"အချစ်ကို နင်မှ မခံစားဖူးသေးတာ မေဖင်ရဲ့၊ ငါလေ သူ့ အနားမှာနေခွင့်ရနေတာကိုက ငါ့ဘဝရဲ့တစ်စိတ်တစ်ဒေသကို သူ့ကိုပုံအပ် လိုက်ရသလို အရမ်းနွေးထွေးတယ်"

"ဒါဆို နန္ဒစိုးတို့ကရော သူ့ကိုလည်း နင်ချစ်ခဲ့တာပဲမို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း အဲဒါ အချစ်မဟုတ်ဘူး၊ အပျော်တမ်း တွဲရုံသက်သက်ပဲ၊ ငါ့ရင်ထဲမှာ ဘာခံစားချက်မှ မရှိဘူး လုံးဝ အနှစ်မဲ့တယ်"

"နှင် မိုးဒေဝါကို ကြိုက်ပြီး ပိုးနေတာကို သူသိရင် နှင့်ကိုကျိုင်းရှာမှာနော် အဲဒီကျရင် နှင် ဘယ်လိုလုပ်မလဲ"

နန္ဒစိုးကလည်း ဖနှင့်ဗ်လနှင့်ဆိုတော့ မေဖင် သိသည်။ ဒီအတိုင်းတော့ အလွတ်ပေးမည်မဟုတ်။

"ခေါက်ထားစမ်းပါဟာ ဘာမှအခြေအမြစ်ရှိတဲ့ကောင် မဟုတ်ပါဘူး၊ သူနဲ့ငါက ချစ်သူလို့လည်း ပြောလို့ရလောက်အောင် ဘယ်တော့မှ နှုတ်ဖျူညင်သာခဲ့တာမဟုတ်ပါဘူး တွေ့တာနဲ့ ငါ့ကိုမာန်ဖီပြီး သဝန်တိုတတ်တဲ့ကောင်"

"အဲဒါ နှင့်ကိုချစ်လို့ပေါ့ဟဲ့ နှင် တခြားကောင်တွေနဲ့ အတည်တွဲတာမဟုတ်လို့ သူ လက်ရှောင်နေပေမယ့် တကယ်အတည်ကြီးဆိုရင်တော့ သူ ငြိမ်နေမှာမဟုတ်ဘူး၊ နှင် ဘယ်လောက်ရှုပ်ရှုပ် သူ ဘယ်လောက်ပွေပွေ အချိန်တန် သူလက်ထပ်ရမယ့်သူက နှင့်ပဲတဲ့"

"ငါကတော့ နိုးပဲ"

ဆေးတစ်လုံးထိုးပြီး ဗိုက်ထဲကို အာဟာရလေးဖြည့်လိုက်သော ချောကလက်တို့ လေသံက အဖျားတက်သံပင်မကြားရလောက်အောင် မာဆတ်နေသည်။

"အေးပါ နှင်နိုးသလို သူကလည်း နှင့်ကိုနိုးပါစေလို့ ငါ ဆု





တောင်းပါတယ်ဟာ"

"ချောကလက် ချောကလက်ရေ"

သူငယ်ချင်းနှစ်ယောက်စကားဝိုင်းထဲသို့ အိမ်အပြင်မှ နန္ဒစိုး၏ခေါ်သံက ဝင်ပြီးဖျက်လိုက်သည်။

"ဟော သေခဲဦးမယ် ခုပဲ ဒင်းအကြောင်းပြောနေသေးတာ"

မေဖင် ခပ်တိုးတိုးပြောပြီး နန္ဒစိုးဝင်လာလျှင်ထိုင်ဖို့ နေရာရှေ့ထိုင်လိုက်သည်။ နန္ဒစိုး အိမ်ပေါ်သို့ တက်လာသည်။

"နှင် နေမကောင်းဘူးဆို"

"ဟုတ်တယ်"

"ဒီလောက် ဒေါင်ဒေါင်မြည်နေတဲ့ သံခဲမ ဘာလုပ်လို့ ဖျားသွားရတာလဲ ကြည့်ပါဦး မျက်နှာပြည့်ပြည့်ဖောင်းဖောင်းလေးက ချောင်ကျသွားတယ်"

"ဟဲ့ ငါက ဘာလုပ်လို့ ဖျားရမှာလဲ အသွေးအသားနဲ့တည်ဆောက်ထားတဲ့ ခန္ဓာကိုယ်ပဲ နေထိုင်မကောင်းတော့ ရှိမှာပေါ့"

"ဖြည်းဖြည်းပြောပါဟာ သွားတွေလည်း ကျွတ်ထွက်ကုန်ပါ့မယ်၊ တကတည်း လူနာသတင်းမေးတဲ့သူကို ပြောတဲ့ လေယူလေသိမ်းက နှစ်တစ်ထောင်အငြိုးနဲ့များ ပြောနေသလားမှတ်တယ်"

နှစ်ယောက်သားတွေ့လျှင် ဘုဘောက်ကျသော စကားများတွေ ဖြင့် ပြောနေကျမို့ နန္ဒစိုးမျက်နှာပေါ်မှာ ဒေါသရိပ် လုံးဝမရှိ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ နင့်ကိုပြောစရာရှိတယ်၊ ငါတို့အဖွဲ့တွေ ငွေဆောင်သွားကြ မလို့ နင်တို့ပါလိုက်ခဲ့ကြ ကုန်ကျစရိတ်လည်း ငါပဲ ဒကာခံမှာမို့ အဝတ် ထုပ်လောက်ပဲ ယူလာကြ၊ ငွေတစ်ပြားမှပါစရာမလိုဘူး"

မေဖင် အားတက်သွားကာ

"တကယ်လား ဟဲ့ ချောကလက် ငါတို့ငွေဆောင်မရောက်ဖူး ဘူးဟာ လိုက်သွားကြရအောင်"

ငွေဆောင်ဆို၍ ဆတ်စလူးထသွားသော မေဖင့်ကိုကြည့်ပြီး ချောကလက် မျက်စောင်းထိုးကာ

"ဒါမျိုးကျရင် ရှေ့ဆုံးက"

"အံမယ် နင်ကရော ခုကျမှ ငြိမ်သွားတာမို့လား။ နို့မို့ကတော့ နင်က ရှေ့ဆုံးကလေ"

"ဘယ်လိုလဲ နင်တို့လိုက်ကြမှာမဟုတ်လား"

"လိုက်မယ်"

"မလိုက်ဘူး"

မေဖင်နှင့်ချောကလက် ပြိုင်တူပြောသည်။

"ဟ ဘာလဲဟာ တစ်ယောက်ကလိုက်မယ် တစ်ယောက်က မလိုက်ဘူးနဲ့ နင်တို့ဟာကလည်း ချောကလက် နင်ဘာဖြစ်နေတာလဲဟာ ငါ့အပေါ် နင်စိမ်းကားနေသလိုပဲဟာ"

နန္ဒစိုး ချောကလက်ကို နားမလည်နိုင်သောအကြည့်ဖြင့် ကြည့်





ပြီးပြောသဖြင့် ချောကလက် မျက်စောင်းဝဲကာ

"လာပြီး အသားယူမနေစမ်းပါနဲ့ဟာ နင်နဲ့ငါနဲ့ ဘာအကန့်တွေ ရှိလို့လဲ ငွေဆောင်ကို ငါမလိုက်လည်း နင့်ရဲ့ကောင်မတွေအများကြီးပါ ဦးမှာပဲ ကြိုက်တဲ့တစ်ယောက်နဲ့ အချောင်ကြုံလို့ရတာပဲ ငါကတော့ အလုပ်နဲ့အကိုင်နဲ့ ဖြစ်နေပြီမို့ နင်တို့နဲ့ လိုက်ပြီး အချိန်ဖြုန်းမနေနိုင်ဘူး"

ချောကလက်စကားကြောင့် နန္ဒစိုး ဟက်ခနဲ လှောင်ရယ်ရယ် သည်။ မေဖင်က အပြစ်ရှိသူလို မျက်လုံးပေကလပ် ပေကလပ်လုပ်နေ သည်။

"နင် ဘာတွေအကွက်ရှေ့နေလဲဆိုတာ ငါသိပါတယ်ဟာ ကောင်းပြီလေ နင့်အကွက်ကို နင် လှလှပပလေးဖြစ်အောင်ရွှေ့ကြည့်ပါ ဦး ငါကတော့ နင်ပြောသလို တခြားတစ်ယောက်နဲ့ကြုံလို့ရတာပဲ၊ ဟဲ့ မေဖင် နင်လိုက်မယ်ဆိုရင် သဘက်ခါမနက်စောစောထွက်မယ် ငါတို့ လာခေါ်မယ်"

ချောကလက် မလိုက်တော့ မေဖင် မလိုက်ရဲ။

"ငါတို့မလိုက်တော့ဘူးဟာ ချောကလက်လည်း နေမကောင်း ဘူးဆိုတော့ ငါ့ကိုအဖော်လုပ်ပေးဖို့ သူ့အမေက မှာထားတယ်ဟာ"

"ရပါတယ် နင်လိုက်ချင်လိုက်သွားပေါ့"

"ဟင့်အင်း မလိုက်တော့ပါဘူးဟာ"

နန္ဒစိုး စိတ်မရှည်သောအမူအရာဖြင့် ခေါင်းတစ်ချက်ဆတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး

"ကောင်းပြီလေ ဒါဆို ငါလစ်ပြီ"

"အေး"

သံပြတ်ဖြင့် ပြောလိုက်သော ချောကလက်ကို လှည့်မကြည့်တော့ဘဲ နန္ဒစိုး ထွက်သွားသည်။ လမ်းသရဲဆန်ဆန်ဝတ်စားထားသော နန္ဒစိုးနှင့် ယဉ်ကျေးသိမ်မွေ့ပြီး တည်ကြည်ခန့်ညားသော မိုးဒေဝါကို စိတ်ဖြင့်မှန်းပြီး ယှဉ်ကြည့်သောအခါ တန်ဖိုးချင်းက မိုးနဲ့မြေလို ကွာဟနေသည်။

နန္ဒစိုးနှင့်ပတ်သက်ခဲ့မိသော ကိုယ့်ရဲ့မိုက်မဲမှုကို ကိုယ်ကိုယ်တိုင်ပြန်ပြီး ထပ်ခါထပ်ခါ ကျိန်ဆဲနေမိသည်။

■ ■ ■



## အခန်း (၁၅)

သုံးရက်မြောက်နေ့တွင် အဖျားကျသွားပေမယ့် နလန်ထစလည်းဖြစ် ဈေးထဲမှာ ရှင်းစရာရှိတဲ့အကြွေးလေးတွေလည်း ရှင်းရဦးမှာမို့ ချောကလက် မိုးဒေဝါကို တွေ့ချင်ပေမယ့်လည်း အလုပ်မဆင်းဖြစ်သေး။ ဈေးထဲမှ မုန့်ဟင်းခါးဆိုင်တွင် မုန့်ဟင်းခါးအရင်ဝင်စားပြီးမှ ဒေါ်လှဆိုင်သို့သွားတော့မည်ဟု စိတ်ကူးပြီး ကုန်ခြောက်တန်းထိပ်မှ ဒေါ်ဝင်းကြိုင် မုန့်ဟင်းခါးဆိုင်သို့ အရင်ဆုံးထွက်လာခဲ့သည်။

"ဟယ် ချောကလက် ငါတို့ဈေးကို သရဲလာခြောက်တာလား။ ဒီက ညည်းမလာတာကြာလို့ လင်နောက်လိုက်သွားပြီထင်နေတာအော့"

တွေ့လျှင် ပြောမနာဆိုမနာ ပါးစပ်စည်းမစောင့်ဘဲ ပြောနေကြမို့ ချောကလက်ကလည်း ပြန်ပြောသည်။

"လိုက်ချင်နေတာ ခေါ်မယ့်သူမရှိသေးလို့ ဒေါ်ကြီး[illegible]ရေ စမီး



www.burmeseclassic.com

www.burmeseclassic.com



က ဒေါ်ကြီးဝင်းသားကိုစောင့်နေတာ ဆရာဝန်ကတော်လုပ်ချင်လို့လေ"

"အမလေး ကျုပ်က ညည်းလို ငပွေးမနဲ့ ကျုပ်သားကို သဘော မတူပါဘူးအေ အကြွေးထူ ချေးထူ အပျင်းထူ အတွဲထူတဲ့ ထူလေးထူ မိန်းကလေးက ကျုပ်ချွေးမ ဘယ်လိုဖြစ်မှာလဲ"

"ဒေါ်ကြီးဝင်း သဘောမတူလည်း ချောကလက်က မမှုပါဘူး သူက အခု သူဌေးသားတစ်ယောက်ကို အီစီကလီလုပ်နေတယ်၊ အဲဒါသာ မိသွားလို့ကတော့ ချောကလက်က ဒေါ်ကြီးဝင်းလို အပေါစားဆိုင်မျိုးမှာ လာစားမှာမဟုတ်ဘူး"

မေဖင်၏အစ်မ ဘဲဥသည်က ဘဲဥဆိုင်မှလှမ်းပြီး အော်ပြော သည်။ ချောကလက်ကလည်း အလိုက်သင့်ပင်

"ဒါပေါ့ ဒါကြောင့် ဒေါ်ကြီးဝင်းဆိုင်မှာ မချမ်းသာခင် လာကြို ပြီး စားထားတာ အဟီ ခစ် ခစ်"

"အစ်မရွှေ ဘယ်လောက်ကျသလဲ"

ဒေါ်ကြီးဝင်း ချောကလက်ကို နောက်ပြောင်နေရင်း ဈေးရောင်း နေသူမို့

"အိုးဘဲဥနဲ့ ငါးဖယ်တစ်ခုဆိုတော့ ခြောက်ရာကျပါတယ် အစ်မ ကြီး"

ချောကလက်ရှေ့မှာ ကျောခိုင်းပြီး ထိုင်စားနေသော ဒေါ်ရွှေ ရည်မှာ လယ်သာလက်ကိုင်အိတ်ထဲမှ ငွေတစ်ထောင်တန်တစ်ရွက် ထုတ်





ပေးသည်။

ထိုအခြေအနေထိ ချောကလက် ဘယ်သူဘယ်ဝါဆိုတာ သတိ မထားမိသေး။ ကိုယ်ကျင်လည်ရာ ကိုယ့်ဈေးကိုယ့်ရပ်ကွက် ကိုယ့်လူတွေ မို့ လွတ်လပ်ပေါ့ပါးစွာဖြင့် အသံစာချင်တိုင်းစာနေသည့် ချောကလက် စကားတွေက ဘောင်လွတ်နေသည်။

ဒေါ်ရွှေရည် ထိုင်ရာမှထပြီး ဆိုင်ထဲမှ ထွက်မည်အပြု ဒေါ် ရွှေရည်ထလိုက်၍ လွတ်သွားသောခုံမှာ ဝင်ထိုင်ဖို့ တိုးဝင်လိုက်သော ချောကလက်တို့ ပက်ပင်းတိုးတော့၏။

ချောကလက်ကိုယ်လေး ဆတ်ခနဲ တုန်တက်သွားပြီး အရယ် မျက်နှာလေးမှာ ချက်ချင်းမျက်စိမျက်နှာပျက် ဖြစ်သွားသည်။

"ဟင် အန်တီပါလား ကျွန်မ အန်တီ့ကိုမတွေ့ဘူး"

ပျက်ယွင်းနေသော မျက်နှာကို ဟန်လုပ်ထိန်းမျက်နှာချိုသွေး ပြီး ပြောနေသော ချောကလက်ကို အထင်သေးသောအကြည့်ဖြင့်သာ ကြည့်ပြီး ဒေါ်ရွှေရည် ဘာမှမပြောဘဲ ချောကလက်ရှေ့မှ ထွက်သွားသည်။

ချောကလက် အဖြစ်က ကျားရှေ့မှောက်လျက်လဲသလိုပင်။ ကိုယ့်သရုပ်မှန်ကို ဖော်လိုက်သလိုဖြစ်သွားမှတော့ ဒေါ်ရွှေရည်ရဲ့ အထင် အမြင်သေးစိတ်တွေက ဒီထက်ပိုပြီး ကြီးထွားလာရုံပဲရှိတော့သည်။

"ဟဲ့ ချောကလက် ထိုင်လေ ဘာနဲ့စားမှာလဲ"

စိတ်ဓာတ်တွေ သွေးပျက်ချောက်ချားသလိုဖြစ်သွားမှတော့

www.burmeseclassic.com



စားချင်စိတ်လည်း မရှိတော့။

"မစားတော့ဘူး ဒေါ်ကြီးဝင်းရာ ဒေါ်လှဆိုင်အရင်သွားလိုက်ဦးမယ်"

"ဟော့တော် ညည်းစိတ်က မျောက်စိတ်ပါလား၊ ခုတစ်မျိုး တော်ကြာတစ်မျိုး"

ရှုပ်ထွေးသောစိတ်တွေဖြင့် ဒေါ်လှဆိုင်ဘက်သို့ လေးလံသော ခြေလှမ်းတွေဖြင့် လျှောက်လာခဲ့လိုက်သည်။

ကိုယ့်ကိုအထင်သေးနေပါတယ်ဆိုကာမှ ပက်ပင်းတိုးရတယ် လို့။

■ ■ ■

"နေကောင်းသွားပြီလား မကြေးမုံ"

အိမ်ထဲဝင်ဝင်ချင်း စကြားလိုက်ရသော ဒေါ်ရွှေရည်၏အမေး ကြောင့် ချောကလက်စိတ်တွေ ရှိန်းခနဲ ဖြစ်သွားပြီး မဝံ့မရဲကြည့်လိုက် သည်။ ပြီးမှ ငါဟာ ချောကလက်မဟုတ်ဘူး မကြေးမုံပဲဟု ရဲဆေးတင်ပြီး

"ဟုတ်ကဲ့ ကောင်းသွားပါပြီ ကြီးကြီး"

"ဟော မကြေးမုံ ရောက်လာပြီပဲ အလုပ်ဝင်တာ နေရော ကောင်းရဲ့လား"

"ကောင်းသွားပါပြီ ဒီရက်ထဲ ကြီးကြီးတို့ ကြေးမုံကြောင့် ပင်ပန်း သွားရပြီ ဒီနေ့တော့ ကြေးမုံ အိမ်အလုပ်တွေအများကြီးလုပ်သွားပါ့မယ်





နော်"

ကိုယ့်ဘက်က ပျက်ကွက်မှုကြောင့် မကြေးမုံနှစ်ဆပိုလုပ်ပေးဖို့ ကတိပေးလိုက်သည်။

"အို ဘယ့်နှယ် နှစ်ဆလုပ်ရမှာလဲ၊ နေမကောင်းပြန်ဖြစ်ပါဦး မယ်ကွယ်၊ မနေ့ကတော့ မကြေးမုံရဲ့ညီမကို ဈေးထဲမှာတွေ့လိုက်သေးတယ် တားပြောဆိုနေပုံများ အိမ်ထောင်သည်တွေတောင် မပြောရဲတဲ့စကားမျိုး တွေကို အော်ကြီးဟစ်ကျယ်ပြောနေတာကွယ်၊ နားတောင်ရှက်လို့ စားနေ တဲ့ မုန့်ဟင်းခါးတောင် ဆက်မစားဘဲ ထလာရတဲ့အဖြစ်၊ အခုလည်း ချမ်းသာတဲ့ကောင်လေးတစ်ယောက်ကို အပိုင်ချည်ဖို့ဆိုလား ဘာလား ကွယ်"

ချောကလက်အကြောင်းကို ရှုတ်ချပြစ်တင်နေသော ဒေါ်ရွှေရည် စကားကြောင့် မိုးဒေဝါ အားနာသွားပုံရကာ

"ဟာ မေမေ ဘယ်နှယ့် သူ့ညီမအကြောင်းကို သူ့အစ်မပြော နေရတာလဲ၊ မကြေးမုံကို အားနာစရာကြီး"

"မေမေလည်း အားနာပါတယ် ဒါပေမဲ့ မေမေ ဒီလိုပြောမှ မကြေးမုံက သူ့မိဘတွေကို တစ်ဆင့်ပြန်ပြောပြပြီး သူ့မိဘတွေက အဲဒီ မိန်းကလေးကိုဆုံးမလို့ရမှာပေါ့"

"ဟုတ် ဟုတ်ကဲ့ပါ ကြီးကြီး မကြေးမုံ သူ့အဖေကို ပြောပြပေး ပါ့မယ်၊ သူက မိခင်ရဲ့ဆုံးမမှုအောက်မှာ မကြီးပြင်းခဲ့ရတော့ အရွယ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်တဲ့အထိ လွတ်လွတ်လပ်လပ်နေချင်တဲ့စိတ်က သူ့ကို တန်ပိုးဖြတ်နေသလို ဖြစ်နေတယ်''

''သူ့မှာ အမေ မရှိတော့ဘူးလား''

''ဟုတ်ကဲ့ တကယ်တော့ သူက သနားဖို့အရမ်းကောင်းပါတယ် သူ မွေးပြီးကတည်းက သူ့အမေက မီးတွင်းထဲမှာ ဆုံးရှာတာပါ၊ မိခင်ရဲ့ နို့ဦးရည်ကိုတောင် မသောက်ခဲ့ရပါဘူး''

ဒေါ်ရွှေရည် မျက်နှာပေါ်မှာ တင်းမာရိပ်တွေ အရောင်အနည်းငယ် ဖျော့သွားသည်။ မိခင်တစ်ယောက်ရဲ့ရင်ငွေ့အောက်မှာ မကြီးပြင်းခဲ့ရမှတော့ ဒီမိန်းကလေးဟာ ဘယ်မှာလာပြီး ယဉ်ကျေးသိမ်မွေ့တော့မလဲ၊

''အေးလေ ဒါကတော့ သူ့ရဲ့ကုသိုလ်ကံပေါ့၊ ကြီးကြီးတို့ ကုန္ဒြေသိက္ခာကို တန်ဖိုးထားတဲ့သားရှိတဲ့မိခင်တွေကျတော့ ကိုယ့်သား အဲဒီလိုမိန်းကလေးမျိုးနဲ့ ငြိစွန်းမှာကို သေလောက်အောင်ကြောက်ကြ ပဲ''

''ကဲ မကြေးမုံရေ ဒီနေ့ ကျွန်တော်ဆိုင်သွားမှာမို့ မနက်စာ ခပ်မြန်မြန်လေး ပြင်ပေးပါနော်''

အားနာတတ်သော မိုးဒေဝါ သူ့မိခင်၏ရင့်သီးသောစကား ကြောင်းပေါ်က မသိမသာ ဆွဲထုတ်သည်။

''ဟုတ်ကဲ့ပါ အစ်ကိုလေး''





ဒေါ်ရွှေရည်၏စကားလုံးတွေက ချောကလက်ရင်ထဲကို အဆိပ် ရည်တွေလောင်းချလိုက်သလို နာကျင်ခံခက်လှသည်။

သားလိမ္မာလေးမွေးထားလို့ မာန်တက်နေတဲ့မိန်းမကြီး တစ်နေ့ နေ့တစ်ချိန်ချိန်မှာ ငါ့ကိုချွေးမတော်လာစေရမယ်ဟု စိတ်ထဲမှ ကြိမ်းဝါး လိုက်သည်။

ယခင်ကဆိုလျှင် ချောကလက်ဘဝမှာ အမုန်းဆုံးလူဆိုတာ ရှိ။ ကိုယ်လည်း ပေါ့ပေါ့နေသလို ဘယ်သူတွေဘာပြောပြော ပေါ့ပေါ့ ပါးတွေးကာ ပေါ့ပေါ့လေးပဲ ကျင်လည်ဖြတ်သန်းခဲ့သည်။ မခံချင်စိတ် ၊ မာနတွေ၊ အမုန်းတရားတွေဆိုတာ မရှိခဲ့။ အခုတော့ တစ်ခါမှ ပေါ်ဖူးသော အမုန်းတရားက ရင်ထဲကို တစိမ့်စိမ့်တိုးဝင်လာသည်။ အမုန်းသည် ဒေါ်ရွှေရည်ကိုမုန်းသော အမုန်းသာဖြစ်သည်။

လောကမှာ ချောကလက်အမုန်းဆုံးလူရဲ့သားက ချောကလက် ဆုံးသူဖြစ်နေတာတော့ ဘဝရဲ့ပြင်းထန်တဲ့စိန်ခေါ်မှုတစ်ခုဟု ခပ်မဲ့မဲ့ ပြုံးရင်း စိတ်ထဲမှ ရေရွတ်လိုက်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"မောင်မိုးဒေဝါ ဘယ်လဲ"

ကားမောင်းနေသော မိုးဒေဝါသည် ဘေးချင်းယှဉ်မောင်းလာသော ဦးသုခကားကို လှည့်ကြည့်ပြီး

"ဆိုင်သွားမလို့ပါ ဦးလေး"

"အချိန်ရလား ရှေ့နားက လက်ဖက်ရည်ဆိုင်မှာ စကားလေး ဘာလေးပြောရအောင်"

"ဗျာ ဟုတ်ကဲ့ ဒါဆို ကျွန်တော် ရှေ့နားမှာ ကားရပ်လိုက်ပါမယ်"

သင်္ကြေရှေ့ရည် လက်ဖက်ရည်ဆိုင်ရှေ့တွင် မိုးဒေဝါနှင့်ဦးသုခတို့ ကို ရှေ့ဆင့်နောက်ဆင့် ရပ်လိုက်ကြပြီး ကားပေါ်မှ ပြိုင်တူဆင်းလိုက်ကြသည်။





"လာ မောင်မိုးဒေဝါ ဒီဆိုင်က အစားအသောက်က သန့်ရှင်းပြီး အရသာရှိတယ်၊ အိမ်ကထွက်လာကတည်းက မနက်ခင်းစာ မစားခဲ့ရသေးဘူး၊ ကြုံတုန်း ငါ့တူကို ဒကာခံချင်လို့ပါကွာ"

မိုးဒေဝါ ပခုံးကို တရင်းတနှီးဖက်ပြီး ဆိုင်ထဲကို ဝင်လာခဲ့ကြသည်။ စားပွဲလွတ်တစ်ခုတွင် နှစ်ဦးသားဝင်ထိုင်လိုက်ကြသည်။

"ဘာမှာမလဲ ဒီဆိုင်က ဆိတ်ပဲနဲ့နံပြားကောင်းတယ်"

"အဘ ဘာစားမလဲ"

စားပွဲထိုးလေးအနားမှာလာရပ်ပြီး မေးသဖြင့်

"အဘက ထုံးစံအတိုင်း ဆိတ်ပဲနဲ့နံပြား လက်ဖက်ရည်ချိုစိမ့် မောင်မိုးဒေဝါရော ဘာမှာမလဲ"

လက်ဖက်ရည်ဆိုင်ထိုင်သည့်အကျင့်မရှိသော မိုးဒေဝါ ဘာမှာရမှန်းမသိသဖြင့်

"ဦးလေးမှာတာပဲ မှာတော့မယ်ခင်ဗျ"

အပြောအဆို နူးညံ့သည်သာ ယဉ်ကျေးသော မိုးဒေဝါကိုကြည့်ပြီး ဦးသုခ ပြန်ခေါင်းတဆတ်ဆတ်ညိတ်ကာ

"ဒီခေတ်ဒီကာလကြီးထဲမှာ မောင်မိုးဒေဝါတို့လို လူယဉ်ကျေးလေးတွေကြီးပဲရှိကြမယ်ဆို လောကကြီး ဘယ်လောက်သာယာအေးချမ်းလိုက်မလဲကွာ"

မြှောက်ပင့်ပြောတာမဟုတ်ဘဲ ရင်ထဲကအမှန်ပြောနေမှန်း သိ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် မိုးဒေဝါ အနေခက်နေသည်။

"ကျွန်တော်က ငယ်ငယ်ကတည်းက ဒီလိုပဲနေတတ်လို့ပါ၊ ဒါ ကြောင့် ဦးလေးအမြင်မှာ ကျွန်တော့်ကာရိုက်တာက တခြားလူငယ်တွေနဲ့ ယှဉ်ရင် တစ်မျိုးထူးနေရုံလေးပါပဲ"

"ဘာပဲဖြစ်ဖြစ် အဲဒီလို ကာရိုက်တာတွေကိုက ငါတူရဲ့ထူးခြား တဲ့မေတ္တာဓာတ်နဲ့ ပါရမီထူးတွေပဲလို့ ဦးလေးတော့ ထင်တယ်ကွာ"

ဖြေပြောကာမှ ပို၍ဆိုးနေသည်မို့ ရှက်ပြုံးပြုံးကာ စကားလမ်း ကြောင်း လွှဲဖို့အကြောင်းအရာတစ်ခုက ခေါင်းထဲကိုလှစ်ခနဲ ဝင်လာ သည်။

"ဩော် ဒါနဲ့ခုတစ်လော ချောကလက်ကို မတွေ့ဘူးနော် နေမကောင်းဖြစ်နေတုန်းလား မကြေးမုံကိုလည်း ချောကလက် နေ ကောင်းသွားပြီလားမေးဖို့အလုပ်မအားတာနဲ့ မမေးဖြစ်ဘူး"

သမီးဖြစ်သူကို သတိတရမေးသောကြောင့် ဦးသုခရင်ထဲ ထိတ် ခနဲဝမ်းသာသွားသည်။ သို့သော် မကြေးမုံဆိုတာကိုတော့ သူမသိ။ ဘယ် သူ့ကိုပြောနေတာပါလိမ့်ဟု နားမလည်ဖြစ်နေသည်။

"သမီးက နေကောင်းလို့ အလုပ်တောင်ဝင်နေပြီကွ ခရမ်းပြာ ကော်ဖီဆိုင်မှာလို့တော့ ပြောတယ်"

"ခရမ်းပြာ ဟုတ်လား အဲဒါ ကျွန်တော့်သူငယ်ချင်းကော်ဖီဆိုင် လေ ဦးလေးရဲ့၊ မနေ့ကတောင် သူ့ဆိုင်မှာ သူငယ်ချင်းတွေစုပြီး အလုပ်





ပိတ်ပွဲတိုင်ပင်ဖြစ်ကြသေးတယ်၊ ချောကလက်ကိုတော့ သတိမထားမိခဲ့ ဘူး"

"မောင်ရင့်သူငယ်ချင်းဆိုင်လား ဒါဆိုပိုကောင်းတာပေါ့၊ ဦးလေး သမီးကို အပ်ပါတယ်ကွာ၊ သူက ဖအေအလိုလိုက်ခံထားရလို့ နည်းနည်း ဆိုးပေမယ့် စိတ်ရင်းတော့ကောင်းရှာပါတယ်"

"ခရမ်းပြာကို နောက်တစ်ကြိမ်ထပ်ရောက်မှ ချောကလက်နဲ့ တွေ့လိုက်ပါမယ်၊ ကျွန်တော်လည်း သူ့ကိုကျေးဇူးတင်စကားပြောချင် သေးတယ်"

ကိုယ့်သမီးကို အဆင့်အတန်းမခွဲတဲ ဆက်ဆံတတ်သော မိုးဒေဝါ က သမီးကိုဘာကြောင့် ကျေးဇူးတင်နေရတာလဲ။

"သမီးကို ဘာကြောင့် ကျေးဇူးတင်နေရတာလဲ မောင်ရင်ရဲ့"

"မကြေးမုံလို အလုပ်သမားကောင်းကို ရှာပေးလို့ပါ"

စားပွဲထိုးလေးမှာထားသော စားစရာတွေကို လာချပေးသည်။

ဦးသုခ မျက်မှောင်ကျုံ့သွားကာ

"ဟိုတစ်ခါတုန်းကလည်း မကြေးမုံလို့ပြောတယ်၊ ခုလည်း မကြေးမုံနာမည်ကို ထပ်ပြောပြန်ပြီ၊ ဒါနဲ့နေပါဦး မကြေးမုံဆိုတာ ဘယ်သူ လဲ"

မိုးဒေဝါ တအံ့တဩ ကြည့်လိုက်ပြီး

"မကြေးမုံက ဦးလေးအမျိုးလေ ချောကလက်နဲ့ ညီအစ်မဝမ်း



www.burmeseclassic.com

www.burmeseclassic.com



ကွဲတော်တယ်လို့ ပြောတာပဲ''

ဦးသုခ ခေါင်းခါပြီး

''ချောကလက်မှာ ညီမဝမ်းကွဲမရှိပါဘူး မောင်ရင်ရဲ့၊ မကြေးမုံ ဆိုတဲ့နာမည်ကို ဦးလေး ခုမှကြားဖူးတာ''

ဦးသုခ စကားကြောင့် မိုးဒေဝါရင်ထဲ မရှင်းမလင်းဖြစ်သွားသည်။ ဘာရည်ရွယ်ချက်ကြောင့် မကြေးမုံက ညာထားရသလဲဆိုတာ မိုးဒေဝါ နားပင်မလည်တော့။

''အင်းလေ ကျွန်တော် နားကြားလွဲတာလည်း ဖြစ်နိုင်တာပဲ''

''ဒါနဲ့ နေပါဦး မကြေးမုံဆိုတာက အခု ဘယ်မှာမို့လဲ''

''ကျွန်တော့်အိမ်မှာ အိမ်အကူလုပ်နေတယ်လေ''

''ဟေ''

ဦးသုခ အံ့သြသွားသည်။

''အဲဒီ မကြေးမုံဆိုတာကို ချောကလက်က ခေါ်ပေးတာပေါ့ ဟုတ်လား''

''ဟုတ်ပါတယ် ဒါ့ကြောင့် ကျွန်တော်က ကျေးဇူးတင်စကား ပြောချင်နေတာပါ''

ဦးသုခ ခုမှပင် ဖတ်ရည်လည်တော့သည်။

''ဩော် ဒီလိုလား ဒီတစ်ခါတော့ ဦးလေးသမီးက လူမှုရေး နားလည်သားပဲကွ''





''ဗျာ''

ဦးသုခစကားက ချောကလက်မှာ ယခင်က လူမှုရေးခေါင်းပါး သောသူဟု မပြောရုံတမယ်ဖြစ်သွား၍ ကိုယ့်စကားကိုယ် ဘရိတ်ပြန်အုပ် တာ

''အရင်ကဆို လည်မယ်ပတ်မယ် ပျော်မယ်ပါးမယ်နဲ့ သူငယ် ချင်းတွေနဲ့ပဲ အချိန်ကုန်နေတာလေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ ပရဟိတလုပ် ရဖို့ သူ စိတ်မဝင်စားဘူး၊ အများကို ကူညီရကောင်းမှန်းလည်းမသိ၊ ခုတော့ အဲလိုမဟုတ်တော့ဘူး ငွေရဲ့တန်ဖိုးကိုနားလည်လာလို့ အလုပ်တွေ ဘာတွေ သူ့သဘောနဲ့သူ ထွက်လုပ်နေပြီလေ၊ အရမ်းကိုပြောင်းလဲသွား ပြီ''

သမက်တော်ချင်သူရှေ့မှာ ကိုယ့်သမီးရဲ့တန်ဖိုးကို မြှင့်မှမြှင့်မှာ မို့ ချောကလက်သိမ်မွေ့လာကြောင်းကို မမောနိုင်မပန်းနိုင် တတွတ်တွတ် ပြောမိတော့သည်။

မိုးဒေဝါကလည်း စိတ်ပါလက်ပါ နားထောင်ပေးရှာပါသည်။

''ချောကလက်ကို ပတ်ဝန်းကျင်က ဘယ်လိုမြင်မြင် ကျွန်တော် ကတော့ သူ့ကို တခြားသူတွေမြင်တဲ့အမြင်မျိုးနဲ့ မမြင်မိပါဘူး ဦးလေး ရယ်''

မိုးဒေဝါစကားကြောင့် ဦးသုခ ဝမ်းသာသွားသည်။

''သမီးကို အကောင်းမြင်ပေးလို့ ကျေးဇူးတင်ပါတယ် မောင်



www.burmeseclassic.com

www.burmeseclassic.com



မိုးဒေဝါရယ် မင်းညီမကို သွားရင်းလာရင်း အမြင်မတော်တာတွေ့ရင် ဆုံးမပါ သွန်သင်ပါ ဦးလေး အပ်ပါတယ်''

''ခုချိန်ထိတော့ မတွေ့သေးဘူး ဦးလေးရယ်၊ ကဲ စားလိုက်ပါဦး ဟင်းတွေအေးကုန်ပြီ''

ဦးသုခ ဒီတော့မှ မှာထားသော ဆိတ်ပဲဟင်းနှင့်နံပြားကို မြိန်ရေယှက်ရေ စားတော့၏။ ရိုးသားပွင့်လင်းသော ဦးသုခကိုကြည့်ပြီး မိုးဒေဝါ ပဲ့ိုးတုန်းကတည်းက ခင်မင်မိနေတာကတော့ ရှေးရေစက် ထင်ပါသည်။

■ ■ ■



## အခန်း (၁၇)

''မကြေးမုံရေ မင်းအစ်ကိုလေးအခန်းကို သန့်ရှင်းရေးလုပ်သွား ဦး မမေ့နဲ့ဦးနော်''

တိမ့်မှုရှေ့တွင် တရားနာနေသော ဒေါ်ရွှေရည်အသံကြောင့် ဘုရား ခန်းအိုးတွေ ရေလဲနေသော မကြေးမုံ အသံလှမ်းပြုလိုက်သည်။

''ဟုတ်ကဲ့ပါ ကြီးကြီး''

''ဩော် ဟိုကိုင်ဒီကိုင်လည်း လျှောက်မကိုင်နဲ့ဦးနော်''

အကဲပိုနေသော ဒေါ်ရွှေရည့်စကားကြောင့် ချောကလက်စိတ် သမှာ တင်းခနဲဖြစ်သွားသည်။ သို့သော် ထိုခံစားမှုက ချောကလက် ခင်ထဲက လျှို့ဝှက်နာကျင်ခံစားမှုဖို့ အပြင်ကိုထုတ်ပြ၍ မဖြစ်။

''ဟုတ်ကဲ့ပါ ကြီးကြီး''

သခင့်အမိန့်ကို နာခံသော 'ကျွန်မ' သဖွယ် အသံတို့က အမြဲ



www.burmeseclassic.com

www.burmeseclassic.com



ယ် ကျိုးရှုံ့ကာ လက်ညှိုးထိုးရာ လိုက်နာဆောင်ရွက်တတ်သော ကျွန်ယုံ တစ်ယောက်၏ဟန်အပြည့်။

ဒါမျိုးမှ ဒေါ်ရွှေရည်က သဘောကျတာမို့ ချောကလက်ကလည်း ဒေါ်ရွှေရည်အလိုကျ မကြေးမုံ သရုပ်မိသအောင် အောက်ကျို့ခယသည်။

ဒါမျိုးဆို ဒေါ်ရွှေရည်တို့သဘောတွေခွေ့နေတာ မကြေးမုံအမြင် ပင်ဖြစ်သည်။

ဒရင်းဘတ်ပေါ်တွင် ကျောပေးပြီးထိုင်ကာ တရားနာနေသော ဒေါ်ရွှေရည်ကို အခန်းအကွယ်ကနေ ခပ်စူးစူးကြည့်ပြီး စိတ်ထဲမှ တစ်စုံ တစ်ရာကို ကြိမ်းဝါးလိုက်သည်။ ပြီးနောက် မိုးဒေဝါအခန်းကိုဝင်ခဲ့လိုက် သည်။

လူပျိုခန်းဆိုပေမယ့် ရှုပ်ပွမနေ။ အသုံးအဆောင်ပစ္စည်းအိပ်ရာ နေရာကအစ သူ့နေရာနှင့်သူ စနစ်တကျရှိနေသည်။

အလုပ်စဝင်ကတည်းက မိုးဒေဝါအခန်းထဲ ဝင်ခွင့်မရခဲ့တာ ဒီနေ့မှပဲ ဝင်ဖို့အမိန့်ကျတော့၏။ ကိုယ် ကြိတ်ပြီးသဘောကျနေသော ယောကျ်ားတစ်ယောက်၏အခန်းထဲသို့ ဝင်ခွင့်ရသော အခွင့်အရေးကို မကြေးမုံ အမိအရဆုပ်ကိုင်သည့်အနေဖြင့် အရင်ဆုံး ခုတင်ပေါ်တွင် ပစ်လှဲပြီး အိပ်ချပစ်လိုက်သည်။

မွှေ့ရာထဲအိစက်နစ်ဝင်သွားသော ခန္ဓာကိုယ်အထိအတွေ့က မိုးဒေဝါရင်ခွင်ထဲ ခိုလှုံခွင့်ရတဲ့အထိအတွေ့မျိုးလို နူးညံ့သိမ်မွေ့လွန်းနေ





သည်။

ခပ်သင်းသင်းလေးမွှေးနေသော ခေါင်းအုံးကိုဆွဲယူကာ တင်း ကြပ်စွာပွေ့ဖက်ပြီး တရှုံ့ရှုံ့နမ်းရှိုက်လိုက်သည်။

"မိုးဒေဝါရယ် ဒီအခန်း ဒီခုတင်ပေါ်မှာ ရှင်နဲ့အတူတူ ရင်ခုန် ကြည်နူးချင်လိုက်တာ ပြီးတော့ ရှင့်ရဲ့အနမ်းတွေကိုရောပေါ့"

မိုးဒေဝါ အိပ်ရာထက်မှာ မျက်လုံးမှေးစင်းကာ ရင်ထဲကဆန္ဒ တွေကို တီးတိုးရေရွတ်လိုက်သည်။

ပြီးနောက်မျက်လုံးများကို မှေးစင်းကာ စိတ်ကူးယဉ်အိပ်မက် လေးတစ်ခုကို စိတ်ကူးနှင့်ပုံဖော်လိုက်သည်။ အထိအတွေ့နွေးနွေးတွေ အနမ်းတွေ သိမ်မွေ့သော အပြုအစုအယုအယတွေကို မျက်လုံးထဲပုံဖော် ခံစားပြီး ခန္ဓာကိုယ်တစ်ခုလုံးက မိုးတိမ်တွေလို လွင့်မျောနေသည်။

"တကယ်ပဲ ဖြစ်လိုက်ပါတော့ ကိုမိုးရယ်"

ချစ်သူနှစ်ဦးစိတ်တူကိုယ်တူ ချစ်တင်းနှောနေသော ပုံရိပ်တွေ ထဲကို အမှန်တကယ်ပင် တိုးဝင်သွားလိုက်ချင်ရလောက်အောင် ခံစားမှု အထိအတွေ့ထူးတွေက ရင်တွေကို တလှပ်လှပ်ဖြင့် အေးစိမ့်နေသည်။

ရင်ခွင်ထဲမှာ ခေါင်းအုံးဖြူလွလွကို အားမလိုအားမရ ဂနာမငြိမ် ပွတ်သပ်ပြီး ခြေအစုံကို အချင်းချင်းအမိပွာယ်မဲ့ ပွတ်သပ်နေသည့် မြင်ကွင်းသည် စိတ်ကူးယဉ်ကမ္ဘာထဲမှာ အမှန်တကယ်ပင် ချစ်သူနှင့် ချစ်တင်းနှောနေသည့် ခံစားမှုကို အပြည့်အဝခံစားနေရသည့်နှယ်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးကိုဖွင့်ပြီးဝင်လာသော မိုးဒေဝါသည် အိပ်ရာထက်တွင် ဖီလင်ဝင်ပြီး လှုပ်လှုပ်ရွရွဖြစ်နေသော မကြေးမုံကို ရုတ်တရက်မြင်လိုက်ပြီး လှမ်းနေသော ခြေလှမ်းတို့ တုံ့ခနဲဖြစ်သွားသည်။

"ဒါက ဘာလုပ်နေတာလဲ မကြေးမုံ"

အသိစိတ်လွတ်ကာ စိတ်ကူးယဉ် အချစ်ဇာတ်လမ်းထဲ စီးမျောနေသော မကြေးမုံ၏မှေးစင်းနေသော မျက်လုံးတို့ပွင့်လာပြီး အခန်းပေါက်ဝကို အလန့်တကြားအကြည့်ရောက်လာသည်။

"ဟင် အစ်ကိုလေး"

အိပ်ရာထက်မှ ဝရုန်းသုန်းကား ထရပ်လိုက်ပြီး လက်ထဲမှာ ပိုက်လျက်သား ခေါင်းအုံးကြီးကို ချထားဖို့ သတိမရသေး။

"ဒါ ဒါဘာလုပ်နေတာလဲလို့ မေးနေတယ်လေ"

"ဗိုက် ဗိုက်အောက်နေလို့ပါ အစ်ကိုလေး"

ချောကလက်တို့က ဒါမျိုးဆို ဉာဏ်နီဉာဏ်နက်က ကြံမတွေးထားပဲနဲ့ကို ထွက်ပြီးသား။

မိုးဒေဝါ ရိုးအေးသူပီပီ ချောကလက်ပေးသော ဆင်ခြေကိုယုံသည်။ ဗိုက်အောင့်တာ ငါ့ခုတင်ပေါ်တက်နေရသလားဟု ရင့်သီးစွာပြောလိုက်ချင်ပေမယ့် အားနည်းသူကို မနှိမ်ချရက်တာ မိုးဒေဝါရဲ့နူးညံ့သောမွေးရာပါစိတ်ထားပင်ဖြစ်သည်။

"တော်တော်အောင့်နေလို့လား"





"ဟုတ် ဟုတ်ကဲ့ အစ်ကိုလေး အခန်းသန့်ရှင်းရေးလုပ်နေရင်း ဗိုက်အောင့်လာလို့ ခုတင်ပေါ်ခဏလှဲမိတာပါ၊ အိပ်ရာခင်းတွေ ခေါင်းအုံးစွပ်တွေပြန်လဲပေးပါမယ်နော် အစ်ကိုလေး"

"ပြန်လဲတာကနောက် ခုလောလောဆယ် မကြေးမုံဗိုက်အောင့်နေတယ်မို့လား ဆေးအရင်သောက်ပြီး ခဏနားနေလိုက်"

"ဟုတ် ဟုတ်ကဲ့ပါ"

ရှက်စိတ်တွေရော ကြောက်စိတ်တွေရော မွန်ထူကာ အခန်းထဲမှအထွက် အခန်းဝတွင်ရပ်နေသော မိုးဒေဝါကိုရှောင်ပြီး တံခါးနှင့်ဝင်တိုက်မိသည်။

"အင့်"

"ဟာ"

ကြေးမုံပါးစပ်ထဲမှထွက်ကျသွားသော သွားအတုက ကြမ်းပြင်ပေါ်သို့ ဒေါက်ခနဲကျသွားသည်ကို မိုးဒေဝါ မြင်ပြီး ဘာကြီးလဲဟူသောသိချင်စိတ်ဖြင့် ငုံ့ကြည့်ရာမှ တစ်ပြိုင်တည်း အာမေဍိတ်သံပါ ထွက်ပေါ်သွားသည်။

"သွား သွားအတုကြီးပါလား"

မကြေးမုံ ပြန်ကောက်ချိန်ပင်မရလိုက်တော့။

မိုးဒေဝါ သွားအတုကို ကောက်ယူပြီး ချောကလက်ကို သံသယအကြည့်ဖြင့် ပြန်ကြည့်သည်။ ပါးစပ်ထဲမှ သွားအတုမရှိတော့ မကြေးမုံ



www.burmeseclassic.com

www.burmeseclassic.com



ရုပ်သွင်မဟုတ်တော့ဘဲ ချောကလက်မျက်နှာပေါ်လာသည်။

"ဟင် ချောကလက် ဒါသဘောနဲ့ ဟန်ဆောင်တာလဲ"

မကြေးမုံ မိုးဒေဝါလက်ထဲမှ သွားအတုကို ဆတ်ခနဲ လှမ်းယူပြီး ပါးစပ်မှာ ပြန်တပ်ထားလိုက်သည်။ ချောကလက်ကိုကြည့်ပြီး မိုးဒေဝါ ဘယ်လိုမှနားမလည်နိုင်တော့။ ဘာကြောင့်များ ကိုယ့်ကိုယ်ကိုယ် ရုပ်ဖျက်ပြီး မကြေးမုံအဖြစ် အိမ်ဖော်လာလုပ်နေရသလဲ။

ဒီနေ့မနက် ခရမ်းပြာကိုရောက်ခဲ့၍ ဆိုင်ရှင်သူငယ်ချင်းကို မင်းတို့ဝန်ထမ်းတွေထဲမှာ ချောကလက်ဆိုတာ ရှိလားလို့မေးခဲ့တုန်းက သူငယ်ချင်းက 'ချောကလက်ဆိုတာ စားစရာ ချောကလက်လား၊ လူနာမည်လားဟုမေးခဲ့၍ ချောကလက်ဆိုသောကောင်မလေး မင်းတို့ဆိုင်မှာ အလုပ်ဝင်နေတယ်လို့ပြောလို့ မေးကြည့်တာပါဟု ပြောတော့ သူငယ်ချင်းက ချောကလက်ဆိုတဲ့မိန်းကလေး ဘယ်တုန်းကမှ ဆိုင်မှာအလုပ်မဝင်ခဲ့ဖူးကြောင်း ဝန်ထမ်းဦးရေစာရင်းစာအုပ်ထုတ်ပြသည်။

ချောကလက် ဘာဖြစ်လို့ ညာပြောရတာလဲဟု စဉ်းစားနေသော သံသယစိတ်တွေဖြင့် အိမ်ကို လုပ်ငန်းစာချုပ် ကျန်ခဲ့၍ ပြန်လာစဉ်မှာပင် ချောကလက်က ကိုယ့်အခန်းထဲမှာရောက်နေခဲ့သည်။ ဘာလောက် အံ့ဩဖို့ကောင်းလိုက်ပါသလဲ။

ဒီကောင်မလေး ဘာသဘောနှင့် အခိုပွာယ်မရှိတာတွေ လျှောက်လုပ်နေရသလဲ။





"ကိုမိုး အဲ အစ်ကိုလေး မကြေးမုံကို ချောကလက်လို့ မမြင်ဘဲ မကြေးမုံအဖြစ်ပဲ မြင်ပေးပါ၊ စောစောက ချောကလက်ကို မတွေ့လိုက်ရသလိုပဲနေပေးပါ အား ကျွတ် ကျွတ် ကျွတ်"

ဗိုက်အောင့်ချင်ဟန်ဆောင်ထား၍ ဟန်လုပ်ပြပြီး ဒေါ်ရွှေရည်ကိုမသိစေချင်၍ မမြင်သလိုနေပေးရန် အရဲစွန့်တောင်းဆိုလိုက်သည်။

"မင်း ဘာကြောင့် ဒီအိမ်မှာ အိမ်ဖော်လာလုပ်နေရတာလဲ"

"ကိုယ့်အစွမ်းအစနဲ့ကိုယ် ငွေတစ်ခါမှမရှာဖူးလို့ ရှာကြည့်ရုံသက်သက်ပါ တခြားဘာရည်ရွယ်ချက်မှမရှိပါဘူး"

မိန်းကလေးတစ်ယောက်အနေနှင့် ကိုမိုးကို တိတ်တခိုး စွဲလမ်း၍ ကိုယ့်ဘဝကို နှိမ့်ချပြီး ကျွန်လာခံရတာပါဟု ပြော၍မဖြစ်။ မနိုင်လုံသောအကြောင်းပြချက်ကိုသာ ရွှတ်ပြလိုက်သည်။

"သားရေ စာချုပ်တွေ့လား"

ဧည့်ခန်းထဲမှလှမ်းမေးသော ဒေါ်ရွှေရည်အသံကြောင့် နှစ်ယောက်သား စကားစကိုဖြတ်ကာ

"တွေ့တယ် မေမေရေ ဒီမှာ မကြေးမုံကို အိပ်ရာခင်းတွေ ခေါင်းအုံးစွပ်တွေ လဲဖို့မှာနေလို့"

တစ်ခါမှ မညာဖူးသော မိုးဒေဝါ မေမေ့ကို ပထမဦးဆုံး ညာမိခြင်းပင်။

"ကဲ မကြေးမုံ အဲ ချောကလက် မင်းနောက်နေ့ကစပြီး ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မဆင်းပါနဲ့တော့"

"ရှင်"

ချောကလက် ထိတ်လန့်တုန်လှုပ်သွားသည်။ ဒီအလုပ်ကို ဆင်းမလုပ်၍မဖြစ်။ အဖေ့ကို ကော်ဖီဆိုင်မှာအလုပ်လုပ်နေသည်ပြောထား၏။ ဆက်မလုပ်ဖြစ်လျှင် ဘာကြောင့်မလုပ်တော့တာလဲဟူသော သံသယအမေးတွေ မေးလာတော့မည်။

"မင်း ဒီမှာ အိမ်ဖော်လာလုပ်တာကို ဦးလေးမသိဘူး၊ သိသွားရင်လည်း ကိုယ့်သားသမီး သူများအိမ်မှာ အိမ်ဖော်လုပ်နေတာကို စိတ်ကောင်းမှာမဟုတ်ဘူး၊ မင်းကိုလည်း ခွင့်လွှတ်မှာမဟုတ်ဘူး"

"ကိုမိုး မပြောနဲ့ပေါ့၊ အဲဒါဆို ဖေဖေလည်း သိစရာအကြောင်းမရှိဘူး"

သူကိုယ်တိုင် လိမ်ရုံတင်မဟုတ် ကိုယ့်ကိုပါ လိမ်ညာခိုင်း သော ချောကလက်ကိုကြည့်ပြီး မိုးဒေဝါ ခေါင်းကိုအကြိမ်ကြိမ်ခါသည်။

"မဖြစ်နိုင်ဘူး သိသိကြီးနဲ့ မင်းကိုဒီအလုပ် ဆက်ခိုင်းနေ ငါပါ အပြစ်ဖြစ်တယ် ဦးလေးက ငါ့ကိုကြိုရာပါလို့မြင်မှာပေါ့"

စာအုပ်ကြီးအတိုင်း ခေါင်းမာစွာငြင်းဆန်နေသော မိုးဒေဝါ သေချာစေ့စေ့ကြည့်ပြီး

"ကောင်းပြီလေ ဒါဆိုရင် တို့ဒီကပြန်တာနဲ့ အိမ်ကိုမပြန်တော့ ဘူး။ ခြေဦးတည့်ရာကိုပဲ ထွက်သွားလိုက်တော့မယ်"





"ဟာ ဒါ အဓိပ္ပာယ်မရှိတာပဲ"

"ရှိတယ် ကိုမိုးက တို့အဖေရဲ့ဒေါသကိုမှမသိတာ၊ အဖေက တို့အများလုပ်မိတိုင်း သွေးထွက်သံယိုဖြစ်အောင် အပြစ်ပေးတတ်တယ်၊ ဒီတော့ ခြေဦးတည့်ရာကိုထွက်သွားလိုက်ရင် အဖေ့အပြစ်ကို မခံရတော့ဘူးပေါ့"

ချောကလက်ထံမှ တကယ်လုပ်မည့်ဟန်ဖြင့် ပြောလာတော့ မိုးဒေဝါ လန့်သွားသည်။ ဒီကောင်မလေးက တဖွတ်ထိုးဆန်သည်။ တကယ်လုပ်သွားလျှင် သူ့ကြောင့်ဆိုတာ ဖြစ်မည်။

"ကျွတ် စိတ်ပျက်စရာကောင်းလိုက်တာကွာ ရုပ်ဆိုးအောင်လုပ်ပြီး အိမ်ဖော်လုပ်စားတဲ့မိန်းကလေး ပြတိုက်ပို့ထားဖို့တောင် ကောင်းနေပြီ"

မိုးဒေဝါ ခပ်ညည်းညည်းပြောရင်း လက်မှနာရီကိုကြည့်ကာ စားပွဲပေါ်တွင် အဆင်သင့်တင်ခဲ့သော ဆိုင်ခန်းစာချုပ်ကို ကမန်းကတန်း သိမ်းယူပြီး အခန်းပြင်သို့ ခပ်သုတ်သုတ်ထွက်ခဲ့လိုက်သည်။

ချောကလက် ပျော်သွားကာ ခပ်မြှုံးမြှုံးလေး ရိုတ်လိုက်ပြီး မိုးဒေဝါ ခုတင်ပေါ်သို့ ဝုန်းခနဲ ခုန်တက် လှဲအိပ်လိုက်ပြန်သည်။

"ရှင် ဘာတတ်နိုင်သေးလဲ ကိုမိုး၊ ဒါ တို့ရဲ့ပထမခြေလှမ်းပဲ ရှိသေးတာပါ၊ မကြာခင် ရှင့်အမေ ချွေးမတစ်ယောက်ကို ပိုင်ဆိုင်ရအောင် လုပ်ပြမယ်၊ အဲဒီချွေးမဟာ တခြားသူတော့မဟုတ်ဘူး၊ ချောကလက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမယ်''

အိမ်ခန်းမျက်နှာကြက်ဖြူဖြူတွေကို မချိမချဉ်အပြုံးဖြင့် ကြည့်... ပြီး ခပ်တိုးတိုးကြိမ်းဝါးလိုက်သည်။

''မကြေးမုံရေ အိပ်ရာခင်းတွေလဲပြီးရင် လာပါဦးကွယ်''

ဒေါ်ရွှေရည်အသံကြား၍ အိပ်ရာထက်မှ ဆတ်ခနဲ ထလိုက်ပြီး...

''ဟုတ်ကဲ့ ကြီးကြီး လာပါပြီ''

■ ■ ■



## အခန်း (၁၈)

''ဗျာ ကျွန်တော် အိမ်ထောင်ပြုရမယ် ဟုတ်လား မေမေ''

''ဟုတ်တယ် သား၊ ဒီအရပ်ဒီဒေသကို ရောက်ကတည်းက ...မေ သားအတွက် တစ်ရက်မှကိုစိတ်မအေးရဘူး''

စိုးရိမ်လွန်နေသော မေမေ့ဆန္ဒကို မိုးဒေဝါ ဘယ်လိုစကားလုံး ...တွေနဲ့ ငြင်းဆန်ရမလဲ။

''သားက ဘာလုပ်နေလို့ မေမေက သားအတွက် ရတက်မအေး ...နေရတာလဲ''

''ဟိုကောင်မလေး ချောကလက်ကြောင့်ပေါ့''

မေမေ ချောကလက်ကို မုန်းနေမှန်း မိုးဒေဝါ သိပေမယ့် ...ထောင်ပြုရလောက်အောင် ချောကလက်က ဘာအနှောင့်အယှက်



www.burmeseclassic.com

www.burmeseclassic.com



ပေးနေလို့လဲ၊ သားကိုတွန့်တိုနေသော မေမေ့ကိုကြည့်ပြီး ပြုံးကာ

"သူ့ကြောင့်ဆိုရအောင် သူနဲ့သားက ဘာများပတ်သက်နေလို့လဲ မေမေရယ်"

မကြေးမုံ ဟန်ဆောင်ပြီး အိမ်ပေါ်ရောက်နေတာ မေမေများ ရိပ်မိသွား၍လားဟူသောအတွေးက စိတ်တွေကိုမလုံမလဲ ဖြစ်သွားမြဲ သည်။

"ခုတော့ မပတ်သက်သေးဘူးလေ ဒါပေမဲ့ သူက တဖြည်းဖြည်း နဲ့ ပတ်သက်အောင်လုပ်တော့မှာ၊ သူ့လိုမိန်းကလေးမျိုးက စီးပွားရေး တောင့်တင်းတဲ့ယောက်ျားမျိုးတွေကိုမှ ရွေးပြီး ပိုင်းလုံးလုပ်မယ့်မိန်းမမျိုး သူ့ပါးစပ်ကပြောတာကို မေမေ့နားနဲ့ဆတ်ဆတ်ကြားခဲ့ရတော့ သားကို စိတ်ပူတယ်၊ ဒါကြောင့်မေမေ့မိတ်ဆွေရဲ့သမီးလေးနဲ့ သားကို နေရာ ချပေးမယ်"

"မေမေရယ် သားကခုမှ စီးပွားရေးလောကထဲ ခြေချမယ် ကြံကာရှိသေးတာပါ၊ အိမ်ထောင်ပြုတာ စောလွန်းပါသေးတယ်၊ နောက် ပြီး ကိုယ်တစ်ခါမှမမြင်ဖူး မတွေ့ဖူးတဲ့မိန်းကလေးကို အိမ်ထောင်ဘက် အဖြစ် ရွေးချယ်ရမယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"

"မေမေ့သားလို ရုပ်ရည်ရော ပညာရော လုပ်ငန်းအဆင့် အတန်းရော ပြောစရာဘာမှမရှိတဲ့ လူ့တန်ဖိုးကြီးလေးကို ရုပ်ကွက်ထဲက တန်ကြေးမရှိတဲ့မိန်းမတွေရဲ့ပိုက်ကွန်ထဲ ငြိသွားမှာကို မေမေစိုးရိမ်တယ်





ရယ်၊ ဒါကြောင့် မင်းတို့လူငယ်ချင်း အရင်တွေ့ကြည့်ရအောင် မေမေ စီစဉ်မှာပါ၊ ကောင်မလေးက ဘွဲ့နှစ်ဘွဲ့ရပြီးသွားပြီ၊ ခုလောလော ဆယ် ကုမ္ပဏီတစ်ခုမှာ ဌာနမှူးလုပ်နေတယ်"

"ခက်လိုက်တာ မေမေရယ် သားက ဘွဲ့တစ်ခုထဲရထားတာ ကောင်မလေးက ဘွဲ့နှစ်ခုရထားတာ သူ့ရဲ့ပညာမာနက သားကိုလွှမ်းမိုးတော့မှာ ပေါ့"

မိခင်၏ဆန္ဒကို အကြောင်းပြချက်ရှာကြံပြီး ငြင်းသည်။

"အဲဒါက သားစိတ်က ထင်တာပါ၊ သူတို့ဘက်က သားနဲ့ဆို ရင် အချိန်မရွေး လက်ခံတဲ့အကြောင်း မေမေ့ကိုပြောပြီးသား၊ ဒါကြောင့် မေမေက သားနဲ့ဆုံရအောင် အိမ်ကိုထမင်းစားဖိတ်လိုက်ပြီ"

သူမှန်တယ်ထင်ရင် ဖွတ်လုပ်တတ်သော မေမေ့ကို မိုးဒေဝါ သိပြီး ကန့်ကွက်ငြင်းဆိုတာတွေ လုပ်မနေတော့ဘဲ ငြိမ်နေလိုက်တော့ သည်။

"မေမေ့သားလိမ္မာလေးက မေမေ့စကားကို ဘယ်တော့မှမငြင်း ဘူးဆိုတာ မေမေသိပါတယ်ကွယ်"

ဘဝတစ်ခုလုံးနှင့်ဆိုင်သည့် အိမ်ထောင်ရေးကိစ္စကြီးကိုတော့ ခွင့်ပြုပါရစေ မေမေရယ်ဟု စိတ်ထဲကပဲ ပြောလိုက်ပါသည်။

ဒေါ်ရွှေရည် ငြိမ်သက်စွာနားထောင်နေသော မိုးဒေဝါကိုကြည့် ကာ ကျေနပ်ဖြင့်ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘဆန္ဒကို ဘယ်တုန်းကမှ ငြင်းဆန်ခြင်းမရှိသော သားမို့ ဒီတစ်ကြိမ်လည်း သားရဲ့အိမ်ထောင်ဖက်ကို အကောင်းဆုံးရွေးချယ်ပေး နိုင်လိမ့်မည်ဟုတွေးပြီး ဘဝင်ထိနေသူက ဒေါ်ရွှေရည်ပင်ဖြစ်သည်။

■ ■ ■

"အစ်ကိုလေး ခဏ ခဏ"

ကားစက်နိုးကာ အိမ်ရှေ့မှ ထွက်မည့်ဆဲဆဲ တိုက်ထဲမှ ဆွဲခြင်း ကိုင်ပြီး ပြေးထွက်လာသော မကြေးမုံကိုလှည့်ကြည့်ပြီး

"ဘာမှာမလို့လဲ မကြေးမုံ"

"မှာမလို့မဟုတ်ဘူး လမ်းကြုံလိုက်ချင်လို့"

"ဘယ်ကိုလမ်းကြုံလိုက်မှာလဲ"

"ဈေးကိုပါ အစ်ကိုလေးရဲ့"

"ဒါဆိုလည်း တက်"

နှစ်ယောက်ထဲ အတူသွားရတော့မည့်အခွင့်အရေးမို့ ချောက လက် ပျော်သွားပြီး ရှေ့ခန်းတံခါးကိုဆွဲဖွင့်ပြီး တက်မည်အပြု ဒေါ်ရွှေရည် တိုက်ထဲမှထွက်လာပြီး

"ဒါက ဘာလုပ်တာလဲ မကြေးမုံ"

ဒေါ်ရွှေရည်အသံကြောင့် ချောကလက် တွန့်သွားပြီး မဲ့မဲ့ လှည့်ကြည့်ကာ

"အစ်ကိုလေးနဲ့ ဈေးကိုကားကြုံလိုက်သွားမလို့ပါ ကြီးကြီး"





"မကြေးမုံကို ဆိုက်ကားခပေးထားတယ်လေ ဆိုက်ကားနဲ့ သွားပေါ့။ သားအလုပ်ကိစ္စရှိနေတာ သူ့ဟာသူ ဖြောင့်ဖြောင့်သွားပါစေ"

သူ့သားကားပေါ်ကို ဘယ်မိန်းကလေးမှ တက်တာမကြိုက်သည့် ပုံစံမျိုးနှင့် ခပ်မာမာပြောနေသည်မို့ မကြေးမုံထပ်ပြီး စောဒက မတက်ရဲ တော့။

"ဟုတ်ကဲ့ ကြေးမုံ ဆိုက်ကားနဲ့ပဲ သွားပါတော့မယ်"

မိုးဒေဝီ မနေသာတော့

"သားလည်း ဈေးရှေ့က ဖြတ်သွားရမှာပဲ မေမေရယ် တစ်ခါ တည်းခေါ်သွားပေးလိုက်လို့ရတာပဲ ဆိုက်ကားခ မကုန်တော့ဘူးပေါ့"

အမြဲတမ်း တစ်ပါးသူဘက်က စာနာနားလည်ပေးသော သား ဖြစ်သူ၏စိတ်ဓာတ်ကို ဒေါ်ရွှေရည် သဘောမကျ။

"နေရာတကာ သဘောကောင်းမနေပါနဲ့ သားရယ်၊ သူ့နေရာ သူနေပါစေ မေမေ့သားရဲ့ကားပေါ်ကို သားရဲ့ချစ်သူကလွဲပြီး ဘယ်လိုမိန်း ကလေးမျိုးမှ လိုက်စီးတာကို မေမေ မနှစ်မြို့နိုင်ဘူး"

ခုရှုတ်မှ နောင်ရှင်း တစ်ခါထဲ အပြတ်ပြောလိုက်သဖြင့် မ ကြေးမုံ မျက်ရည်တို့ ဝေ့ခနဲ ဖြစ်သွားတာကို ဒေါ်ရွှေရည် သတိထားမိ လိုက်သည်။

သို့သော် မတတ်နိုင်။ အိမ်ဖော်ပဲဆိုပြီး လျှော့တွက်လို့မှ မရ သော်



www.burmeseclassic.com

www.burmeseclassic.com



ချောကလက်မှာလည်း ကိုယ်ချစ်နေသောသူ့ရှေ့မှာ ခုလို အခင့် အတန်းခွဲခြားသတ်မှတ်ခံလိုက်ရ၍ ရင်ထဲမှာ မချိအောင်နာကျင်ခံခက် လွန်းလှသည်။ အောက်နှုတ်ခမ်းကို ပြတ်ထွက်မတတ် ဖိကိုက်ကာ တက် တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ချင်ပေမယ့် ချောကလက်ရဲ့အချိန်ကို မရောက်သေး။ ဒီတော့ ဝှန်းခနဲ နှစ်ထွက်ချင်သော ဒေါသတွေကိုမျိုသိပ် ပြီး မျက်နှာအမူအရာကို အတတ်နိုင်ဆုံးဖြေလျှော့ကာ သနားစရာကောင်း ပြီး သိမ်ငယ်သောအမူအရာဖြင့်

"ဟုတ်ကဲ့ပါ ကြီးကြီး ကြေးမုံ အစ်ကိုလေးကားနဲ့ လိုက်မသွား တော့ပါဘူး"

ဒေါ်ရွှေရည်နှင့်မိုးဒေဝါရှေ့မှ ခပ်ရှိုရှိုထွက်လာခဲ့လိုက်သည်။ မြို့အပြင်ရောက်မှ တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ကာ

"သိဝ်ပြီးဘဝင်မြင့်တဲ့မိန်းမကြီး၊ လူကိုလူပီပီသသ မဆက်ဆံ ဘူး။ ရပ်ကွက်ထဲက စိတ်မျိုးသာဆိုရင် ပိုးစိုးပက်စက်ကို ပြန်ပြောလိုက် တယ်"

ခြေလှမ်းတွေက ဒေါသကြောင့် လိုတာထက်ပို၍ မြန်နေသည်။ ဆိုက်ကားလည်း ငှားမစီးချင်တော့၍ ဈေးသို့ခြေလျင်ပင်လျှောက်တော့ မည်ဟုတွေးကာ လျှောက်လာလိုက်သည်။

"တီ တီ တီ"

အနောက်မှ ကားဟွန်းသံကြောင့် လှည့်ကြည့်လိုက်သည်။





မိုးဒေဝါ၏ကားဖြစ်နေ၍ မျက်နှာပေါ်မှ မကျေနပ်သော အရိပ်အယောင် တွေကို အရောင်ပြောင်းလိုက်ပြီး သနားစရာကောင်းသော အမူအရာ ဖြင့်

"အစ်ကိုလေး"

"တက် ကားပေါ်ကို"

တက်ချင်ပေမယ့် မဝံ့မရဲဟန်လုပ်ကာ

"ဟင့်အင်း ကြီးကြီးသိရင် ကြေးမုံကို ဆူလိမ့်မယ်"

"ကဲ ဒီမှာ ချောကလက် မေမေက မင်းကိုယ့်ကားပေါ်တက် တက်ဆိုတာ အလုပ်ရှုပ်ခံပြီး လိုက်မချောင်းဘူး၊ ဒါကြောင့် စိတ်ဖြောင့် ဖြောင့်တက်ပါ၊ ဈေးကိုရောက်ဖို့ အဝေးကြီးလျှောက်ရဦးမယ်"

ချောကလက်အနေဖြင့် ဆက်ဆံလာသောကြောင့် ကားတံခါး ဖွင့်ပြီး ပေါ့ပေါ့ပါးပါးဟန်ဖြင့် တက်လိုက်သည်။

"တို့ ရှင့်ကားပေါ်တက်လိုက်လာလို့ ရှင့်သိက္ခာတော့ မကျပါ ဘူးနော်"

ချောကလက် အမေးကိုမဖြေဘဲ ကားကိုဆက်မောင်းကာ

"မင်းဒီအလုပ်ကို ဘာရည်ရွယ်ချက်နဲ့ လုပ်နေလဲဆိုတာ ကိုယ် နားမလည်နိုင်ပေမယ့် ဆက်မလုပ်သင့်တော့ဘူးလို့ ထင်တယ်"

"ဟင့်အင်း ဒီအလုပ်ကို ဘယ်လောက်ပဲခက်ခဲပါစေ တို့ရဲ့ အောင်ကိုလုပ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအတွက် ဘယ်လောက်အကျိုးအမြတ်ရနေလို့လဲ"

"ရတယ် အဲဒီအကျိုးအမြတ်က ဘာနဲ့မှ တန်ဖိုးဖြတ်လို့မရဘူး။ ငွေနဲ့လည်းဝယ်လို့မရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ တို့ရဲ့ဂုဏ်သိက္ခာနဲ့ လဲလှယ်ထားရလို့ပဲ၊ နောက်ပြီး တို့ မိန်းမပီပီသသနေတတ်လာတယ်"

"မင်း အခုလိုလုပ်နေတာတွေ ကိုယ့်အမေရဲ့အပြောအဆို အနှိမ်ချခံနေရတာတွေက ဒီလောက်အချက်ကလေးတွေနဲ့ လုံလောက်လို့လား၊ နောက်တစ်ခုရှိသေးတယ်မို့လား"

ရင်ထဲကို ထိုးဖောက်မြင်နိုင်စွမ်းရှိသော မေးခွန်းမို့ ချောကလက် လှည့်ကြည့်ပြီး ပြုံးလိုက်သည်။

"အဲဒီနောက်တစ်ခုက ဘာလဲဆိုတာ ရှင်မသိလို့ မေးနေတာလား"

မိုးဒေဝါထံမှ ကားမောင်းရင်း ဟက်ခနဲ ရယ်သံထွက်လာသည်။

"မင်းတို့ ဒီခေတ်မိန်းကလေးတွေ တော်တော်နားလည်ရခက်ပါလား၊ လုံးဝ ထင်မထားတဲ့အကွက်တွေလည်း ရွှေ့တတ်တာပဲနော်"

"တို့ကလည်း ရှင့်လို ရိုးသားတဲ့လူရဲ့ရင်ထဲက ခံစားချက်တွေကို ထွင်းဖောက်မြင်ချင်တယ်၊ အခု ဘာမှမမြင်ရတော့ နားလည်ရခက်တယ်"

မိုးဒေဝါ ကားမောင်းရင်းမှ ချောကလက်ကိုလှည့်ကြည့်သည်။ မိနစ်အနည်းငယ်မျှ အကြည့်ချင်းဆုံသွားသည်။ ရဲတင်းလွန်းသော ချော





ကလက်၏အကြည့်တွေနှင့် မယှဉ်ပြိုင်နိုင်သော မိုးဒေဝါကပင် အကြည့်ကို ဦးစွာလွှဲပြီး ကားကိုခပ်ဖြည်းဖြည်းရပ်လိုက်သည်။

"ကဲ ဈေးရှေ့ရောက်ပြီ"

ဒီတော့မှ ချောကလက်၏အကြည့်တို့ လွှဲဖယ်ကာ ဆွဲခြင်းကိုင် လျက် ကားတံခါးဖွင့်ဆင်းလိုက်သည်။

"အပြန် ဆိုက်ကားငှားပြန်နော်"

နွေးထွေးသိမ်မွေ့လွန်းသည်ဟု ထင်ရသော အမှာစကားကြောင့် နှုတ်ခင်းတောက်ပစွာလင်းနေသော နေရောင်နှင့်အပြိုင် ရင်တစ်ခုလုံး ရှိန်းမြနွေးထွေးသွားသည်။

"အင်းပါ ဒီနေ့ ကိုမိုးပြန်လာရင် ကိုမိုးကြိုက်တဲ့ ဟင်းတွေစား ရအောင် အကောင်းဆုံးချက်ထားမယ်နော်"

မိုးဒေဝါ ခေါင်းတစ်ချက်ညိတ်ကာ ကားကိုငြိမ့်ခနဲ မောင်းထွက် သွားသည်။ ချောကလက်မှာသာ ဈေးထဲသို့ ချက်ချင်းမဝင်သေးဘဲ မိုးဒေဝါ ၏ကားမြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်အထိ သတိလက်လွတ်ရပ် ကာ ငေးမောနေမိဆဲ။ မိုးဒေဝါကို ဘယ်ဘဝရေစက်ကြောင့် ဒီလောက် ချစ်နေရပါသလဲဆိုတာ စဉ်းကိုမစဉ်းစားတတ်တော့။

"ကလင် ကလင် ကလင်"

"ဘေးကို ဖယ် ရှေ့မှာဘာလို့ ပိတ်ရပ်နေတာလဲ ဖယ်လေ ညော် ဒီသွားခေါ်မတော့"



www.burmeseclassic.com

www.burmeseclassic.com



"အယ်"

သွားခေါ်မဟု ပျစ်ပျစ်နှစ်နှစ် ဝေဖန်သွားသော ဆိုက်ကားသမား၏ရှင်းသီးသောစကားကြောင့် ငေးနေသော ချောကလက် အလန့်တကြားဖြင့် နောက်လှည့်ကြည့်လိုက်သည်။

ရန်တွေ့မည်ဟု နှုတ်မှရွယ်ပြီးကာမှ တခြားသူမဟုတ် လမ်းထဲက အမြဲမှူးနေသော ဆိုက်ကားသမား အောင်ဒင်ဖြစ်နေသည်။ အင်းဖေါ့လေ ချောကလက်ကို ဘယ်မှတ်မိပါ့မလဲ။

ခေါ်နေသောသွားကိုသာ ရှက်ရှက်ဖြင့် အုပ်ပြီး ဈေးထဲသို့ ခပ်သွက်သွက်ဝင်ခဲ့လိုက်သည်။ ဒီနေ့ဝယ်ရမယ့်ဟင်းချက်စရာတွေက အရင်နေ့တွေကထက် နှစ်ဆပိုများနေသည်မို့ ခပ်မြန်မြန်ဝယ်မှရမည်။

ဒေါ်ရွှေရည် ရေးပေးလိုက်သော ဟင်းလျာစာရင်းကို ကြည့်လိုက် ဝယ်လိုက်နှင့် ဈေးထဲမှ အသိတွေကိုလည်း နှုတ်မဆက်ရဲ။ သူတို့အားလုံးကလည်း ချောကလက်ဆိုတာမသိ။

ကိုယ့်လုပ်ရပ်တွေသည် အဓိပ္ပာယ်ရှိရဲ့လားဆိုတာ တစ်ခါတစ်ခါတွေးကြည့်ဖူးပါသည်။ ရယ်လည်းရယ်မိပါသည်။

နှလုံးသားရဲ့စေခိုင်းချက်ကို ရုပ်နာမ်တရားကြီးက လိုက်လုပ်နေမိတာကိုတော့ အဓိပ္ပာယ်မရှိ ရူးနှမ်းသည့်အလုပ်ဟုတွေးပြီး ရုပ်တန်းကရပ်ပစ်ဖို့တော့ စိတ်ကူးမရှိခဲ့ပါ။

အချစ်က စေခိုင်းခဲ့တာပဲ။

■ ■ ■



## အခန်း (၁၉)

"မှာတာတွေ အကုန်ဝယ်ခဲ့ရဲ့လား မကြေးမုံ"

အိမ်ရောက်ရောက်ခြင်း ဒေါ်ရွှေရည်အမေးကို အမောတွေကြားမှ အရင်ဖြေရသည်။

"အကုန်ရခဲ့ပါတယ် ကြီးမေ၊ ပင်လယ်စာရော တရုတ်စာရော ပဲဒိုးအယားစာတွေပါ အကုန်ရခဲ့တယ်"

ဆွဲခြင်းကြီးထဲမှ ပြည့်လျှံမောက်နေသော ဟင်းလျာနှင့်ဟင်းသီးဟင်းရွက်တွေကို တစ်ခုချင်းထုတ်ရင်း တာဝန်ကျေစွာထမ်းဆောင်နေသော မကြေးမုံကို သဘောတကျကြည့်ပြီး ဒေါ်ရွှေရည် ဟင်းလျာတွေကို စစ်ဆေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မကြေးမုံက ဘယ်ဆိုးလို့လဲ ဈေးတော့ ဝယ်တတ်သားပဲ၊ ကြီးကြီးမှာတာတွေကို ကြီးကြီးစိတ်ကြိုက် ဝယ်လာနိုင်တယ်"

လူတစ်ယောက်ကို ချီးမွမ်းခဲ့သော ဒေါ်ရွှေရည်က ထူးထူးခြားခြား ချီးမွမ်းနေ၍ စိတ်ထဲမှ ကြိတ်ပြီး မဲ့လိုက်သည်။

လူကိုမတူသလို မတန်သလို ဆက်ဆံတုန်းက ဆက်ဆံပြီး သူ့လိုတာပြည့်တော့ လိုတာထက်ပိုပြီး သဘောတကျကြည့်ပြီး ဒေါ်ရွှေရည်၏စိတ်ကို ချောကလက် သဘောမကျ။

"ဒီလောက် ဟင်းလျာတွေအများကြီး ဝယ်ခိုင်းပြီး ဘာလုပ်မလို့လဲ ကြီးကြီး"

"သြော် ဟုတ်သားပဲ မကြေးမုံ မသိသေးဘူးပဲ"

"ရှင် ကြေးမုံ မသိသေးဘူး ဟုတ်လား"

"ဟုတ်တယ် မနက်ဖြန် အိမ်ကိုဧည့်သည်တွေလာမယ်လေ၊ ဒါကြောင့် သူတို့ကို ညနေစာဧည့်ခံဖို့အတွက် ဒီနေ့ကတည်းက ကြိုတင်ဝယ်ခြမ်းထားတာ"

"သြော် ဒါ ဒါပေမဲ့ ဒီလောက်အများကြီးကို ကြေးမုံတစ်ယောက်တည်း ချက်တတ်ပါ့မလားလို့ စိုးရိမ်မိတယ် ကြီးကြီး၊ ကြေးမုံက လည်း မြန်မာအစားအသောက်လောက်ပဲ ချက်တတ်တာ၊ ပင်လယ်စာတို့ ယိုးဒယားစာတို့ဆိုတာ သိပ်မချက်ဖူးဘူး အဲ ရှင်းရှင်းပြောရရင် ချက်တို့ မချက်ဖူးတာ"





"ရပါတယ် ဘေးကနေ ကြီးကြီးက ဘယ်လိုချက်ရမယ်ဆိုတာ ပြောပြပေးမယ်၊ ညည်းလည်း ပညာရတာပေါ့၊ ညည်းလက်ရာသာ သူတို့ သဘောကျရင် နောက်ဆို မကြာမကြာ ချက်ကျွေးရတော့မှာ"

ဒေါ်ရွှေရည် မျက်နှာပေါ်မှအရိပ်တွေသည် ကျေနပ်ခြင်း ပီတိ ဖြစ်ခြင်းတွေဖြင့် ဝင်းထိန်နေပြီး စကားတွေက ရွှန်းရွှန်းကိုဝေနေသည်။

လာမည့်ဧည့်သည်တွေက ဘယ်လိုဧည့်သည်တွေမို့ ဒီလောက် အရေးတယူဖြစ်နေရတာလဲ။

"ဧည့်သည်တွေက ဘယ်နှယောက်လာမှာလဲ ကြီးကြီး"

"မိသားစုသုံးယောက်ထဲပါ၊ သူတို့က အရမ်းချမ်းသာကြတယ် ဘော်ရုံအစားအသောက်မျိုးနဲ့ ဧည့်ခံလို့မရဘူး"

ငွေကြေးစည်းစိမ်ချမ်းသာက ဒေါ်ရွှေရည်ကို တော်တော်လွှမ်းမိုး ထားတာပဲဟု တွေးပြီး မွေးကတည်းက မချမ်းသာခဲ့သော ကိုယ့်ဘဝကိုယ် မကျေမနပ်ဖြစ်မိတော့သည်။

ခုနေ ချောကလက်သာ မိလျှံနာသူဌေးမကြီးဖြစ်ကြည့် ဒေါ်ရွှေရည်တို့ ချောကလက်ကို ခုလိုတခမ်းတနားဖြင့် ဧည့်ခံကြိုဆိုရမှာ၊ ချွေးမ တော်ချင်လှချည်ရဲ့ဆိုပြီး သူ့သားနဲ့သဘောတူမှာ သေချာသည်။

အတွေးနှင့်အတူ မျက်လုံးထဲမှာ ပုံဖော်ကြည့်ပြီး စိတ်ထဲမှာတော့ အခက်တော့ ချမ်းမြေ့သွားရသည်။ မိုးဒေဝါရဲ့အချစ်ကိုရဖို့ ချောကလက် ချမ်းသာရမှ်ရမည့်ဘဝမို့ ဒီတစ်သက် လူဖြစ်ရကျိုးတောင်နပ်ပါတော့



www.burmeseclassic.com

www.burmeseclassic.com



မလာ။

မိုးဒေဝါ၏အကြည့်နှင့်ဆက်ဆံရေးတွေက ကရုဏာလွှမ်း
ရင်ခုန်စရာကောင်းပြန်တော့လည်း မရေရာသောအိပ်မက်ကလေး
ကို မက်ပြီး မျှော်လင့်ချက်ရေးရေးလေးကို ရင်ဝယ်ပိုက်မိပြန်သည်။

"မကြေးမုံ"

"ရှင်"

ဒေါ်ရွှေရည် ခေါ်သံကြောင့် အတွေးစတို့ ပျက်သွားကာ လှ
ကယောင်ကတမ်း ထူးလိုက်သည်။

"ဘာတွေ တွေးနေတာလဲ ကြီးကြီးပြောနေတာကို မကြား
လား"

"မ မကြားလိုက်ဘူး ကြီးကြီး ဘာပြောတာလဲဟင်"

"နေ့လယ် ညှော်ခန်းထဲက အလုပန်းအိုးတွေကို သန့်ရှင်း
လုပ်မယ်၊ ဆိုဖာတွေပေါ်က အစွပ်တွေလဲမယ် ပန်းပင်က သစ်ရွက်တွေ
ဖုန်တစ်စက်မှမတင်စေနဲ့ လိုက်ကာကို မိုးပြာရောင်လေးလဲထားမယ်"

"ဟုတ်ကဲ့ပါ ကြီးကြီး"

မနက်ရောက်ကတည်းက ဒေါင်ချာဆိုင်းအောင်လုပ်နေရသော
ချောကလက်မှာ ညနေမပြန်မချင်း ဖယ်ဆက်အောင်လုပ်ရဦးမည့်အလုပ်
တွေအတွက် ရင်ထဲမှာ မောရှုံ့နေသည်။

သို့ပေမယ့်လည်း တစ်ချိန်ချိန် ဒီအိမ်ရဲ့အရှင်သခင်မနေရာ





ဖို့အတွက် ဒီလောက်တော့ ရင်းနှီးပေးဆပ်ရမှာပေါ့။

"ဒီနေ့ည အိမ်မပြန်ဘဲနေပေးလို့ရမလား မကြေးမုံ"

ဒေါ်ရွှေရည်၏တောင်းဆိုမှုကို ချောကလက်တို့က ကပြီးတောင်
သက်ခံသေး၏။

"ရပါတယ် ကြီးကြီး"

"အေးကွယ် ကျေးဇူးတင်ပါတယ် ညည်းအိပ်ပေးမှ ဒီနေ့ည
အတည်းက တချို့ဟင်းပွဲတွေအတွက် ကြိုတင်စီစဉ်ပေးလို့ရမှာ"

"စိတ်ချပါ ကြီးကြီးရယ် ကြေးမုံ တစ်ညလုံးမအိပ်နဲ့ဆိုရင်
အောင် မအိပ်ဘဲအလုပ်တွေလုပ်ပေးပါ့မယ်"

ချောကလက်၏အလိုက်သိမှုကို ဒေါ်ရွှေရည် သဘောအကျကြီး
ကျကာ

"အေးပါ ညည်းအစ်ကိုလေး မင်္ဂလာပွဲကျရင် ညည်းပါမင်္ဂလာ
ပွဲတက်ရအောင် ဝတ်စုံကောင်းကောင်း ဝယ်ပေးမယ် ကြားလား"

"ရှင် ဘယ် ဘယ်လို မင်္ဂလာပွဲ"

လျှာခလုတ်တိုက်မတတ် အငမ်းမရမေးလိုက်သော အမေးနှင့်
အတူ ရင်ထဲမှာမြောင်းဆန်အောင် လှုပ်ရှားသွားသည်။

"ဟုတ်တယ်"

"ဘယ်တော့လဲ ဘယ်သူနဲ့လဲ"

"မနက်ဖြန်လာမယ့် ဧည့်သည်တွေရဲ့ တစ်ဦးတည်းသော သမီး



www.burmeseclassic.com

www.burmeseclassic.com



လေးလေ''

သိပ်မကြာသေးခင်က အိမ်မှုကိစ္စတွေလုပ်ဖို့ စိတ်အားထက်သန်နေသောစိတ်တွေသည် ရေနွေးပူနှင့်အလောင်းခံလိုက်ရသလို တဆတ်ဆတ် တုန်ယင်နာကျင်လာသည်။

ထိုသို့ နာကျင်လာသည်နှင့်အမျှ ဒေါ်ရွှေရည်ကို တမြေ့မြေ့ မုန်းတီးနာကျင်လာသည်။

''အစ်ကိုလေးရဲ့ချစ်သူလား ကြီးကြီး''

''မဟုတ်ပါဘူး''

''ဟင် အဲဒါကို အစ်ကိုလေးက လက်ခံတယ် ဟုတ်လား''

''ဟဲ့ လက်မခံလို့ရမလား မအေကိုယ်တိုင် စီစဉ်တာပဲ လက်ခံရမှာပေါ့။ ညည်းအစ်ကိုလေးလို လူတော်မျိုးကို ငမ်းငမ်းတက် မိန်းမချောတွေက လိုချင်တာမှ တစ်ပိုင်းကိုသေလို့၊ ကြီးကြီးက အဲဒီလိုမိန်းမချောတွေရဲ့အမိဖမ်းတာမျိုး ခံရမှာစိုးလို့ စောစောစီးစီး အိမ်ထောင်ချပေးဖို့ စီစဉ်လိုက်တာ''

ခေါင်းငုံ့ကာ အောက်နှုတ်ခမ်းကိုပြတ်ထွက်မတတ် ကိုက်လိုက်သည်။ ဝဲတက်စပြုနေသော မျက်ရည်တို့ စီးမကျလာအောင် ပုတ်ခတ်ထိန်းလိုက်ပြီး မျက်နှာပေါ်မှ ခံရခက်သော ခံပြင်းရိပ်တွေကိုဖုံးဖိကာ

''ခုရော အစ်ကိုလေးကို အမိဖမ်းနေတဲ့မိန်းကလေး ရှိလို့လား ကြီးကြီးရယ်''





ထိုမေးခွန်းဟာ ကိုယ့်ရင်ကို ကိုယ်ပြန်ဖောက်ထုတ်သည့် နာကျင်မှုမျိုးဖြစ်စေမှန်းသိလျှင် မေးခဲ့မည်မဟုတ်။ ဒေါ်ရွှေရည် ခပ်မဲ့မဲ့ ပြုံးပြီး

''ပြောရမှာ အားတော့နာတယ် ကြေးမုံရယ်''

''ပြောပါ ကြီးကြီးရယ် အားမနာပါနဲ့''

''ပွင့်ပွင့်လင်းလင်းပြောရရင် မကြေးမုံရဲ့ညီမ ဈေးထဲမှာပြောနေခဲ့တာတွေကို ကြားခဲ့ပြီးကတည်းက သားကိုအိမ်ထောင်ချပေးဖို့ အမြန်ဆုံး အကောင်အထည်ဖော်လိုက်မိတာပဲ''

သားရှင်ဖြစ်၍ မာန်တက်နေသော ဒေါ်ရွှေရည်ကို တစ်ခုခု ဆက်တုံ့ပြန်ချင်မိလောက်အောင် မခံချင်စိတ်တွေက ရင်ဘတ်တစ်ခုလုံး မှာ ဖောက်တက်လာသလားပင်။

စိတ်ချ ဒေါ်ရွှေရည် မိုးဒေဝါကို ရှင်ကြီး သိပ်မုန်းနေတဲ့ကျွန်မ က အပိုင်သိမ်းပြမယ်ဆိုတာ ရှင် သိလာလိမ့်မယ်။

စိတ်ထဲက ဘယ်နှကြိမ်မြောက် ကြိမ်းဝါးနေမိလဲမသိလောက် အောင် ချောကလက်ရင်ထဲတွင် မီးတောင်ပေါက်များစွာ ပေါက်ကွဲ၍နေ သည်။

မတရားသောနည်းနှင့် အပိုင်သိမ်း၍ ရရှိလာမည့် မိုးဒေဝါ၏ အမုန်းကိုလည်း ချောကလက် ခံနိုင်ရည်ရှိစေရန် ကြိုတင်ပြင်ဆင်ထား ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အချိန်တွေကြာလာတာနှင့်အမျှ ချောကလက်အချပ်တွေဟာ မိုးဒေဝါအပေါ်မှာ ဘယ်လောက် နူးညံ့သိမ်မွေ့ပြီး မြူစင်မှုန်မြတ်သလဲဆိုတာ သိလာစေရမည်။

ခုချိန်မှာတော့ ဒေါ်ရွှေရည်၏အတွန့်နှင့်မာနတွေအောက်မှာ သူ့စိတ်ကြိုက် ပြားပြားဝပ်နေပေးလိုက်ဦးမည်။

■ ■ ■



## အခန်း (၂၀)

"ဟော့ကောင် မင်းဘာတွေညစ်နေတာလဲ မိုးကြီး"

ရွှင်ရွှင်ပျပျမရှိဘဲ မှုန်ကုတ်နေသော မျက်နှာကိုကြည့်ပြီး ဖော် စူးစမ်းသလိုဖြင့်မေးသည်။

"ငါ ညစ်နေတယ် နေဖော်ရာ"

"ဟမ် ဘာဖြစ်လို့လဲ"

"ငါ့အမေက မနက်ဖြန် ငါ့ရဲ့အိမ်ထောင်ဖက်နဲ့တွေ့ပေးမယ်ကွာ"

ခေါင်းမှဆံပင်တို့ကို ထိုးဖွကာ စိတ်မသက်မသာလေသံကြီးဖြင့် နေသော မိုးဒေဝါကိုကြည့်ပြီး နေဖော် တဟားဟားရယ်တော့သည်။

"ငါပြောတာ ရယ်စရာကောင်းနေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ကွ ကိုယ့်အမေက အလိုက်တသိ အိမ်ထောင်ဖက် ရှာပေးတာနဲ့ပဲ ကြက်ကြီးလည်လိမ်ထားသလို စိတ်ဆင်းရဲနေတာ မင်းတစ် ယောက်ထဲတွေ့ဖူးတယ်၊ နောက်ပြီး ရည်းစားရှိနေလို့ မိဘသဘောတူတဲ့ သူနဲ့မယူချင်ပါဘူးဆိုလည်း ဟုတ်သေး။ ခုတော့ ရည်းစားကျတော့လည်း ထားရကောင်းမှန်းမသိ ငါတော့ထင်ပါတယ် လောကကြီးမှာ မင်းလက် ထပ်ယူမယ့်မိန်းမ မမွေးသေးဘူးလို့"

လှောင်ပြောပြောပြီး ဘီယာခွက်ကို ယူမော့လိုက်သောနေဇော် ကို ကြည့်ပြီး ခပ်ကြိတ်ကြိတ်ဆဲလိုက်သည်။ နေဇော် သူ့ကိုဆဲမှန်းသိ ပေမယ့် စိတ်ဆိုးပုံမပြဘဲ တဟားဟားအော်ရယ်ရင်း စားပွဲထိုးဆီမှ ဖန်ခွက်တစ်ခွက်ကို လှမ်းတောင်ပြီး မိုးဒေဝါရှေ့သို့ချပေးသည်။

"ဒါ ဘာလုပ်တာလဲ"

"သောက်လေ"

"ဟာ ငါ အဲဒါကို အကျင့်မလုပ်ချင်ဘူး မင်းဖာသာပဲသောက် အရက်သောက်တာ ငါ့အမေက လုံးဝကြိုက်တာမဟုတ်ဘူး"

ဖန်ခွက်ကို နေဇော်ရှေ့သို့ ပြန်၍တွန်းပေးလိုက်သည်။ နေဇော် ကလည်း ပြန်၍ မိုးဒေဝါရှေ့ကို တွန်းပေးကာ

"ဟကောင် ဒါ အရက်မဟုတ်ဘူး ဘီယာကွ ဘီယာသောက် တတ်ရင် ဆေးဖက်တောင်ဝင်သေးတယ်၊ ခန္ဓာကိုယ်သွေးလည်ပတ်မှု အား ကောင်းတယ်"





"ငါ သွေးလည်ပတ်မှုက ကောင်းပြီးသားပဲ အဲဒီအရည်သောက် စရာမလိုပါဘူး"

ကလေးဆန်လွန်းသော မိုးဒေဝါ၏ရိုးအပုံကိုကြည့်ပြီး နေဇော် ကျွတ်ခနဲ စုတ်သတ်ကာ

"ခုချိန်မှာ မင်းကိုသွေးလည်ပတ်အားကောင်းအောင် သောက် ခိုင်းနေတာမဟုတ်ဘူးကွ မင်းအဲလို ကလေးဆန်လို့လည်း မင်းအမေက မင်းနဲ့အိပ်မယ့်မိန်းမကအစ လိုက်ရှာပေးနေရတာ ရှင်းလား၊ ငါ အခု သောက်ခိုင်းတာ မင်းအမေကို ဆန္ဒပြခိုင်းတာ နားလည်လား၊ ငါ့သား လေး မိန်းမမလိုချင်လို့ စိတ်ညစ်ပြီး ဘီယာတွေမသောက်စဖူး သောက် လာပါလားဆိုပြီး သူ့ခြေလှမ်းတွေနောက်ကို ဆုတ်သင့်သလောက် ဆုတ် ရအောင် ငါက ဒီနည်းနဲ့ ဆန့်ကျင်ခိုင်းတာ ရှင်းလား ငတုံး"

"ငါ ဒါကိုသောက်သွားရင် ငါ့အမေ သူ့အစီအစဉ်ကို ဖျက်နိုင် ခြေရှိလို့လား"

"ဒါပေါ့ ဖျက်ရမှာပေါ့ မယုံရင် မင်းသောက်သွားကြည့်လိုက် ပြီးရင် မင်းရင်ထဲမှာ အောင်းနေတာတွေကို ဖွင့်ချလိုက်၊ မနက်မိုးလင်း ရင် အားလုံးအိုကေသွားလိမ့်မယ် အဲ ငါတစ်ခုတော့ မင်းကိုတောင်းဆို ချင်တယ်ကွာ"

"ဘာတောင်းဆိုမှာလဲ"

"အဟဲ အဲမိန်းကလေးကို မင်းမယူမှာကျိန်းသေရင် ငါနဲ့ ချိတ်



www.burmeseclassic.com

www.burmeseclassic.com



ပေးကွာ ငါက် မင်းလိုမဟုတ်ဘူး။ မိန်းမယူချင်တာ တစ်ပိုင်းကိုသေနေတဲ့ ကောင်ကွ"

"ဟာ ငါက ဘာများတောင်းဆိုမှာလဲလို့ အဟုတ်ထင်ပြီး နားထောင်နေတာ"

နေဇော် တဟားဟားဖြင့်အော်ရယ်၏။ မထူးတော့ပြီမို့ အဖော်လိုက်လာပေးသော အခြေအနေကနေ ကိုယ်တိုင်ပါဝင်သောက်သုံးနေသောအဆင့်သို့ ရောက်မှန်းမသိရောက်သွားရပြီ။

လည်ချောင်းထဲကို ရှိန်းခနဲ ဝင်သွားသော ခါးသီးမှုက ကိုယ်မချစ်သော မိန်းမကို ယူရမယ့် ခံစားမှုထက်စာလျှင် ခပ်ပါးပါးလေးပဲ ဖြစ်လိမ့်မည်ထင်သည်။

အချစ်ဆိုတာ ဘာလဲ မချစ်တတ်သေးလို့ မသိတာလား။ ချစ်လို့မေ့နေတာလား ချစ်ရမယ့်သူမရှိသေးတာလား။

သေချာတာကတော့ ချစ်ရမှာ မဝံ့မရဲဖြစ်နေတာပဲ ဖြစ်သည်။ ထိုအတွေးနှင့်အတူ ပုံရိပ်တစ်ခုကိုဖြတ်ခနဲ မြင်ယောင်လာမိပြန်သည်။

ထိုပုံရိပ်ပိုင်ရှင်သည် အယ်ကိုဟောဝင်သွားသော အာရုံထွေပြားမှု ရီဝေဝေတွေမှာ ခပ်ယိမ်းယိမ်းလေး လှုပ်ရှားနေသည်။

ထိုသူကတော့ ချောကလက်ပင် ဖြစ်သည်။

ဘာကြောင့် ချောကလက်ဆိုတဲ့ ဂျစ်ပစီမလေးကို မြင်ယောင်နေရတာလဲ။ ဒါဟာ အဓိပ္ပာယ်တော့ သိပ်မရှိ။





ခေါင်းကို ခပ်ကြွမ်းကြွမ်းခါရမ်းပစ်လိုက်သည်။

"တော်ပြီကွာ ငါ ဆက်မသောက်တော့ဘူး၊ လစ်တော့မယ်"

"နှစ်ခွက်လောက်က ဘာမှအရာမထင်ပါဘူးကွာ၊ မင်းကလည်း ယောက်ျားမဟုတ်တဲ့အတိုင်းပဲ"

ရီဝေဝေဖြစ်နေသော အမြင်အာရုံထဲမှာ ချောကလက်ကိုမြင်နေရ၍ ဒါဟာအမှန်တရားတစ်ခုအဖြစ် လက်ခံဖို့ ခဲယဉ်းနေတာကို နေဇော်သိအောင် ပြောပြဖို့မှမလိုတာ။ နေဇော်ကရော ချောကလက်လိုမိန်းကလေးမျိုးကို ကောင်းချီးပေးမှာတဲ့လား။ နာခေါင်းရှုံ့ မဝေဖန်လျှင်တော်ကောင်း။

အိမ်အပြန်လမ်းတစ်လျှောက်လုံး ချောကလက်အကြောင်းတွေကိုပဲ တွေးမိလာပြန်သည်။

ကဲ ခက်တော့နေပြီ ဘယ်လိုမောင်းထုတ်ရမလဲ။ အဲဒီ ဂျစ်ပစီကို။

■ ■ ■

ကားဟွန်းသံကြောင့် ခြံတံခါးလာဖွင့်သော ချောကလက်ကိုမြင်ပြီး မိုးဒေဝီ ကားပြတင်းမှ ခေါင်းပြူကာ

"မကြေးမုံ မပြန်သေးဘူးလား"

"ဟုတ်ကဲ့"

ညကိုးနာရီထိုးနေပြီ အိမ်မပြန်ရသေးသဖြင့် ချောကလက်ဖေ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူတော့မှာပဲဟူသောအတွေးဖြင့် အိမ်ကိုလိုက်ပို့ရန် ကားကို ခြံထဲ မသွင်းသေးဘူးဟု ဆုံးဖြတ်လိုက်ပြီး ကားပေါ်မှဆင်းလိုက်သည်။

"အစ်ကိုလေး ကားခြံထဲမသွင်းဘူးလား"

"မသွင်းသေးဘူး မင်းကိုပြန်ပို့မယ်လေ"

"ရှင် ကြေးမုံက ဒီည ဒီမှာ အိပ်ရမှာ အစ်ကိုလေးရဲ့"

"ဟင် ဘာဖြစ်လို့လဲ မေမေ နေမကောင်းဘူးလား"

"မဟုတ်ပါဘူး မနက်ဖြန် အစ်ကိုလေး အိမ်ထောင်ဖက်တွေ့ကြရင်ကျွေးဖို့အတွက် အစားအသောက်တွေ စီမံရမှာမို့ ကြီးကြီးက မပြန်ဖို့ ပြောထားတယ်"

"ကျွတ် စိတ်ပျက်လိုက်တာကွာ"

စိတ်ပျက်စွာ ညည်းတွားနေသော မိုးဒေဝါကို ကြည့်ပြီး ချောကလက် အားတက်သွားသည်။

"အစ်ကိုလေးက အိမ်ထောင်ဖက်တွေ့ရမှာ စိတ်မဝင်စားဘူးလား ဟိုလေ အစ်ကိုလေး ဆန္ဒမပါဘူးလား"

"ဘယ်ကလာ ပါရမှာလဲ၊ မေမေ သူ့ဟာသူဖွတ်စီစဉ်နေတာလေ"

"တော်ပါသေးရဲ့"

ခပ်တိုးတိုးညည်းလိုက်သော ချောကလက်ကိုကြည့်ပြီး

"ဘာကိုတော်ပါသေးရဲ့လဲ"





"သြော် ကြေးမုံကလေ အစ်ကိုလေးကို လက်မထပ်စေချင်သေးဘူး။ ဘဝတစ်ခုထူထောင်တယ်ဆိုတာ ကိုယ့်ဆန္ဒမပါဘဲ ဖွတ်အတင်း စီမံခံရရင် အနှစ်မရှိတဲ့ခံစားချက်တွေနဲ့ပဲ တစ်သက်စာနေသွားရမှာတဲ့၊ အချစ်ဆိုတာ ဘယ်တော့မှ မခံစားရတော့ဘူး၊ အဲဒါ ကိုယ့်နှလုံးသား အသတ်ခံရတာ"

"ချောကလက်ကရော ချစ်ဖူးလား"

မိုးဒေဝါ အမေးကြောင့် ချောကလက် ပါးစပ်ထဲမှ သွားအတု ကို ဖြုတ်လိုက်ပြီး

"အရင်ကတော့ အချစ်ဆိုတာ ချောကလက်အတွက် လေးလေး နက်နက် ခံစားစရာအဖြစ် မတွေးခဲ့မိဘူး၊ ဒါပေမဲ့ ခုတော့ အချစ်ဆိုတာ ကို ချောကလက် တမ်းတမက်မောတတ်တယ် ဆုံးရှုံးရမှာကို သေလောက် အောင်ကြောက်လာမိတယ်၊ အဲဒီအချစ်ကို ပိုင်ဆိုင်ချင်တဲ့ဆန္ဒတွေက ချောကလက်ရဲ့စိတ်တွေကို အချိန်ပြည့်လွှမ်းမိုးလာတယ်၊ ရူးသွားမလား တောင် ထင်ရတယ်"

အခွင့်အရေးရတုန်း အရှုးအမူးစွဲလမ်းခဲ့သမျှကို မိန်းကလေး တစ်ယောက်ရဲ့သိက္ခာတရားတွေကို ဘေးချိတ်ပြီး ရင်ဖွင့်ပြခဲ့သည်။

ချောကလက်နှလုံးသားထဲမှာ သူ့ပုံရိပ်တွေလွှမ်းမိုးခြယ်လှယ်နေ တာကို သူတွင်းဖောက်မြင်ခဲ့မိမယ်ဆိုလျှင် ချောကလက်ကို ပြန်ချစ်လာ နိုင်ပါ့မလားဟု ရူးနှမ်းစွာဖြင့်မျှော်လင့်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားပြန်လာတာနောက်ကျလိုက်တာကွယ်"

ဒေါ်ရွှေရည်အသံကြောင့် ကျောပေးရပ်နေသော ချောကလက် လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး လက်ထဲမှ သွားအတုကိုပြန်၍တပ်လိုက်သည်။

"ဟုတ်တယ် မေမေ ဒီနေ့ ဒင်နာတစ်ခုက ဖိတ်လို့သွားလိုက်တာနဲ့ အိမ်ပြန်ဖို့နောက်ကျသွားတာ"

ဘီယာကို အကြောင်းမဲ့သောက်တာသိလျှင် မေမေစိတ်ဆိုးလိမ့်မည်မို့ ညာပြောလိုက်မိပြန်သည်။

"ကြေးမုံ တံခါးဖွင့်ပြီးရင်လည်း ဖယ်လေ၊ သားရဲ့ကား ခြံထဲသွင်းရဦးမှာ မသိဘူးလား။ ဘာလို့ပိတ်ရပ်နေရတာလဲ ငါ့သားက ညည်း အလာပသလာပ ပြောရမယ့်သူမဟုတ်ဘူး"

နှစ်ယောက်သား စကားရပ်ပြောနေသော အခြေအနေကိုမြင်ပြီး ဒေါ်ရွှေရည် မနှစ်မြို့သောလေသံဖြင့် ခပ်တင်းတင်းဝေါက်လိုက်သည်။

"ဟုတ် ဟုတ်ကဲ့ ကြီးကြီး"

"ဒါဆို မီးဖိုခန်းထဲမှာ အသားပေါင်းအိုးသွားကြည့်တော့ ခြံတံခါးကို ငါပဲပိတ်လိုက်မယ်"

သားအပေါ် ဘယ်မိန်းကလေးတွေမှ စိတ်မကစားရဲလောက်အောင် ဒေါ်ရွှေရည် အဖြစ်သည်းပုံတွေကြောင့် မိုးဒေဝါ ချောကလက်ကို သနားစိတ်ဝင်မိသည်။





သမီးမမွေးဖူးသော မေမေ့မှာ သမီးမိန်းကလေးတွေနဲ့ပတ်သက်တဲ့ ကိုယ်ချင်းစာစိတ် တစ်စက်ကလေးမှရှိမနေတာကိုတော့ မိုးဒေဝါ ကောင်းကောင်းသိသည်။

ချောကလက် အနားမှထွက်သွားသည်။

"မေမေရယ် ချောကလက် အဲ မကြေးမုံကို အဲလောက်ထိ ရှင့်ရှင့်သီးသီး မပြောပါနဲ့ မေမေရယ်"

"မပြောလို့မရဘူး သား။ မေမေ့သားကို အရည်အသွေးနိမ့်ကျတဲ့ မိန်းကလေးတွေနဲ့ စကားသုံးခွန်းပြည့်ဖို့မပြောနဲ့ အကြည့်ချင်းဆုံကြတာကိုတောင် မေမေ မနှစ်မြို့နိုင်ဘူး"

အစွန်းရောက်လွန်းနေသော မေမေ့ကိုကြည့်ပြီး မိုးဒေဝါ စိတ်မောရသည်။

"ဒါနဲ့ နေပါဦး သားတို့က ဘာတွေပြောနေတာလဲ ချောကလက်ဆိုတဲ့ ရုပ်ပြာမအကြောင်းလား"

"မဟုတ်ပါဘူး မေမေရဲ့"

"ဒါဆို သားနှုတ်က ဘာကြောင့် ချောကလက်နာမည်ကို ထွက်သွားရတာလဲ"

နမော်နမဲ့နိုင်စွာ ယောင်ပြီးထွက်သွားသော ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်လိုက်တော့သည်။

"ဩော် ဒါ ဒါလား လမ်းမှာ ချောကလက်နဲ့တွေ့လာတဲ့အ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ပြောနေတာပါ မေမေရဲ့"

ဒေါ်ရွှေရည် ရင်ဘတ်ဖိတော့၏။

"အမလေး အဲဒီမိန်းကလေးနဲ့တွေ့ခဲ့တယ် ဟုတ်လား သားကို ဘာတွေများပြောသေးလဲ၊ သူက သားကိုအမိဖမ်းချင်နေတယ်ဆိုတာ သား မသိဘူးလား"

"ဘာမှမပြောပါဘူး မေမေရာ၊ သားက ကားပေါ်ကနေ လှမ်းမြင်ခဲ့မိတာကို ပြောပြနေတာပါ"

မေမေ့သံသယတွေငြိမ်းအောင် ညာပြီးရင်းညာနေမိတော့သည်။ ဒီတော့မှ စိုးရိမ်နေသော မျက်နှာမှာ တဖြည်းဖြည်းလျော့ကျသွားပြီး

"ဝါ့သားလေး မြန်မြန်အိမ်ထောင်ပြုမှ မေမေလည်းစိတ်အေးရမယ် သားရေ ကဲ ကဲ ကားသွင်းတော့"

မိုးဒေဝါ သက်ပြင်းမောကို ဂျူးခနဲ မှုတ်ထုတ်ပြီး စိတ်မသက်သာစွာဖြင့် ခေါင်းကိုခပ်လေးလေးခါကာ ကားပေါ်ပြန်တက်ပြီး စက်နှိုးလိုက်သည်။

သားတစ်ယောက်အပေါ်မှာထားသော မိခင်တစ်ယောက်၏ အတွေးတွေက ထိုမျှလောက်ထုထည်ကြီးသတဲ့လား။

■ ■ ■



## အခန်း (၂၁)

"မကြေးမုံရေ ဧည့်သည်တွေလာပြီထင်တယ်၊ ခြံတံခါးသွားဖွင့်ပါဦး"

အခန်းသန့်ဆေးတွေဖြန်းနေသော မကြေးမုံ လက်ထဲမှဘူးကိုချကာ ခြံထဲသို့ ခပ်သုတ်သုတ်ဆင်းခဲ့လိုက်သည်။ ခြံဝတွင်အနက်ရောင် BMW ကားကြီးတစ်စီးက ခန့်ခန့်ထည်ထည်ရပ်ကာ တံခါးအဖွင့်ကို စောင့်နေသည်။

ကားမြင်ရုံနှင့်ပင် ဒေါ်ရွှေရည် ဘာကြောင့် မျာယာခတ်နေသလဲဆိုတာ ခန့်မှန်းနိုင်လောက်အောင် တော်တော်ချမ်းသာမည့်သူဌေးတွေဟု စိတ်ထဲက မှတ်ချက်ချလိုက်သည်။

ခြံတံခါးသော့ကိုဖွင့်ကာ သံပန်းတံခါးနှစ်ချပ်ကို တစ်ဖက်တစ်ချက်ဆီကို ခပ်မြန်မြန်တွန်းဖွင့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိမ်ခံကားကြီးက ခြံထဲသို့ ငြိမ့်ခနဲ မောင်းဝင်သွားသည်။ ချော ကလက်ခြံတံခါးကို ပြန်၍ပိတ်လိုက်သည်။ ကိုယ့်လုပ်ရပ်တွေသည် ဘယ အဆင့်ရောက်လို့ရောက်နေမှန်းပင် မသိတော့လောက်အောင် ချော လက် စိတ်ခံစားမှုတွေက သိမ်ငယ်ခြင်းတွေလွှမ်းမိုး၍နေသည်။

မျက်ရည်တို့ သူ့အလိုလိုရစ်ဝိုင်းလာသည်။ ဘာကြောင့် ဒီလိုအခြေအနေမျိုးရောက်အောင် ကိုယ့်ကိုယ်ကိုယ် နှိမ့်ချမိလိုက်ပါလိ ဟု အတွေးဝင်ကာ အိပ်မက်ကလန့်နိုးသူလို ကယောင်ချောက်ချား နေသည်။

အိမ်ကြီးထဲဝင်ဖို့ ခြေလှမ်းတွေက တွန့်ဆုတ်၍နေသည်။ မိုးအေ နှင့် သဘောတူထားသည့် ဒေါ်ရွှေရည်စိတ်ကြိုက်ရွေးချယ်ထားသေ ချွေးမလောင်းနှင့်ရင်ဆိုင်ဖို့ ချောကလက်မှာ တကယ်ပင် သတ္တိမရှိလော အောင် စိတ်တွေက သိမ်ငယ်လွန်းနေသည်။

သူတို့အားလုံး ချောကလက်ကို အိမ်ဖော်တစ်ယောက်သာ အကြည့်ဖြင့် ဝိုင်းကြည့်ကြမည့်အခြေအနေတစ်ခုကို ချောကလက် မသွေ ရင်ဆိုင်ရတော့မည်။

ချောကလက်ရင်ခွေ တဒိန်းဒိန်း အခုန်မြန်နေသည်။ စိတ် တိုင်းအော်ဟစ်ပစ်လိုက်ချင်သည့်ဆန္ဒတွေကို အသိစိတ်တွေက မနည် ထိန်းထားရသည်။

ချွေးမလောင်းက အရမ်းလှနေလျှင် မိုးဒေဝါကရော မြင်





ချင်း မျက်စိကျသွားပြီး သူတို့လူငယ်ချင်းအဆင်ပြေသွားကြမည်လား။

တွေးရင်းဖြင့် ရင်တွေတလှပ်လှပ်ခုန်လာသည်။ ခြေအစုံက တော်မတော်ပင် မရပ်ချင်လောက်အောင် သောကတွေက ရင်ထဲမှာအပြည့်။

"မကြေးမုံရေ"

အိမ်ပေါက်ဝမှ နူးညံ့ချိုသာဟန်ဖြင့် သိမ်သိမ်မွေ့မွေ့ လှမ်းခေါ် နေသော ဒေါ်ရွှေရည်အသံက တမင်ဟန်လုပ်ထားမှန်းသိသာလွန်းလှ သည်။

"ရှင် ကြီးကြီး"

"ခြံတံခါးပိတ်ပြီးရင် မြန်မြန်လာလေကွယ် ညွှသည်တွေအ တွက် ဟိုတယ်က လာပို့ထားတဲ့ နေ့လယ်စာတွေကို ပြင်ဆင်ရဦးမယ် မဟုတ်လား"

"ဟုတ် ဟုတ်ကဲ့ ကြီးကြီး လာပါပြီ"

ဒေါ်ရွှေရည် ဟန်လုပ်ကြွားဝါတတ်သော စရိုက်က ဘွင်းဘွင်း ကြီးပေါ်လာပြန်သည်။ တကယ်ဆို ယခု တည်ခင်းကျွေးမွေးမည့်နေ့လယ် စာသည် ဟိုတယ်ကမှာယူထားတာ တစ်ခုမှမပါတာ ချောကလက်အသိပဲ။

ခြေလှမ်းတွေကို အိမ်ကြီးဆီသို့ ခပ်သုတ်သုတ် လှမ်းခဲ့လိုက် သည်။

ဒီလိုပါပဲ မမြတ်ရယ် အိမ်အကူတွေဆိုတာ ဘယ်မှာလဲ ဦး ဆင်းလုံးချော်ကောင်းနိုင်ပါ့မလဲ၊ ဒီလိုပဲ ချော့တစ်ခါခြောက်တစ်လှည့်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ နိုင်းရတာပဲ''

အိမ်ကြီးထဲဝင်ဝင်ချင်းကြားလိုက်ရသော စကားကြော[...] ခြေလှမ်းတွေ ခွေယိုင်လဲမတတ် စိတ်ထိခိုက်သွားရသည်။

မိုးဒေဝါ ချောကလက်ကို အားတုံ့အားနာအကြည့်ဖြင့် လှ[...] ကြည့်သည်ကို ချောကလက် မြင်လိုက်ပါသည်။

''မကြေးမုံရေ ဟင်းပွဲတွေကို သေသေချာချာပြင်ထားလို[...] တော့၊ မမြတ်တို့ ခဏနားပြီးတာနဲ့ စားကြမယ်''

''ဟုတ်ကဲ့ပါ ကြီးကြီး''

ချောကလက်အကြည့်တွေက ဒေါ်ရွှေရည်ဘေးတွင်ထိုင်[...] သော ခေတ်ဆန်လှပသည့် မိန်းကလေးဆီသို့ မသိမသာရောက်သွာ[...] သည်။

လှလိုက်တာမှ မိန်းမချင်းပင် ငေးမောယူရမည့်အလှမျိုး[...] သည်။ ဒီလိုအလှပိုင်ရှင်မျိုးကို မိုးဒေဝါ မငြင်းလောက်ဘူးဆိုတာ ကြို[...] တွေးမိတာ ရင်ဘတ်ထဲမှ သိမ်ငယ်အားငယ်စိတ်တွေ ဝင်ဝင်လာသည်[...]

ဝဲတက်လာသော မျက်ရည်စက်တို့ သူတို့ရှေ့ လွှင့်ခနဲ ကျမသွာ[...] ခင် ထမင်းစားခန်းဆီသို့ ခပ်ရှိုရှိုလှမ်းဝင်ခဲ့လိုက်သည်။

ထမင်းစားခန်းထဲရောက်သည်နှင့် မကြေးမုံ ရေခဲသေတ္တာ[...] တွင် အရုပ်ကြိုးပြတ်ထိုင်ချပြီး ကြေကွဲစွာ ရှိုက်ငိုလိုက်သည်။

''ကိုမိုးရယ် ရှင့်ကိုချောကလက် ချစ်နေပါတယ်လို့ ပြော[...]





[...]ခွင့်အရေး တို့မှာရှိလာမှာမဟုတ်တော့ဘူးဆိုတာ သိလိုက်ပါပြီ''

မျက်ရည်တို့နှင့်အတူ မျှော်လင့်ချက်တံတိုင်းကြီး တအိအိလဲ [...]ကျနေပြီ။

''အဲဒီအခွင့်အရေးကို ချောကလက်ယူဖို့မှ မဟုတ်တာ''

''ဟင်''

မျက်ရည်ပြည့်မျက်ဝန်းဖြင့် အထိတ်တလန့်လှည့်ကြည့်လိုက် သည်။

''ကိုမိုး''

''မင်းရင်ထဲမှာ ဘာရှိနေသလဲဆိုတာ ကိုယ် ခုမှသိလိုက်ရတယ်''

နဂိုဗီဇက ရဲတင်းလွန်းသော ချောကလက် မိုးဒေဝါကို [...]မျှော်လင့်ချက်မဲ့သောအကြည့်ဖြင့်ကြည့်ကာ

''သိလိုက်ရတော့ရော ရှင့်ဆီက အထင်သေးရှုတ်ချခြင်းတွေက [...]ပြီး ဘာများရမှာမို့လဲ တကယ်ဆို တို့က ကိုယ်နဲ့မတန်မရာအိပ်မက် [...]ကို အရူးအမူးမက်ခဲ့မိတာပါ။ အခုတော့ အဲဒီအိပ်မက်က လန့်နိုးတော့မလို [...]နေပါပြီ၊ တကယ်ဆို တို့က အချစ်နဲ့ပတ်သက်ပြီး မိန်းမတစ်ယောက်ရဲ့ [...]ရှက်တရားနဲ့ဂုဏ်သိက္ခာကို ဥပေက္ခာပြုပြီး ဟီးရိုးလုပ်မိတာပါ၊ ဒီထက် [...]ပြီးတော့ နိမ့်ကျအောက်ကျို့စရာလည်း မရှိတော့ပါဘူး၊ ဒါပေမဲ့ ခုတော့ [...]ဒီ ရူးကြောင်ကြောင်အိပ်မက်က လန့်နိုးသင့်ပါပြီ''

မိုးဒေဝါ ရှေ့သို့တရွေ့ရွေ့တိုးလာပြီး ချောကလက်ကို လေးလေး



www.burmeseclassic.com

www.burmeseclassic.com



နက်နက်ကြည့်ကာ

"အဲဒီအိပ်မက်က မင်းကိုစိတ်ချမ်းမြေ့မှုတွေပေးမယ်လို့ ယုံကြည်ရင် မင်းဆက်မက်ရမှာပေါ့၊ ဘာကြောင့် ရုန်းထွက်ဖို့ ကြိုးစားနေတာလဲ"

ဝေ့ဝဲတက်လာသော မျက်ရည်တို့ကို မျက်တောင်ရှည်ရှည်ကော့ကော့များဖြင့် ပုတ်ခတ်သိမ်းသွင်းရင်း

"ဆက်မက်တော့ရော ရှင့်အတွက် လျောင်ရယ်စရာဖြစ်ရုံကလွဲပြီး ဘာများထူးလာဦးမှာမို့လဲ၊ တကယ်ဆို တို့က ရှင်နဲ့လက်ထပ်မယ့် သတို့သမီးလောင်းနဲ့ယှဉ်ရင် ကြမ်းသုတ်ဝတ်နဲ့ ရွှေထုပ်တဲ့မြပဝါပါ"

ငိုသံနှောပြီးအက်ရှနေသော အသံလှိုင်းတွေက အဖျားခတ်မှာ တိမ်ဝင်သွားသည်။

ရုတ်တရက် မိုးဒေဝါ၏ဆွဲဖက်ခြင်းကို ခံလိုက်ရသဖြင့် အင်မျက်နှာသည် အနံ့ခပ်သင်းသင်းမွှေးနေသော ရင်အုပ်ကျယ်ကျယ်နှင့် ထိစပ်သွားသည်။

ဘုရားရေ ဒါ ဒါဟာ အိပ်မက်များလား။

■ ■ ■



## အခန်း (၂၂)

"သမီး ညည်းကို ငါမေးစရာရှိတယ်"

သားအဖနှစ်ယောက် ငြိမ်သက်စွာ ထမင်းစားနေရင်းမှ ကောက်ကာငင်ကာ ထမေးသော အမေးကြောင့် ချောကလက်ရင်ထိတ်သွားသည်။ စားလက်စထမင်းပင် ဆက်စားချင်စိတ်မရှိတော့။

"ဘာမေးမလို့လဲ အဖေ"

"ညည်းက မကြေးမုံဆိုတဲ့မိန်းမကို မိုးဒေဝါအိမ်မှာ အိမ်ဖော်လုပ်ဖို့ သွင်းထားတယ်ဆို"

"ဟုတ် ဟုတ်ကဲ့ အဖေ"

"အဲဒါနဲ့များ ဘာကြောင့်အမျိုးတော်တယ်ပြောရတာလဲ၊ ကိုယ့်အတွက်လည်းအကျိုးမရှိ သူတစ်ပါးအတွက်လည်း အကျိုးမရှိတဲ့ လိမ်ညာခြင်းတွေကို ဘာလို့လိမ်ညာနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မကြေးမုံကို သမီးနဲ့အမျိုးတော်တယ်လို့ ညာပြောမှ သူ့ကို အလုပ်ခန့်မယ်ထင်လို့ပါ အဖေ"

"လူတစ်ဖက်သားကို ကူညီချင်လို့ညာလိုက်တာဆိုပေမယ့် သမီး ညာပြောတာကိုသိသွားရင် မောင်မိုးဒေဝါက သမီးကိုအထင်သေးသွားမှာ ပေါ့။ ဒါနဲ့ အဲဒီမကြေးမုံဆိုတာ ဘယ်ကလဲ၊ စာရိတ္တရော ကောင်းရဲ့လား။ တော်ကြာ သူဌေးအိမ်မှာ အိမ်ဖော်ရှိုးရင်း ခြေဆော့လက်ဆော့လုပ်နေ ရင် ကိုယ်ကတာဝန်ခံပြီးအပ်ပေးထားရတဲ့သူပဲ မျက်နှာပျက်ရမှာ"

"မကြေးမုံက စိတ်ရင်းကောင်းသလို အကျင့်စာရိတ္တလည်း ကောင်းပါတယ် အဖေ၊ သမီးမျက်နှာပျက်အောင် သူ ဘယ်တော့မှမလုပ် ဘူး စိတ်ချပါ"

"အေးလေ စိတ်ချရတယ်ဆိုရင်တော့ ပြီးတာပါပဲ"

ဦးသုခ ပြောရင်း စားလက်စထမင်းကို ဆက်စား၏။

"သြော် ဒါနဲ့ ညည်းကိုကြိုပြောရဦးမယ် အဖေမနက်ဖြန်ကစပြီး ညဘက် ကားမောင်းရမယ်"

"ဟင် နေ့ဘက်ဘာဖြစ်လို့လဲ အဖေ"

"အခုကားကို အုံနာက ပြန်ရောင်းတော့မှာဆိုတော့ ပြန်အပ် လိုက်ရပြီ၊ အဲဒါ ကိုတင်မောင်စိုး ယူထားတဲ့ကားက နေ့မောင်းပြီး ည ဘက်ဒီအတိုင်း အိမ်မှာထိုးထားမယ့်အတူတူ အဖေ ယူမောင်းမလို့"

"ဟင် ညဘက်ကြီး အန္တရာယ်များပါတယ် အဖေရာ၊ နောက်





ပြီး တစ်ညလုံးမအိပ်ဘဲ ကားမောင်းရတော့ အဖေ့ကျန်းမာရေးထိခိုက် မှာပေါ့လို့ မမောင်းပါနဲ့ အဖေရာ"

"အဖေကလည်း အမြဲမမောင်းပါဘူး၊ အဖေတို့မှာ စုမိထားတဲ့ ငွေလေးနဲ့ ကိုယ်ပိုင်တစ်စီးလောက်ဝယ်ဖို့ ငွေလိုနေသေးလို့ ခဏမောင်း တာပါ၊ ငွေပြည့်လို့ ကားဝယ်နိုင်ပြီဆိုတာနဲ့ ကိုယ့်ကားပဲကိုယ်မောင်းတော့ မှာ ဘာလဲ ညဘက်ညည်းတစ်ယောက်ထဲ မအိပ်ရဲလို့လား"

"မဟုတ်ပါဘူး ကိုယ့်အိမ်ပဲ မအိပ်ရဲစရာဘာရှိလဲ"

"အေးနော် ညဘက် ငါ့အဖေမရှိဘူးဆိုပြီး ကလပ်သွားတာ တွေ ပေါက်ကရ လုပ်တာတွေကြားလို့ကတော့ ညည်းကို ဟိုအကောင် စောခိုင်ထွန်းနဲ့ ချက်ချင်းပေးစားပစ်မှာ"

"အဖေရယ် တဆိတ်ရှိ သမီးကို အဲအကောင်နဲ့ ပေးစားဖို့ပဲ ပြောနေတော့တာပဲ စိတ်ချပါ သမီး ညဘက်ဘယ်မှမသွားဘဲနဲ့ကို အိမ်မှာ အိပ်မှာ မယုံရင် အဖေ့သမီးကို သော့ခတ်သွား၊ တစ်နေကုန်အလုပ်ပင် ပန်းပြီး ညဘက်လည်း ကလပ်တက်မယ့်အလုပ်ကို လုပ်ရအောင် သမီးက ရူးနေလို့လား အဖေ့သမီးက အရင်လိုသမီးမျိုးမဟုတ်တော့ပါဘူး"

သမီးပြောတာလည်း ဟုတ်နေ၍ ဦးသုခ စွတ်စွဲမိသော ကိုယ့် ကိုယ်ကိုယ် ပြန်ပြီး ဘရိတ်အုပ်လိုက်ရသည်။ သားသမီးလိမ္မာတာကို သိသာယတွေ့နေ၍ပိန်းနှိပ်နေဦးမည်ဆိုလျှင် ဒီသားသမီးပြန်ပြီး လမ်းမှားရောက် သွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သမီး ဒီလိုလိမ္မာတာ မောင်မိုးဒေဝါကြောင့်ပဲဟု ကြဲဖန်ကျေးဇူးတင်နေမိသည်။

■ ■ ■

"သား မေသစ္စာကို သဘောမကျဘူး မေမေ"

အစစအရာရာ ပြီးပြည့်စုံအောင်လှသော မေသစ္စာကို သဘောမကျဘူးဆို၍ သားကို ဒေါ်ရွှေရည် တအံ့တသြကြည့်လိုက်သည်။

"သူ့မှာ ဘာချို့ယွင်းချက်ရှိလို့လဲ သားရယ်"

"သူ့မှာ ဘာချို့ယွင်းချက်မှမရှိပေမယ့် သား သူ့ကိုလက်ထပ်ဖို့ ဘယ်လိုမှ စိတ်ကူးလို့မရဘူး မေမေ၊ ကိုယ်မချစ်တဲ့မိန်းကလေးတစ်ယောက်ကို ငွေကြေးချမ်းသာရုံနဲ့ အိမ်ထောင်ဖက်မပြုချင်ဘူး မေမေ"

တစ်ခါမှ ငြင်းဆန်ဖူးခြင်းမရှိသော သားက အိမ်ထောင်ရေးမှာတော့ ငြင်းဆန်နေပြီ။

"မိုက်လိုက်တာ သားရယ် မေမေက သားနဲ့အသင့်တော်ဆုံး မိန်းကလေးကို ရွေးချယ်ပေးထားတာ နေနဲ့လ ရွှေနဲ့မြလိုပဲ ဘယ်လောက်လိုက်ဖက်လိုက်သလဲကွယ်၊ ဒါကြောင့် သားထပ်မငြင်းပါနဲ့ မေမေတို့လူကြီးတွေအားလုံး စီစဉ်ပြီးသွားပြီ"

အမြဲတမ်း သူ့ဆန္ဒတွေကိုသာ ရှေ့တန်းတင်နေသော မေမေဟာ ခုလည်း သားဘဝရဲ့အနာဂတ်ကို သူ့စိတ်ကြိုက်ပုံဖော်နေပြီမို့ ဒီတစ်ခါတော့ မိုးဒေဝါ ခွင့်မပြုနိုင်။





သို့သော် မေမေ ဒေါသဖြစ်မည်စိုး၍ အတိုက်အခံ ဘာမှမပြောတော့ဘဲ ငြိမ်နေလိုက်သည်။

"လက်ထပ်ပွဲကတော့ ဒီနှစ်ကုန်ပိုင်းလောက်မှာလုပ်မှာပါ၊ စေ့စပ်ပွဲလေးကိုသာ ရှေ့လထဲလောက်လုပ်ဖို့ မေမေတို့လူကြီးချင်း အသေးစိတ်တိုင်ပင်ပြီးပြီ၊ ပန်းကိုခပ်ဖွဖွဆုပ်ကိုင်ကာ

"မေသစ္စာကို သားမချစ်ဘဲနေနိုင်မှာမဟုတ်ပါဘူး၊ သား သူ့ကိုတဖြည်းဖြည်းချစ်လာမှာပါ၊ ရပ်ကွက်ထဲက ပိုင်းလုံးသာသာအဆင့်ပဲရှိတဲ့ ချောကလက်လိုမိန်းကလေးမျိုးနဲ့ယှဉ်ရင် မေသစ္စာဟာ ရွှေဘုံပေါ်ကတော်ဝင်ပန်းတစ်မွှင့်ပါ"

"မေသစ္စာရဲ့ဂုဏ်ကိုပင့်တင်ပေးချင်တာနဲ့ သူများရဲ့ဂုဏ်သိက္ခာကို နှိမ့်ချမနေပါနဲ့ မေမေရယ်၊ ချောကလက်က သူ့ဟာသူနေနေတာပါ၊ မေမေ့ကို ဘာတွေများအနှောင့်အယှက်လာပေးနေလို့လဲ မကြေးမုံကြားသွားရင် မကောင်းပါဘူး"

မရည်ရွယ်ဘဲနှင့် ချောကလက်ရှေ့မှ မားမားရပ်ပေးလိုက်မိသော ကိုယ့်ရင်ထဲက အမှန်တရားကို မေမေ ရိပ်မိသွားပုံဖြင့်

"သားရယ် ဘာဖြစ်လို့ သူ့ဘက်က ရှေ့နေလိုက်နေရတာလဲ၊ မေမေ သားကိုအိမ်ထောင်ချပေးဖို့စီစဉ်ရတာ သူတို့လိုမိန်းကလေးမျိုးတွေရဲ့ ပိုက်ကွန်ထဲကို သားဝင်မိသွားမှာစိုးလို့ပါ"

မေမေ အထင်သေးနေသော ချောကလက်ဆီမှာ ရှိုးသားမွှင့်



www.burmeseclassic.com

www.burmeseclassic.com



လင်းသောစရိုက်ရှိပြီး လူငယ်ဆန်ဆန်ပျော်ချင်ပါးချင် ဝတ်ချင်စားချင်သောစရိုက်ရှိရုံကလွဲပြီး ချောကလက်သည် ဖြူစင်သော ပန်းပွင့်လေးတစ်ပွင့်ပါ။

သူ့မျက်ဝန်း သူ့နှုတ်ခမ်း သူ့ရင်ဘတ်ထဲမှာ ကိုယ့်ကိုချစ်နေသော မေတ္တာတရားတွေ လျှံထွက်နေတာကိုမြင်နေရတာမို့ ချောကလက်နှင့်တွေ့လျှင် ကိုယ့်ခံစားမှုတွေ နွေးထွေးရှိန်းမြနေသည်။

အချစ်ကိုကိုးကွယ်လွန်းသောကြောင့် ဘဝကိုပါနှိမ့်ချရဲသော ချောကလက်၏မေတ္တာ အတိမ်အနက်ကို ကိုယ်အသိအမှတ်မပြုဘဲ မနေနိုင်လောက်အောင် ချောကလက်သည် ကိုယ့်အာရုံတွေကို မသိမသာ လွှမ်းမိုးလာနေရာမှ ယခုဆို သိသိသာသာကို လွှမ်းမိုး၍လာသည်။

ရင်ဘတ်ထဲမှ ခံစားချက်ချင်း အချိုးတူပူးပေါင်းခွင့်ရှိပြီဆိုမှတော့ ဂုဏ်ပကာသန၊ ပညာအဆင့်အတန်းဆိုတဲ့ ပညတ်ချက်ကြီးတွေက မြေမှုန့်တစ်မှုန်လောက်တောင် အသုံးမဝင်တော့။

သေချာပါတယ် မိုးဒေဝါဆိုတဲ့ ယောကျ်ားတစ်ယောက်ဟာ ချောကလက်ဆိုတဲ့ ဂျစ်ပစီမလေးကို မထင်မှတ်ဘဲ စွဲလမ်းမိသွားတာကိုပေါ့။ ဒီတော့ မေမေ့ကို အလိုက်အထိုက်ပြောရန် ဆုံးဖြတ်လိုက်ပြီး

"မိန်းမတစ်ယောက်တန်ဖိုးမဲ့မမဲ့ဆိုတာ သား ဝေဖန်ပိုင်းခြားတတ်တဲ့အရွယ်ကို ရောက်နေပါပြီမေမေရယ်၊ သားကို စိတ်မပူပါနဲ့။ မေမေသာ သားနဲ့ မေသစ္စာကို အလောတကြီး မစီစဉ်ပါနဲ့ဦး။ ဪ





ဒါနဲ့ မေမေ မကြေးမုံ မလာသေးဘူးလား"

"မနေ့က ညီသည်တွေအတွက် စီမံရတာ ပင်ပန်းသွားပုံရတယ်၊ ဒါကြောင့် မေမေက တစ်ရက်နားခွင့်ပေးလိုက်တာလေ"

မေသစ္စာအကြောင်းပြောနေရာမှ စကားလမ်းကြောင်းလွှဲလိုက်ခြင်းဖြစ်သလို မနေ့က မီးဖိုခန်းထဲမှာ ဖက်လိုက်မိသော ကိုယ့်အပြုအမူကြောင့် မကြေးမုံ ဟန်ဆောင်ထားသော ချောကလက်လည်း ရင်တွေခုန်နေလောက်ပါပြီ။

ဒီနေ့ ချောကလက် မလာဘူးဆို၍ ရင်ထဲမှာ ဟာသလိုလို ရှိသွားသည်။

"သား ဘာလုပ်ဖို့လဲ"

အဲဒီလောက်ထိ အသေးစိတ်ကျသော မေမေ့သံသယကိုတော့ မိုးဒေဝါ အံ့ဩသည်။

"ဪ မေမေရယ် သူက သားတို့အိမ်က အလုပ်သမားလေ၊ အလုပ်ရှင်တစ်ယောက်က ကိုယ့်အလုပ်သမားတစ်ယောက်ကို ရောက်သင့်နေတဲ့အချိန်မှာ မရောက်သေးရင် မေးဖို့တွေ့ရာရှိတာ ဆန်းမှမဆန်းတာ"

"ဟုတ်ပါပြီ မေမေကလည်း သားဘာနိုင်းစရာရှိလို့လဲလို့ မေးတာ"

"ရပါတယ် သားဖာသာပဲ လုပ်လိုက်ပါတော့မယ်"

ဒီလောက်နဲ့ပဲ စကားဖြတ်ကာ မေမေ့နားမှ လစ်ထွက်လာခဲ့လိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ချောကလက် နင်ခုတစ်လော ဘယ်တွေသွားပြီး ဘာတွေ လုပ်နေလဲ၊ ငါဖုန်းဆက်တော့လည်း စက်ပိတ်ထားတယ်"

အိမ်ပေါ်သို့ အော်ကြီးဟစ်ကျယ် ပြောပြီးတက်လာသော နန္ဒစိုး ခြေသံကြောင့် ဦးသုခ အိပ်ပျော်နေရာမှ မျက်လုံးဖွင့်ကြည့်လိုက်သည်။

နန္ဒစိုးကလည်း အိမ်ရှေ့ဘုရားခန်းတွင် ဖျာတစ်ချပ် ခေါင်းအုံး တစ်လုံးဖြင့် အိပ်ပျော်နေသော ဦးသုခကို ဖြုန်းခနဲ မြင်ပြီးလန့်သွားသည်။

"ဦး ဦးလေး ကားမထွက်ဘူးလား"

"မထွက်လို့ မင်းရှေ့မှာ ဆန့်ဆန့်ကြီးအိပ်ပျော်နေတာပေါ့ကွ"

နန္ဒစိုးကို ယခင်ကတည်းက ကြည့်မရသော ဦးသုခ ဘုတော ပစ်လိုက်သည်။

အခန်းဝတွင်ရပ်နေသော ချောကလက်မှာ အလိုက်ကန်းဆိုး





မသိသော နန္ဒစိုးကြောင့် အဖေ့အဆူခံရမှာကို ကြောက်နေ၏။

"နန္ဒစိုးရယ် နင်ဟာလေ တော်တော်ကို အလိုက်ကန်းဆိုးမသိ တာပဲ၊ ငါ့အဖေ နင့်ကြောင့်နိုးသွားပြီ"

"ဆောရီးပါဟာ ငါ နင့်ကိုပြောစရာရှိလို့ လာတာ"

"ဘာပြောမလို့လဲ"

"နောက်မှပဲ ပြောတော့မယ်ဟာ ငါသွားပြီ"

ဦးသုခရှေ့မှာမို့ နန္ဒစိုး ဘာမှမပြောလိုဟန်ဖြင့် အူကြောင်ကြောင် ဖြင့် ပြန်ဆင်းသွားသည်။

"တောက် တော်တော်ယဉ်ကျေးမှုမရှိတဲ့ကောင် ချောကလက် ကြပ်ကြပ်သတိထားနော် အဲဒီအကောင်တွေနဲ့ သူငယ်ချင်းလုပ်တာ ငါ မကြိုက်ဘူးလို့ ပြောထားရဲ့နဲ့ခရုဆက်ပတ်သက်နေရင် ဟိုကောင် စောနိုင် ထွန်းနဲ့ ချက်ချင်းကို ပေးစားပစ်မှာ နားလည်လား"

တဆိတ်ရှိ အရက်သမား စောနိုင်ထွန်းနှင့်ပေးစားမည်ဟု အမြဲ ခြိမ်းခြောက်နေသော ဖခင်ကိုကြည့်ပြီး ချောကလက် နှုတ်ခမ်းကိုရှုကာ

"အဖေကလည်းလေ အရက်သမားကို တော်တော်သမက် တော်ချင်နေလား၊ အဲလောက် သမက်တော်ချင်နေရင်လည်း ခုချက်ချင်း သာ ပေးစားလိုက်တော့"

ခပ်ရွဲ့ရွဲ့ပြောပြီး အိမ်ထဲသို့ ခြေဆောင့်ပြီး ဝင်သွားသော ချော ကလက်စကားကြောင့် ဦးသုခ ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အရာကိုမှ ကြောက်စိတ်မရှိလောက်အောင် တဖွတ်ဖွတ်ထိုး လှုပ်တတ်သော သမီးကို ခြိမ်းခြောက်စရာဆိုလို့ စောခိုင်ထွန်းတစ်ယောက် ပဲရှိတာ။ အကယ်၍ သမီးက စောခိုင်ထွန်းကို လက်ထပ်ချင်ပါတယ်ဟု ပူဆာလာလျှင်တောင် အရင်ဆုံးအော်ဂလီဆန်သွားရမယ့်သူက ဦးသုခပင် ဖြစ်သည်။

ဒီတော့ ကိုယ်တောင်-သမက်အဖြစ်မနှစ်မြို့တာ သမီးဆိုလျှင် တော့ ပြောဖွယ်ရာမရှိ။ ဒါကိုသိ၍ သမီးဖြစ်သူကို ပျော့ကွက်နင်း ခြိမ်း ခြောက်ပြီး လိမ်လိမ်မာမာနေတတ်လာအောင် ပုံသွင်းနေရခြင်းဖြစ်သည်။

ကိုယ့်အတွေးနှင့်ကိုယ် သဘောကျစွာ ခပ်တိုးတိုးရယ်ရင်း အိမ် ရှေ့မှ ကားသံကြောင့် လမ်းမဘက်ကို ငဲ့ကြည့်လိုက်သည်။

ချက်ချင်းဆိုသလို အံ့အားသင့်ကာ သမီးကိုလှမ်းခေါ်လိုက် သည်။

"မိချောရေ မောင်မိုးဒေဝါလာတယ်ဟ ဒီသူငယ်တို့အိမ်ကို ဘယ်လိုသိလဲ မသိဘူး"

ထိုင်ရာမှထကာ အနည်းငယ်ရှုပ်ပွေစပြုနေသော-အိမ်ရှေ့ခန်း ကို ကပျာကယာ ရှင်းလိုက်သည်။ ချောကလက်လည်း လိုက်ကာအကွယ် မှ လှစ်ခနဲ ထွက်လာသည်။

"ဦးလေး ကျွန်တော် အိမ်ပေါ်တက်ခဲ့မယ်နော်"

အိမ်ပေါ်တက်ဖို့ ယဉ်ကျေးစွာခွင့်တောင်းနေသော မိုးဒေဝါကို





ဦးသုခ ပျာပျာသလဲဖြင့် ခရီးဦးကြိုပြုကာ

"တက်ပါ မောင်မိုးဒေဝါရယ် ခွင့်တောင်းစရာမလိုပါဘူးကွာ"

ဒီတော့မှ အိမ်ပေါ်သို့တက်လာ၏။ စောစောက နန္ဒစိုးဆိုတဲ့ ယမ်းသွေးရဲကောင်နှင့် တခြားစီဟုမှတ်ချက်ချပြီး

"လာ ထိုင်ပါ မောင်မိုးဒေဝါ"

မိုးဒေဝါ ဆက်တီခုံပေါ်မှာ ဝင်ထိုင်လိုက်သည်။

"ဟုတ်ကဲ့ ဦးလေးကို တက္ကစီဂိတ်မှာ မတွေ့လို့ နေမျှားမကောင်း ဘူးလားဆိုပြီး တက္ကစီဆရာတွေကို အိမ်လိပ်စာမေးပြီး လိုက်လာတာ ခင်ဗျ"

"ဦးက နေကောင်းပါတယ်ကွာ ကားကသာ နေမကောင်းလို့ သူ့ဗိုင်ရှင်ဆီပြန်အပ်ထားတာ"

"ဟင် ဒါဆို ဦးလေးအလုပ်မရှိဘူးပေါ့"

ဦးသုခနားဝင်ထိုင်ပြီး စိတ်ပူသောလေသံဖြင့် မေးလိုက်သည်။

"နေ့ဘက်ပဲအလုပ်မရှိတာပါ ညဘက်ဆိုရင်တော့ ဘော်ဒါတစ် ယောက်ရဲ့ကားကို ခဏယူမောင်းနေတယ်လေ"

"တို့အဖေက ကားဝယ်တော့မှာ ကိုမိုးရဲ့"

ကော်ဖီဗန်းယူလာသော ချောကလက် မိုးဒေဝါရှေ့မှာချပြီး ကော်ဖီခွက်ကိုကမ်းပေးရင်း ပြော၏။

"နေပါစေ မသောက်တော့ပါဘူး ချောကလက်"



www.burmeseclassic.com

www.burmeseclassic.com



အားနာစွာ ငြင်းဆန်နေသော မိုးဒေဝါကို ခွက်သန့်ကြောင်း ရှင်းပြလိုက်သည်။

"တို့အိမ်က သန့်ပါတယ် ကော်ဖီခွက်ကိုလည်း အကြိမ်ကြိမ် ဆေးထားပါတယ်"

ထိုစကားကြောင့် မိုးဒေဝါ အားနာသွားကာ

"ဟာ မဟုတ်ပါဘူး ဒီအတိုင်း အားနာလို့ငြင်းလိုက်ရုံပါပဲ။ ရွံလို့မဟုတ်ပါဘူး'

"ဒါဆိုရင် သောက်လိုက်လေ"

"ဟုတ်ပါပြီ သောက်ပါမယ်"

ကော်ဖီခွက်ကို ဖွတ်အတင်းထိုးပေးနေသော သမီးဖြစ်သူနှင့် ရှိုးအလွန်းသော မိုးဒေဝါကိုကြည့်ပြီး ဦးသုခ သဘောတွေကျနေသည်။

"ဦးလေးကို ခုလို သတိတရနဲ့ လာပေးတာ ကျေးဇူးတင်ပါတယ်ကွာ"

"ကျွန်တော်တို့က မိတ်ဆွေတွေပဲ ဦးလေးရယ်၊ အားနာဖို့မှ မလိုတာ"

ထိုသို့ပြောပြီး ချောကလက်ကိုလှမ်းကြည့်သည်။ အကြည့်ချင်း ဆုံသွားကြသည်။

ချောကလက်ထံမှ ရက်ပြုံးမဟုတ်သော အပြုံးလှလှဖြင့်တုန့်ပြန် လိုက်သည်။

■ ■ ■



## အခန်း (၂၄)

"ကြေးမုံရေ ညည်းအစ်ကိုလေး ထမင်းစားမယ်နော် ဟင်းတွေ [...]နွှေးထားလိုက်ဦး"

ဒေါ်ရွှေရည် ဆေးသောက်ရန်ပြင်ဆင်ပေးနေတုန်း နောက်အ[...]ထဲ့တစ်ခုပေါ်လာ၍ သောက်ဆေးအချို့နှင့် ရေဖန်ခွက်ကို ဗန်းထဲထည့် [...] ဒေါ်ရွှေရည်ဆီသို့ ခပ်သွက်သွက်လှမ်းခဲ့လိုက်သည်။

"ဆေးသောက်လို့ရပါပြီ ကြီးကြီး"

"ဪ အေး အေး"

ဒေါ်ရွှေရည် ခွက်ကလေးထဲထည့်လာသော ဆေးလုံးအချို့ကို [...]တာ ပါးစပ်ထဲထည့်ပြီး ရေဖန်ခွက်ထဲမှ ရေဖြင့်မျောချလိုက်သည်။

ချောကလက် တစ်ဖက်ကိုလှည့်ကာ မသိမသာပြုံးလိုက်သည်။

"ညည်း အစ်ကိုလေး ဘာလုပ်နေလဲ သူ ထမင်းစားဖို့ ဟင်း



www.burmeseclassic.com

www.burmeseclassic.com



တွေထပ်နွှေးထားဦး''

''အစ်ကိုလေး စာဖတ်ခန်းထဲမှာ ထင်တယ် ကြီးကြီး ဟင်းရေ
က ပြန်နွှေးထားပြီးပါပြီ စားမယ်ဆို အဆင်သင့်ပါပဲ''

''အေး အေး ဒါဆိုပြီးရော ငါ အခန်းထဲမှာ ခဏသွားလှဲလိုက်
ဦးမယ် ဒီဆေးကပြင်းတော့ သောက်ပြီးရင် ငြိမ်ငြိမ်လေးလှဲနေဖို့ ဆရာဝ
က မှာထားတယ်''

''ဟုတ်တယ် ကြေးမုံလည်း ကြီးကြီးကို သတိပေးမလို့ နေ
နေလယ် ရာသီဥတုကပူတော့ အိပ်ခန်းထဲမှာ သက်သောင့်သက်သာ
အနားယူလိုက်ပါ ကြီးကြီး။ ခိုင်းစရာရှိရင် ဘဲလ်တီးလိုက် ကြေးမုံ မီးဖိုခ
ထဲမှာ ညနေစာချက်ရင်း ရှိနေမှာပဲ''

''အေးပါအေ ညည်း ကောင်းသလိုသာ စီမံလိုက်တော့''

ဒေါ်ရွှေရည် ညှော်ခန်းထဲမှ ခပ်လေးလေးထလိုက်သည်။ ကြေး
ကူတွဲပေးကာ အခန်းထဲလိုက်ပို့လိုက်သည်။

ခုတင်ပေါ် လှဲအိပ်ရင်းမှ

''ထမင်းပွဲကို သန့်သန့်ပြန့်ပြန့်လုပ်ပေးဦးနော် ငါ့သားက သန့်
သန့်ပြန့်ပြန့်မှကြိုက်တာ''

''ဟုတ်ကဲ့ပါ ကြီးကြီးရဲ့ ကြေးမုံ အစ်ကိုလေးစိတ်တိုင်းကျ
ပြင်ဆင်ပေးပါ့မယ်၊ အဲကွန်းဖွင့်ထားတော့ စောင်ပါးလေးခြုံထားလိုက်
နော် ကြီးကြီး''





ရင်ထဲမှာ စေတနာမပါပေမယ့်လည်း ကိုယ်သိပ်ချစ်ရသော
ချစ်သူ၏မိခင်ဖြစ်နေသည့် အသိစိတ်ကြောင့် ဂရုစိုက်ဟန်ပြလိုက်သည်။
အမှ ကြေးမုံ ဒီအိမ်မှာ အလုပ်မြဲမှာလေ။

ဒေါ်ရွှေရည် မျက်လုံးတို့မှေးစင်းကာ ငြိမ်သွားသည်။ ချောက
သက် အိပ်ပျော်စပြုနေသော ဒေါ်ရွှေရည်ကို ခေတ္တရပ်ကြည့်ကာ အခန်း
ထဲမှ ထွက်လာလိုက်သည်။

မိုးဒေဝါ ထမင်းမစားသေးဘဲ စာကြည့်ခန်းထဲတွင် ငြိမ်ချက်
သားကောင်းနေ၍ စာကြည့်ခန်းဘက်သို့ ထွက်လာခဲ့လိုက်သည်။ တစ်
ဘက်စတည်း တပ်ထားသော သွားအတုကိုဖြုတ်လိုက်ပြီး စားပွဲအံဝုက်
ထဲခုထဲ တစ်ရှူးဖြင့် သိမ်းထုတ်ပြီးထည့်လိုက်၏။

စေ့ရုံစေ့ထားသော စာကြည့်ခန်းတံခါးကို အသာတွန်းဖွင့်လိုက်
သည်။ ကွန်ပျူတာ တစ်လုံးဖြင့် အလုပ်ရှုပ်နေသော မိုးဒေဝါနောက်သို့
ခြေသံခပ်ဖွဖွနင်းပြီး တိုးကပ်လာလိုက်သည်။ အိမ်နေရင်း စွပ်ကျယ်
ပြတ်ဖြင့် ဖြူဖွေးသောဂုတ်သားဝင်းဝင်းလေးကို လက်ညှိုးဖြင့် ခပ်ဖွ
ထိုးကာ

''ကိုမိုး''

မိုးဒေဝါ တိုးသဲ့သဲ့ခေါ်သံကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်
သည်။

''ဟင် ချောကလက်''



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းမစားသေးဘူးလား တို့အားလုံးပြင်ပြီးသွားပြီ"

"စားမယ် ဒီမှာ စာရင်းလုပ်နေတာ မပြီးသေးလို့ ဖါနဲ့ အ
ဖြစ်လို့ သွားအတူကြီးကိုဖြုတ်လိုက်တာလဲ မေမေမြင်ရင် ကျိုင်တက်
မယ်"

စိုးရိမ်စိတ်ဖြင့် အခန်းကို မလုံမလဲ လှမ်းကြည့်ရင်း ပြော
သော မိုးဒေဝါစကားကြောင့် ချောကလက် ခစ်ခနဲ ရယ်လိုက်သည်

"သိပ်လည်း စိတ်မပူပါနဲ့ ကြီးကြီးက ဆေးသောက်ပြီး အ
ထဲမှာ အိပ်နေလောက်ပြီ"

အိပ်ဆေးတစ်လုံး မသိမသာထည့်တိုက်ခဲ့သည်ဆိုတာကို
မိုးဒေဝါသိအောင် ပြောပြ၍မဖြစ်။

"ဟင် မေမေက အိပ်နေတယ် ဟုတ်လား။ မေမေက နေ
နေ့လယ် အိပ်လေ့အိပ်ထ မရှိပါဘူး၊ နေမကောင်းလို့လား"

"ဟုတ်တယ် ခုပဲ ဆေးတိုက်ခဲ့တာ ပုံမှန်သောက်နေကျ
ထိန်းဆေးတို့ အားဆေးတို့လောက်ပါပဲ"

အေးအေးဆေးဆေး စကားထိုင်ပြောခွင့်ရပြီမို့ ချောက
မိုးဒေဝါ၏ကွန်ပျူတာစားပွဲဘေးရှိ ဒရင်းဘက်ခ်ပေါ်တွင် ထိုင်လိုက်
မိုးဒေဝါ ကွန်ပျူတာကိုပိတ်ပြီး မကြေးမုံအသွင်ဖြင့် သန်
ပါးကွက်လေးဖြင့် လှပနေသောမျက်နှာကို မရဲတရဲကြည့်ကာ

"မင်း ဒီမှာ အောက်ခြေသိမ်းအလုပ်တွေ လာလုပ်နေ





မပင်ပန်းဘူးလား ချောကလက်"

"ဟင့်အင်း လက်တွေပြုတ်ထွက်ရလောက်အောင် ပင်ပန်း
လည်း ချောကလက်တို့က ပင်ပန်းတယ်လို့မထင်ဘူး၊ ရင်တောင်ခုန်သေး
တယ်"

မျက်ဝန်းလေးတောင့်ကပ်ပြီး ရင်ဘတ်ကိုလက်ဖြင့်ခပ်ဖွဖွဖိကာ
ခပ်ညုညုပြောလိုက်သော ချောကလက်၏ချိုအီအီအမူအရာကိုကြည့်ပြီး
မိုးဒေဝါ ခပ်သဲ့သဲ့ရယ်သည်။

နှစ်ယောက်သား ရှိုးတိုးရှန့်တန့်အကြည့်တွေဖြင့် ပြိုင်တူအ
ကြည့်ချင်းဆုံလိုက်ကြသည်။ မိုးဒေဝါ ရင်ထဲ ဘယ်လိုခံစားနေရမည်
မသိ၊ ချောကလက်ကတော့ ရင်တစ်ခုလုံး လှိုက်ဖိုမောကာ တိမ်တွေပေါ်
မှာ ငြိမ့်ငြိမ့်လေး စီးမျောနေရသလို ခံစားရသည်။

"ကိုယ်တို့ အခန်းအပြင်ထွက်ရအောင် ချောကလက်"

"ဘာဖြစ်လို့လဲ တို့က ရှင့်ကို မတရားကြံမှာစိုးလို့လား"

ချောကလက်၏တိုးလျသောအမေးကြောင့် မိုးဒေဝါ သက်မ
ခပ်ဖျော့ဖျော့ကိုချပြီး

"မဟုတ်တာပဲ"

"ရှင့်ကို မေးစရာရှိတယ်"

"မေးလေ ဘာမေးမလို့လဲ"

"ရှင် မေသစ္စာလာတဲ့နေ့က တို့ကိုဘာလို့ဖက်တာလဲ၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အနမ်းတွေကရော ဘာအဓိပ္ပာယ်လဲ''

''ဟင်''

စခဲ့မိသည့်ဖာတ်လမ်းကို ထပ်မဆက်တဲ လမ်းခုလပ်တစ်နေရာမှာ ရပ်တန့်မိခဲ့သည်က ကိုယ့်ရဲ့ရှေ့ဆက်မတိုးရဲသည့်သတ္တိကြောင်မှုတွေပဲဆိုတာ ကိုယ်ကိုယ်တိုင်လည်းသိပါသည်။

ချစ်တယ်လို့မပြောဘဲ အဆင့်ကျော်ခဲ့မိသည့်အတွက် မိန်းကလေးတစ်ယောက်ရဲ့ဂုဏ်သိက္ခာကို ထိပါးစော်ကားရာရောက်သည်ဆိုတာကိုလည်း မိုးဒေဝါ ကောင်းကောင်းသိပါသည်။

ရှေ့ကို တစ်လှမ်းတိုးဖို့ နောက်ကို သုံးလေးလှမ်းပြန်ဆုတ်ခဲ့ဖူးတိုင်း တွေဝေသောစိတ်တွေက ရှေ့ကိုအရှိန်ဖြင့်လှမ်းဖို့ တွန့်ဆုတ်နေမိပြန်သည်။

ခုတော့ ချောကလက်က ဒဲ့ပင်မေးလာပြီမို့ ထိုမေးခွန်းကို ရှောင်ဝိုက်ရှောင်ရှား၍မရတော့။

တကယ်ဆို ကိုယ့်ရဲ့မသိစိတ်က ချောကလက်အပေါ် သာယာနေမိနေပြီပဲ။ ယောက်ျားတစ်ယောက်ပင် မစွန့်စားရဲသောပေးဆပ်အနစ်နာခံမှုကြီးက လက်ဖျားခါလောက်သည်မို့ သူ နှလုံးသားပင် ဖျတ်ခနဲလှုပ်ခါခဲ့ရသည်။

''ဖြေလေ အဲဒီအတွက် ရှင့်မှာအဖြေတစ်ခုတော့ အဆင်သင့်ရှိတယ်လေ ကိုမိုးရဲ့''





တာဝန်ယူနိုင်းတာမဟုတ်ဘဲ ကိုယ့်ရင်ဘတ်ထဲက ခံစားမှုကို စာဖတ်ချင်နေသော ချောကလက်၏မျှော်လင့်ချက်တွေကိုရော သူမသိဘဲနေပါ့မလား။

ချောကလက် ထိုင်ရာမှထကာ မိုးဒေဝါနှင့်အနီးဆုံးနေရာ ရှေ့တည့်တည့်မှာ ရပ်လိုက်သည်။

''ရှင် ဖြေရမှာ တွန့်ဆုတ်နေတာလား''

မျက်နှာချင်းနီးကပ်ပြီး မေးလာသော ချောကလက်ကို မိုးဒေဝါ ရီဝေစွာကြည့်လျက် လက်အစုံက ချောကလက်၏ပခုံးနှစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်ကာ

''ကိုယ် မင်းကိုချစ်မိနေပြီထင်တယ် ချောကလက်''

ဒီစကားတစ်ခွန်းကြားရလျှင်တောင် သေပျော်ပါပြီဟု စိတ်ထဲမှ ကျေနပ်စွာတွေးပြီး မိုးဒေဝါ၏ရင်အုပ်ကျယ်ထဲသို့ တိုးဝင်လိုက်သည်။

နှစ်ဦးသား ခန္ဓာကိုယ်ချင်းပူးကပ်လိုက်ကြသည်။

''တို့လည်း ရှင့်ကိုချစ်နေခဲ့တာပါ ကိုမိုးရယ်''

မေးငေါ့ကာ ပြောလာသော ချောကလက်စကားအဆုံးမှာ နှုတ်ခမ်းချင်းထိကပ်နမ်းရှိုက်လိုက်ကြသည်။ အဲကွန်းအအေးဓာတ်တွေလွှမ်းမိုးဖြန့်ကျက်ခြင်းခံထားရသော နွေးနွေးလယ်ခင်းသည် တဖြည်းဖြည်း တိတ်ဆိတ်စွာ နက်ရှိုင်းလာသည်။ နောက်ဆုံးသော ထိန်းချုပ်ထားမှုက ပြိုကွဲသွားလေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးရယ် ရှင်နဲ့တို့ ဒီအခြေအနေအထိ ရောက်ခဲ့လိမ့်မယ်လို့ မမျှော်လင့်ခဲ့ဘူး။ ခု အိပ်မက်မက်နေတာမဟုတ်ပါဘူးနော်"

ချစ်သူ၏ရင်ခွင်ထဲမှ ရုန်းမထွက်ချင်လောက်အောင်ကို ချောကလက်၏အပျော်တွေက အနာဂတ်မှာ ရွှေရောင်လွှမ်းနေသည်။

"အိပ်မက်မဟုတ်ပါဘူး ကိုယ်တို့တကယ်ကို ချစ်သူဖြစ်သွားကြပါပြီ၊ ချောကလက်အပေါ်မှာ ကိုယ်မစောင့်စည်းခဲ့မိတဲ့အတွက် ကိုယ့်တာဝန်ကိုယ်ယူပါ့မယ်လို့ ချောကလက်ကို ကတိပေးတယ်"

"တို့ကို လက်ထပ်မယ်ပေါ့"

"ဟုတ်တယ် ကိုယ်လက်ထပ်ရမယ့်သူဟာ ချောကလက်ကလွဲပြီး ဘယ်မိန်းကလေးမှ မဖြစ်နိုင်ပါဘူး"

"ဒါဆို မေသစွာကရော"

"ကိုယ်မှသူ့ကိုမချစ်တာ ဒါကြောင့် လက်မထပ်နိုင်ဘူး"

ချစ်သူက ကိုယ့်ဘက်ကပါနေပေမယ့် ဒေါ်ရွှေရည်ကိုတော့ စိတ်မချနိုင်ပါ။ သူ့သားနှင့်ချောကလက် ချစ်သူအဆင့်ထက်ကျော်လွန်သော အဆင့်သို့ရောက်နေပြီဆိုတာ သိခဲ့ရင် တစ်ခါတည်း အသက်ပျောက်သွားမလားမသိနိုင်။

"ကိုမိုးနဲ့တို့ရဲ့အချစ်ခရီးလမ်းက ဒီလောက်ဖြောင့်ဖြူးနိုင်ပါ့မလား။ မိခင်ကိုချစ်တဲ့သားတစ်ယောက်အနေနဲ့ ချောကလက်ကိုချစ်တယ် ဆိုရုံနဲ့တင် တို့ကျေနပ်နိုင်ပါတယ် ကိုမိုးရယ်"





"မေမေ့အနေနဲ့ ကိုယ်တို့ကို လုံးဝသဘောမတူဘူးဆိုတာ ကိုယ်လည်းသိပါတယ်၊ ဒါပေမဲ့ ချောကလက် ဘာမှမပူပါနဲ့ ကိုယ်တို့နှစ်ယောက်ကို မေမေသဘောတူလာနိုင်တဲ့နည်းလမ်းကို အကောင်းဆုံးရွေးချယ်ရမှာပေါ့"

"တို့ကတော့ ကိုမိုးဘယ်လိုပဲဆုံးဖြတ်ဆုံးဖြတ် ကိုမိုးနဲ့ လက်ထပ်ပေါင်းသင်းခွင့်ရမယ်ဆိုရင် ကျေနပ်ပါတယ်"

ကိုယ့်ကိုချစ်၍ အနိမ့်ခံ့ဘဝနှင့်လာရောက်ပေးဆပ်နေသော ချောကလက်ကို ကရုဏာသက်စွာကြည့်လိုက်ပြီး နဖူးသားဝင်းဝင်းလေးကို နမ်းရှိုက်လိုက်သည်။

"တို့ပြန်တော့မယ် ကို"

ခုမှနာရီကိုကြည့်ဖို့ သတိရသည်။ ညနေ ငါးနာရီပင်ရှိနေပြီး စာကြည့်ခန်းထဲမှာ စိတ်လွတ်ကိုယ်လွတ် ရင်ခုန်ကြည်နူးနေကြ၍ အချိန်တွေကုန်၍ ကုန်မှန်းပင်မသိတော့။

"ဟင် မေမေခုထိ အိပ်ရာကမနိုးသေးဘူးပဲ"

ခုမှပင် မိုးဒေဝါ မိခင်ဖြစ်သူကို သတိရတော့သည်။

"ကြီးကြီးအိပ်နေတုန်းမို့ ကိုနဲ့တို့ ခုလိုစကားအေးအေးဆေးဆေးပြောလို့ရတာပေါ့ ကိုရဲ့"

"ဟုတ်သားပဲ ကဲ ချောကလက် ပြန်လိုက်တော့ ကိုယ် မေမေ့အခန်းထဲသွားလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မိခင်မကြိုက်သော အမှားတစ်ခုကို ကျူးလွန်ထားမိကြမှတော့ ချောကလက်နှင့်အတူ မေမေ့ကိုရင်ဆိုင်ဖို့ မဝံ့မရဲဖြစ်မိသည်။

တဒင်္ဂ စိတ်ဆန္ဒကို အလိုလိုက်မိပေမယ့် မိုးဒေဝါ-ဘယ်တော့မှ နောင်တမရမှာကိုတော့ သေချာသည်။

■ ■ ■



## အခန်း (၂၅)

"သား မေသစ္စာကို သွားမတွေ့ချင်ဘူး မေမေ"

ဒုတိယအကြိမ် ငြင်းဆန်လာသော သားဖြစ်သူကို ကြည့်ပြီး ဒေါ်ရွှေရည် မျက်နှာအရိပ်အကဲသည် အနည်းငယ်တင်းမာ၍သွားသည်။

"မင်း မေမေ့ကို ဆန့်ကျင်နေတာလား"

ငြင်းဆိုနေပါတယ်ဆိုမှ ဆန့်ကျင်နေတာလားဆိုတော့ ဘယ်လို ပြောရမလဲ။

"မေသစ္စာကို သားမှမချစ်တာ မေမေရယ်၊ သားမချစ်တဲ့မိန်း ကလေးနဲ့တော့ တစ်ဘဝလုံးဘေးမှာထားပြီး ဒုက္ခမခံနိုင်းပါနဲ့ သား တောင်းပန်ပါတယ်"

"မေသစ္စာလိုမိန်းကလေးမျိုးကို သားက ငြင်းဆန်တယ်ဆိုတော့ သားမှာ မေသစ္စာထက်သာတဲ့မိန်းကလေးမျိုး ရှိနေလို့လား၊ မေမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ပွင့်လင်းလင်းပြောစမ်း သား၊ မေမေလက်ခံနိုင်တဲ့မိန်းကလေးမျိုးဆိုရင် မေသစ္စာနဲ့စေ့စပ်မယ့်ကိစ္စကို လုံးဝဖျက်သိမ်းပေးမယ်''

ချောကလက်ရဲ့ကိစ္စကို ဖွင့်ပြောဖို့ ဆုံးဖြတ်ချက်ချလိုက်သည်။

''ဟုတ်တယ် သားမှာချစ်သူရှိနေတယ် မေမေ''

ဒေါ်ရွှေရည် တအံ့တသြဟန်ဖြင့် မိုးဒေဝါကို ကြည့်ကာ

''ဘုရား ဘုရား မေမေ့သားက မေမေမသိအောင်တောင် ချစ်သူထားတတ်နေပြီကိုး''

''သားအရွယ်ရောက်နေပါပြီ မေမေ၊ ဒါကြောင့် သားဘဝရဲ့ အိမ်ထောင်ဘက်ကို သားစိတ်ကြိုက် ရွေးချယ်လိုက်တာပါ၊ သူ့ကိုသား ချစ်တယ်၊ သားတို့ချစ်သူအဆင့်ထက် ကျော်လွန်တဲ့အခြေအနေတစ်ခုကို လည်း ရောက်နေကြပါပြီ ဒါကြောင့် မေမေ စိတ်လျှော့လိုက်ပါတော့''

ဒေါ်ရွှေရည် ရင်ဘတ်ကို ခပ်ဖွဖွဖိပြီး စိတ်တွေအရမ်းလှုပ်ရှား နေပုံဖြင့် သရုပ်ဆောင်ပြသည်။

''မေမေ ရင်ထိတ်လိုက်တာ သားရယ်၊ သား ဘယ်သူနဲ့ချစ်သူ ဖြစ်နေတာလဲ မ မဟုတ်မှလွဲရော ဟိုတစ်ယောက်ရဲ့ပိုက်ကွန်ထဲ ဝင်သွား မိတာတော့ မဟုတ်လောက်ပါဘူးနော်''

ဒေါ်ရွှေရည်၏ စိုးရိမ်တကြီးအမေးကြောင့် မိုးဒေဝါ မိခင်ဖြစ်သူ ကို အားနာသောအကြည့်ဖြင့်ကြည့်ကာ

''သားကိုခွင့်လွှတ်ပါ မေမေ သား မေမေ့ကိုစိတ်ဆင်းရဲအောင်





လုပ်မိပြီ''

ဒေါ်ရွှေရည် မျက်နှာချက်ချင်းဆိုသလို သောကတို့ဖြင့် ညှိုး မှောင်၍သွားသည်။

''တကယ်တော့ သားနဲ့ချောကလက် ချစ်သူတွေဖြစ်သွားပါပြီ မေမေ''

''ဟင်''

ကမ္ဘာပြိုမတတ် တုန်လှုပ်သွားသော မိခင်ကိုကြည့်ပြီး မိုးဒေဝါ စိတ်မကောင်းဖြစ်မိသည်။ မိခင်၏ဆန္ဒထက် ကိုယ့်နှလုံးသားဆန္ဒကို ရှေ့တန်းတင်မိသောကြောင့် အပြစ်တစ်ခုလို ခံစားရပေမယ့် ဘဝတစ်ခု လုံးနှင့် ရင်းရမှာမို့ ကိုယ့်ဆန္ဒကိုသာ ဦးစားပေးမိတာပါ။

''ရက်စက်လိုက်တာ လုပ်ရက်လိုက်တာ သားရယ်၊ သားက မေမေ့ရဲ့အနာဂတ် မေမေ့ရဲ့မျှော်လင့်ချက်ပါ၊ မေမေအသက်ရှင်နေတာ သားအတွက်၊ မေမေ့ရဲ့တစ်ဦးတည်းသောသားလေးကို ဂုဏ်ဒြပ်တွေနဲ့ ပြည့်စုံသထားတဲ့အမျိုးကောင်းသမီးလေးတွေနဲ့ပဲ ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်ပေးချင်ခဲ့တာ မေမေ့ရဲ့အကြီးမားဆုံးဆန္ဒပဲ သားရယ်''

ဝမ်းနည်းလှိုက်ဖိုစွာ ငိုကြွေးရင်း ငိုသံနှောသောအသံဖြင့် ပြော သာတော့ မိုးဒေဝါ စိတ်မကောင်းဖြစ်မိသည်။ မေမေ ဘယ်လောက်ခံစား နေမလဲဆိုတာ သိပါသည်။ သို့သော် တောင်းပန်ရုံကလွဲပြီး ဘာမှမတတ် နိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



"သားကို ခွင့်လွှတ်ပါ မေမေ"

"မေမေ့ကိုသာ သွတ်လိုက်ပါတော့ သားရယ်၊ မေမေ့ဘဝနဲ့ ရင်းပြီး ချစ်ခဲ့ရတဲ့ မေမေ့သားလေးကို ဒီလိုအောက်တန်းကျတဲ့မိန်းကလေး မျိုးနဲ့ လက်ထပ်တာကို ခွင့်ပြုရမှာထက်စာရင် မေမေ သေလိုက်တာကမှ ငြိမ်းချမ်းပါသေးတယ်"

ငိုသံနှောသောအသံဖြင့် ပြောနေသော မေမေ့ကို ဒီထက်ပိုပြီး ပြောစရာစကားလုံး မရှိတော့ပါ။ ထို့ကြောင့် မေမေ့ရှေ့မှ ထွက်လာခဲ့လိုက်သည်။

ချောကလက်မှာ ရှိသည့် ပွင့်လင်းရိုးသားသည့် ဂုဏ်တွေက မေမေမက်မောသည့် ငွေကြေးစည်းစိမ်ဥစ္စာနေတွေနဲ့ယှဉ်လျှင် ဘာမှမ ဟုတ်ပေမယ့် မိုးဒေဝါအတွက်တော့ အမြတ်တနိုး နမ်းရှိုက်ခွင့်ရချင် သည့် ပန်းတစ်ပွင့်ပါ။

■ ■ ■

"ညည်း ဒီအိမ်မှာ အလုပ်လုပ်စရာမလိုတော့ဘူး မကြေးမုံ"

အိမ်ထဲပင် မဝင်ရသေးသော မကြေးမုံ၏ခြေလှမ်းတွေ တုန့်ခနဲ ရပ်သွားကာ ဒေါ်ရွှေရည်ကို ထိတ်လန့်အံ့ဩသောအကြည့်ဖြင့် ကြည့်လိုက် ပြီး

"ဘာဖြစ်လို့လဲ ကြီးကြီး"

မေးသာမေးနေရသည်၊ မကြေးမုံဟာန်ဆောင်ထား၍ သိသွားလို့





လားဟူသော စိုးရိမ်စိတ်တော့ ဝင်မိသေးသည်။

"ငါ့သားနဲ့ချောကလက်ကို နီးစပ်အောင်လုပ်ဖို့ ငါတို့အိမ်မှာ အလုပ်လာလုပ်တာမဟုတ်လား၊ အဲဒါတွေအားလုံးက ချောကလက်နဲ့ ညည်းနဲ့ပူးပေါင်းကြံစည်ကြတာ မဟုတ်လား"

သားလုခံလိုက်ရသော ဒေါ်ရွှေရည်၏သွေးရူးသွေးတန်း စွပ်စွဲ ချက်တွေသည် ချောကလက်အဖို့ အလွန်အရုသာတွေ့သော ဘုရင့်ပွဲတော် အုပ်ကို တည်ခင်းရသလို မြိန်ယှက်လှသည်။

သူ့သားကို ဘုရင့်သားတော်တစ်ပါးအလား ဘယ်သူနှင့်မှ တူ တယ်တန်တယ်မထင်ခဲ့သည့်အပြင် ချောကလက်ကိုပါ အထင်သေးနှိမ့်ချ ခဲ့သောရလဒ်သည် ယခုတော့ လှလှပပကြီး ခံစားနေရလေသည်။

လှိုက်လှဲဝမ်းသာစွာဖြင့် အော်ဟစ်ရယ်မောချင်ပေမယ့် မိုးဒေဝါ ကို တကယ်ချစ်ခဲ့မိသော အချစ်ကြောင့် ကိုယ်ကိုယ်တိုင် အောင်နိုင်သူ ရယ်လို့လည်း ဟစ်တိုင်မတက်ချင်တော့။

"အဲဒါ သူတို့လူငယ်ချင်း သံယောဇဉ်တွယ်မိကြတဲ့ကိစ္စပါ ကြီး ကြီးရယ်၊ မကြေးမုံနဲ့ ဘာများပတ်သက်လို့လဲ"

"အို ဘာပဲဖြစ်ဖြစ် ညည်းတို့က ဆွေမျိုးတွေပဲ ညည်းကို ငါ အိမ်မှာလုပ်လက်ခံမိတာကိုက မှားခဲ့တာပါ၊ ဒီတော့ ညည်းကိုဒီနေ့ပဲ အလုပ်ထုတ်လိုက်ပြီ၊ ငါ့သားအိပ်ရာမနိုးခင် အိမ်ပေါက်ဝကနေသာ လှည့် ပြန်လိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



မကြေးမုံ ပြုံးလိုက်သည်။

"ကြေးမုံ လှည့်ပြန်လိုက်ရုံနဲ့ မိုးဒေဝါနဲ့ချောကလက်တို့ရဲ့အချစ်ဖာတ်လမ်းက တစ်ခန်းရပ်သွားမယ်လို့များ ထင်နေသလားကြီးကြီးရယ် ကြီးကြီးဘက်က ချောကလက်ကိုနှိမ့်ချလေ မိုးဒေဝါနဲ့ချောကလက် ပိုပြီးနီးစပ်လေဆိုတာ ကြီးကြီးသိထားလိုက်ပါ"

ရယ်မြောလေးပြောကာ ဒေါ်ရွှေရည်ရှေ့မှ မကြေးမုံ လှည့်ထွက်ခဲ့လိုက်သည်။

"ညည်းညီမ ချောကလက်ကိုပြောလိုက်စမ်းပါ ငါ့သားနဲ့ နီးစပ်ဖို့ မမျှော်လင့်နဲ့တော့လို့၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလထဲမှာပဲ မေသစ္စာနဲ့ အားချင်းပေးစားတော့မှာမို့ ကိုယ်နဲ့တန်တဲ့ယောကျ်ားမျိုးကိုပဲ အမိဖမ်းလိုက်ပါလို့"

အိမ်ပေါက်ဝမှာရပ်ပြီး ပြောနေသော ဒေါ်ရွှေရည့်စကားကိုလှမ်းနေသော ခြေလှမ်းတို့ ခဏတွန့်ခနဲ ရပ်၍ နားထောင်ပေးလိုက်သေးသည်။

ပြီးမှ မခိုးမခန့်အရယ်မျက်နှာဖြင့်

"ဟုတ်ကဲ့ ချောကလက်ကို သေသေချာချာ ပြောလိုက်ပါမယ်ရှင့်"

ထိုသို့ပြောပြီး ခြံဝင်းထဲမှ ထွက်ခဲ့လိုက်သည်။ ခြံပြင်ရောက်မှ ရယ်ချင်စိတ်ကိုဖွင့်ချကာ တစ်ယောက်ထဲ အားရပါးရ အော်ရယ်လိုက်





သေးသည်။

မကြေးမုံဟာ ချောကလက်ဆိုတာ ဒေါ်ရွှေရည် မသိလိုက်ရှာ၍ဆို မာနတွေထောင်လွှားပြီး မာနတွေထိပ်တက်နေခြင်းဖြစ်သည်။

■ ■ ■

"ဟာ မေမေရယ် သားဆန္ဒမပါဘဲနဲ့ မင်္ဂလာပွဲကို ဖွတ်မစီစဥ်နဲ့ သားတောင်းပန်ပါတယ်"

"ဒီအချိန်ဟာ သားဘဝအတွက် အရေးကြီးဆုံးအချိန်မို့ သားမေမေ့ကို တောင်းပန်လိုက်ရုံနဲ့ သားရဲ့ဘဝဖြောင့်ဖြူးသွားမှာမဟုတ်ဘူး၊ မေမေ့စကားကို နားထောင်မှ သားရဲ့ဘဝဖြောင့်ဖြူးမှာ၊ နို့မို့ဆို မိန်းမဆိုးတစ်ယောက်ရဲ့ဘဝထဲမှာ သား အနာဂတ်တစ်ခုလုံး နစ်မွန်းသွားလိမ့်မယ်"

သားအမိနှစ်ယောက်ကြားထဲမှ လွဲမှားနေသည့်စိတ်ခံစားချက်ကြောင့် မိုးဒေဝါ စိတ်တွေထွက်ပေါက်ပိတ်ချင်သလို ဖြစ်နေသည်။

"ခုရော သားဘဝက မဖြောင့်ဖြူးနေလို့လား မေမေရဲ့၊ မေသစ္စာနဲ့လက်ထပ်မှ သားဘဝကဖြောင့်ဖြူးမယ်ဆိုရအောင် သားကမိန်းမသားက ကလေးကချေမှမဟုတ်တာ"

အချစ်နဲ့ပတ်သက်လာ၍ မိုးဒေဝါ မေမေ့ကို အကြောင်းပြချက်များဖြင့် ငြင်းချွန်ရဲတဲ့သတ္တိတွေ သူ့အလိုလိုထွက်လာသည်။ တစ်မြို့င်နှင့်ရှုပယ် ချောကလက်နှင့်ဝေးမှာကြောက်သည့်စိတ်တွေသည် မိုးဒေဝါစိတ်



www.burmeseclassic.com

www.burmeseclassic.com



တွေအဖြစ် ကူးပြောင်းလာသည်။

"သားက ကလေကချေမဟုတ်ပေမယ့် ကလေကချေနဲ့ငြိစွန်း သွားမှာကို ကြောက်နေတာက မေမေလေ၊ မေမေ့မှာ ဒီသားလေးတစ် ယောက်ပဲရှိတာ သားရဲ့ဘဝကို ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်အတွက် နဲ့ မနိမ့်ကျစေချင်ဘူး"

ချောကလက်အပေါ်မှာ အမုန်းကြီးမုန်းနေသော မေမေ့ထံတွင် မိုးဒေဝါ၏စိတ်ခံစားမှုထက် ဂုဏ်ပကာသနကို ဦးစားပေးလွန်းသော မေမေ ၏ခံယူချက်အပေါ် မိုးဒေဝါ အတိုက်အခံလုပ်မပြောလိုတော့။

"အဲဒီကိစ္စကြီးကို သား ဖြုန်းခနဲလက်ခံလို့မရဘူး မေမေ ဒါကြောင့် သားကိုအချိန်ခဏတော့ပေးပါ"

"မပေးနိုင်တော့ဘူး သား၊ အဲဒီအချိန်က သားကိုချောက်ထဲ တွန်းချတဲ့အချိန်ကာလတစ်ခုဖြစ်နေမယ်ဆိုရင် ဘယ်လိုလုပ်မလဲ"

သားအတွက် ရယူပိုင်ဆိုင်ချင်ဇောတွေများနေသော မေမေ့ ဒီထက်ကိုပြီး အတိုက်အခံမပြောသင့်တော့သဖြင့် မိုးဒေဝါ ဘာမှဆက် မပြောလိုတော့။

■ ■ ■



အခန်း (၂၆)

"ဟင် ကြီးကြီး သိသွားပြီ ဟုတ်လား ကိုမိုး"

"ကိုယ် ဖွင့်ပြောလိုက်တာပါ ချောကလက်"

ချောကလက် မျက်စိမျက်နှာပျက်ကာ

"ဒုက္ခပါပဲ ကိုမိုးရယ် ချောကလက် ရင်တွေတုန်လိုက်တာ၊ ကြီးကြီးက ချောကလက်ကို သေလောက်အောင်မုန်းနေတာ"

စိုးရိမ်သောကတွေဖြင့်ပြောနေသော ချောကလက်ကိုကြည့်ပြီး မိုးဒေဝါ ငြိမ့်ဖို့စကားလုံးအချို့ အပြေးအလွှားစဉ်းစားလိုက်သည်။

"သိပ်လည်း စိတ်မပူပါနဲ့ ချောကလက်ရယ် ဒီကိစ္စက သိပ် ကြာခင်မှာ ပြေလည်သွားမှာပါ၊ စိတ်ချ ချောကလက်ကို မေမေ မဖြစ် နေသဘောတူလာစေရအောင် ကိုယ် နည်းလမ်းတွေရှာရမှာပေါ့"

ဒီတာပဲဖြစ်ဖြစ် ချောကလက်ကတော့ ရင်နဲ့ဘာအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်နဲ့မှမခွဲချင်ဘူး၊ ချောကလက် ကို့အချစ်တွေကို ဘယ်လောက်ရှေ့ လင့်တောင့်တခဲ့ရသလဲ ဘယ်လောက်ပေးဆပ်ခဲ့ရသလဲဆိုတာ ကိုမိုး လည်းရိပ်မိမှာပါ''

''ကိုယ် သိပါတယ် စိတ်ချ ကိုယ်တို့ဘာအကြောင်းကြောင့်မှ မခွဲဘူးလို့ ကိုယ် ကတိပေးတယ်''

ကတိတွေအထပ်ထပ်ပေးနေသော မိုးဒေဝါကိုကြည့်ပြီး ချော ကလက်၏ပစ္စုပ္ပန်အခြေအနေကို အိပ်မက်ဟုပင်မြင်မိသည်။

''ချောကလက်လို ပေါ့ပျက်ပျက်မိန်းကလေးတစ်ယောက်ရဲ့ ချစ်ပေးတဲ့ ကိုမိုးကို ကျေးဇူးအရမ်းတင်တယ်၊ နောက်ပြီး ချောကလက် ကိုမိုးကို စချစ်မိတဲ့အချိန်ကစပြီး အကျင့်ဆိုးတွေကို ပြုပြင်နေပါပြီ ရှေ့လျှောက် ချောကလက်ရဲ့အချစ်တွေကြောင့် ကိုမိုး ပျော်ရွှင်ချမ်းမြေ့ စေရပါမယ်''

ရင့်ကျက်တည်ငြိမ်စပြုနေပြီဖြစ်သော ချောကလက်၏အ အထိုင်အပြုအမူတွေကို မိုးဒေဝါ အသိအမှတ်မပြုဘဲနေလို့ရပါ့မလား ကိုယ်နှင့်ချစ်သူမဖြစ်ခဲ့ခင်တုန်းက လျှပ်ပေါ်လော်လီနေခဲ့တာဟာ ကိုယ် ချစ်သူဖြစ်ပြီးမှ ပြောင်းလဲလာတဲ့တည်ငြိမ်သောအပြုအမူတွေနဲ့ ရော ပစ်လိုက်၍မရ။

''ကိုယ်တို့တစ်ယောက်ကိုတစ်ယောက် ချစ်နေကြမှတော့ အ စစ်မှန်တဲ့အချစ်တွေနဲ့ပဲ ဘဝကိုလှလှပပကြီး တည်ဆောက်ကြရအောင်





နားလည်စာနာမှုအပြည့်ပါသော အကြည့်မျက်ဝန်းတွေကြောင့် ရင်ထဲကအချစ်တွေကလည်း တရိပ်ရိပ်တက်လာကာ ဟန်ဆောင်မနေချင် တော့ဘဲ တစ်ယောက်ကိုတစ်ယောက် တင်းကြပ်စွာဖက်လိုက်ကြသည်။

ကော်ဖီဆိုင်အထူးခန်းလေးထဲသို့ ဝင်လာသော ဝိတ်တာလေး၏ ခြေလှမ်းတွေ ချစ်သူနှစ်ဦး၏ကြည်နူးပုံကိုမြင်ပြီး တုန့်ခနဲ ရပ်သွားသည်။

ခြေသံကြောင့် မိုးဒေဝါ လှည့်ကြည့်လိုက်သည်။

''ကော်ဖီရပါပြီ အစ်ကို''

အသံပေးပြီး လျှောက်လာသော ဝိတ်တာလေးကြောင့် ကိုယ် ချင်းပူးကပ်နေရာမှ ခွာလိုက်သည်။

ဝိတ်တာလေး ချောကလက်ကို သေချာကြည့်သည်။ ပြီးမှ လှိုက်လှိုက်လှဲလှဲ ပြုံးကာ

''ချောကလက် နှင် ချောကလက်မဟုတ်လား''

ရင်းရင်းနှီးနှီးခေါ်သံကြောင့် ဝိတ်တာလေးကို သတိထားမိသွား ပြီး မျက်နှာကွက်ခနဲ ပျက်သွားသည်။

''နှင် ဖေယျာလင်း''

''ဟား နှင် ငါ့ကိုမှတ်မိသားပဲ၊ ကျောင်းတုန်းက နှင် ငါ့ကို အသည်းခွဲခဲ့တာလေ၊ အဲဒီဒဏ်ရာ ခုထိ ငါ့မှာမကျက်သေးဘူးဟ ဟဲ ဟဲ အစ်ကို ဆောရီးနော် ကျွန်တော်က စကားပြောရင် အဲလိုပဲပြောပြီးမှ ဘာရိုတ်အုပ်တတ်တာ''



www.burmeseclassic.com

www.burmeseclassic.com



ဘာရည်ရွယ်ချက်ဖြင့်ပြောနေမှန်းမသိပေမယ့် မိုးဒေဝါ ကြည်လင်သောအပြုံးတစ်ခုကို ဘာမှမမှုသလိုဟန်ဖြင့် ပြုံးလိုက်သည်။

ချောကလက်အကြည့်တွေ မိုးဒေဝါထံ ဖျတ်ခနဲ ရောက်လာပြီး ထိုအပြုံးကြောင့် အားနာသွားသည်။

"နင် ပြီးပြီးသားကိစ္စတွေ ဘာလို့လာပြောနေတာလဲ အခြေအနေနဲ့အချိန်အခါကို မကြည့်တတ် မဝေခွဲတတ်ဘူးလား"

"ငါ ယောင်သွားလို့ပါဟာ နင်ရော ဒီအစ်ကိုနဲ့အိုကေတာ သက်တမ်းဘယ်လောက်ရှိပြီလဲ၊ ငါ့လိုတော့ အသည်းခွဲမသွားပါနဲ့ဟာ ဒီအစ်ကိုပုံစံက ရေလည်မိုက်တာ နောက်ထပ်တစ်ယောက် ရှာမတွေ့နိုင်ဘူး"

ချောကလက် စိတ်တိုလာသည်။

"နင် ပြောလေကဲလေပါလား ဖေယျာ"

"ပြောပါစေ ချောကလက်ရယ် ကိုယ့်ချစ်သူရဲ့အတိတ်အကြောင်းတွေကို ကိုယ်လည်းသိချင်တာပေါ့၊ ပြော ညီလေး ချောကလက်က ညီ့ကိုအသည်းခွဲခဲ့ပြီး နောက်တစ်ယောက်နဲ့ပြောင်းချစ်တော့ ညီတော်တော်ခံစားရမှာပေါ့"

"ဒါပေါ့ အစ်ကိုရာ သူကကျောင်းမှာ သိပ်ရက်စက်တဲ့ အသည်းခွဲဘုရင်မ၊ ချစ်သူတစ်ယောက်ကို တစ်လအပြင် ပိုမတွဲဘူး"

ချောကလက် စိုးရိမ်စိတ်လှုပ်ရှား၍နေသည်။ မိုးဒေဝါ၏အထင်





လွဲရှုတ်ချမှုကို သူ ခံနိုင်ရည်မရှိပါ။

"ဟာ ဒါဆို ကိုယ့်ချစ်သူက သာမန်ခပ်ညံ့ညံ့ မိန်းကလေးမဟုတ်ဘူးပဲ"

မိုးဒေဝါ စကားကြောင့် ဖေယျာလင်း ပြုံးဖြီးဖြီးဖြင့် ဆတ်ခနဲခေါင်းညိတ်ကာ

"အဲဒါတော့ ဟုတ်တယ် အစ်ကို၊ သူက ကျွန်တော်တို့ကျောင်းမှာ အလှဆုံးနဲ့ အကဲဆုံးပဲ ဟဲ ဟဲ ဟဲ"

"ဖေယျာလင်း နင်သွားလိုက်တော့နော် ငါတို့ချစ်သူနှစ်ယောက်ကို အထင်လွဲအောင် နင်လုပ်နေတာမဟုတ်လား။ ခုချိန်ကျမှ မစားရတဲ့အမဲ သဲနဲ့ပက်ပြနေတာလား"

"မဟုတ်ပါဘူး ချောကလက်ရာ အထင်မလွဲစမ်းပါနဲ့"

မိုးဒေဝါ ချောကလက်၏လက်ကို အားပေးဖျစ်ညှစ်ဆုပ်ကိုင်လိုက်ပြီး

"ချောကလက်ရဲ့အတိတ်အကြောင်းကို သိရုံနဲ့ ချစ်သူကို ဘာကြောင့်အထင်လွဲရမှာလဲ၊ ကိုယ်က ပိုတောင်ဂုဏ်ယူသေးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလောက်ချောတဲ့ကိုယ့်ချစ်သူက ယောကျ်ားတွေအများကြီးတွဲတဲ့အထဲကမှ ကိုယ့်ကိုဘဝလက်တွဲဖော်အဖြစ် ရွေးချယ်လို့ပေါ့"

ချောကလက်ရင်ထဲမှာ ပျော်ရွှင်ဝမ်းသာခြင်းတွေက အပိုင်းထက်အလွန်ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိတ်တာ ဖေယျာလင်း အံ့ဩသောမျက်နှာဖြင့် မိုးဒေဝါကို ကြောင်ငေးကြည့်နေပြီးမှ ဖြီးခနဲ ပြုံးရယ်ကာ

"ဟာ လေးစားတယ် အစ်ကိုရာ အစ်ကို့နေရာမှာ ကျွန်တော်သာဆိုရင် ဟောဒီ ဆတ်စလူးမ ချောကလက်ကို လုံးဝချွာသွားပြီ"

"အိမ်ထောင်မပြုရသေးတဲ့ အပျိုစင်မိန်းကလေးတွေမှာ ချစ်သူတွေအများကြီးရှိတာ ဆန်းမှမဆန်းတာပဲ ငါ့ညီရာ၊ အဲဒီအတွက် ချောကလက်ဟာ အစ်ကိုနဲ့မတွေ့ခင်မှာ ချစ်သူဘယ်နှယောက်ထားထား တကယ်အပြစ်တင်လမ်းခွဲရမယ့်ကိစ္စမဟုတ်ဘူး။ တကယ်ချစ်လာရင် ကိုယ်ချစ်တဲ့သူဆီမှာ အပြစ်တွေဘယ်လောက်ရှိရှိ ခွင့်လွှတ်နားလည်ပေးရမှာပေါ့၊ ဒါမှ အချစ်စစ်လို့ခေါ်တယ်"

ကျေးဇူးတင်သောအကြည့်ဖြင့် မိုးဒေဝါကိုကြည့်လိုက်ပြီး

"ကိုမိုးနဲ့မတွေ့ခင်အချိန်ကို ပြန်သွားခွင့်ရှိရင် ချောကလက်ရဲ့ နေထိုင်မှုစရိုက်တွေကို ပြန်ပြုပြင်ချင်ပါတယ်"

"မလိုပါဘူး ကိုယ်ချစ်သွားမိတာကလည်း ချောကလက်ရဲ့ ရဲရင့်သွက်လက်တဲ့အမူအရာကို ချစ်မိသွားတာပဲ"

ဖေယျာလင်း ခေါင်းတညိတ်ညိတ်ဖြင့် ပြုံး၍ ကြည့်ကာ

"ကဲ ချောကလက်ရေ ငါကတော့ နင့်ရဲ့ဘဝလက်တွဲဖော်ကို အချစ်စစ်မစစ် စမ်းသပ်ပေးပြီးသွားပြီနော် အဟဲ၊ နင် ကံကောင်းပါတယ်"

ဖေယျာလင်း သူတို့အနားမှ လှည့်ထွက်သွားသည်။

■ ■ ■



## အခန်း (၂၇)

"သားရေ ဒီနေ့ မေသစ္စာ သားဆီကိုလာလိမ့်မယ်နော်၊ သေသေချာချာလေး ညှော်ခံလိုက်"

ကွန်ပျူတာရှေ့ထိုင်ပြီး အလုပ်လုပ်နေသော မိုးဒေဝါ စိတ်အနှောင့်အယှက်ဖြစ်ရပြန်သည်။

"သားက သူ့ကိုဘယ်လိုညှော်ခံရမလဲ မေမေ သိပ်ပြီးရင်းနှီးတာလည်းမဟုတ်ဘူး မေမေ့ဖာသာ ညှော်ခံပါလား"

ချောကလက်ကိစ္စနှင့်ပတ်သက်ပြီး မေမေနှင့် မိုးဒေဝါကြားထဲမှာ အရင်လို နွေးထွေးမှုမရှိတော့။

"မေမေက ဒီနေ့ ဟိုတယ်ကိုသွားရမယ်လေ၊ မင်းရဲ့မင်္ဂလာပွဲအတွက် ရက်သွားချိတ်ရမှာ မေသစ္စာအမေနဲ့ ချိန်းထားတယ်၊ ဒါကြောင့် မေသစ္စာလာရင် မိဘမျက်နှာပျက်ရမယ့်စကားမျိုးတွေ မပြောပါနဲ့ သူတို့



www.burmeseclassic.com

www.burmeseclassic.com



က သားကိုလူယဉ်ကျေးတစ်ယောက်လို့ သဘောထားကြတာ၊ သားရင်ထဲမှာ သူ့ကိုမချစ်သေးတာကို မေမေ လက်ခံတယ်၊ ဒါကြောင့် အလိုက်အထိုက်လေးတော့နေပေးပါ မေမေ မေတ္တာရပ်ခံတာပါ''

ကာယကံရှင်ဆန္ဒမပါဘဲ မင်္ဂလာပွဲကျင်းပဖို့ ဟိုတယ်မှာ ရက်ချိတ်ဖို့တောင် စီစဉ်နေကြပြီမို့ မိုးဒေဝါ စိတ်ထဲကသိကအောက်ဖြစ်ပေမယ့် မေမေနှင့်ထမ်းပြီး အတိုက်အခံပြောစရာမလိုတော့။

''ကောင်းပြီလေ မေသစ္စာကို သား ညှော်ခံထားလိုက်ပါမယ်၊ မေမေသာ လုပ်စရာရှိတာကို စိတ်ဖြောင့်ဖြောင့်လုပ်လိုက်''

ဒေါ်ရွှေရည် သဘောကျသွားသည်။ အရင်လို ကန့်ကွက်ငြင်းဆန်ခြင်းမရှိတာဟာ မိဘစကားကို မဖြစ်မနေနားထောင်မည်ဟူသော လက္ခဏာတစ်ရပ်ပင်ဖြစ်သည်။

''မေမေ့သားက မေမေ့စကားကို နားထောင်မယ်ဆိုတာ မေမေ သိပြီးသားပါကွယ်၊ မေသစ္စာကို သားအိမ်ထောင်ဖက်အဖြစ် ရွေးချယ်မိလို့ မေမေ့သားလေး ဘယ်တော့မှ နောင်တမရစေရပါဘူးလို့ မေမေ ပြောရဲတယ် သား''

''ဟုတ်ပါပြီ မေမေ ဟိုတယ်ကို ဘယ်အချိန်သွားပြီး ဘယ်အချိန်ပြန်လာမှာလဲ မေမေ''

''သား သွားစရာရှိလို့လား''

''ဟုတ်ကဲ့ ဒီည သားနဲ့ခွန်းချို ရုံးခန်းမှာ သွားအိပ်ရမယ်၊





ဝယ်ထားတဲ့ကွန်ပျူတာတွေထဲ ဆော့ဝဲလ်အသစ်တွေ ထပ်ထည့်ရမယ်လေ၊ သူက နေ့ခင်းဘက်မအားတော့ သူအချိန်ပေးနိုင်မယ့်ညကိုပဲ ခေါ်ပြီး လုပ်ခိုင်းရမှာ''

''မေမေ နောက်မကျပါဘူး ညနေဆိုရင်ပဲ ပြန်ရောက်မှာ စိတ်ချ''

ဒေါ်ရွှေရည် သူ့ဆန္ဒပြည့်ဝတော့မှာမို့ အပြုံးတွေပေါ် သကာရည်လောင်းပြီး လိုတာထက်ပို၍ ချိုမြိန်၍နေတော့သည်။

■ ■ ■

ညှော်ခန်းထဲတွင် မိုးဒေဝါနှင့်မေသစ္စာ နှစ်ယောက်ထဲ ငြိမ်သက်စွာ ထိုင်နေကြသည်။ ပြောစရာစကားမရှိ၍ မေသစ္စာကို ဘာပြောရမှန်းမသိ။

မေသစ္စာကလည်း သူ့တွင်ပါလာသော ဖုန်းကိုထုတ်ကာ အင်တာနက် ထိုင်သုံးနေသည်။ မိုးဒေဝါကလည်း ဂျာနယ်ထိုင်ဖတ်လိုက် စာကြည့်ခန်းထဲဝင်ပြီး စာအုပ်ရှာသလို ဘာလိုလိုနှင့် အချိန်ဖြုန်းလိုက်နှင့် ဘာစကားမှ တိတိကျကျမပြောဖြစ်ကြ။

ဒီထက် အချိန်ပိုကြာလာလျှင် ညှော်သည်ကို ညှော်ဝတ်မကျေသော အိမ်ရှင်အဖြစ် ရှုတ်ချခံရဦးတော့မည်။

''မမေသစ္စာ ဗိုက်ဆာပြီလား''

''ရှင် မဆာပါဘူး ရှင်က ကျွန်မကို ကော်ဖီဖျော်တိုက်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ''

''ဒိုက်ဆာရင် ပြောပါနော် ကျွန်တော် စားစရာတစ်ခုခု စီစဉ်ပေးပါ့မယ်''

''ကျေးဇူးတင်ပါတယ် ဒါနဲ့ ကိုမိုးဒေဝါ မေသစ္စာကို တခြားဘာစကားမှပြောစရာမရှိဘူးထင်တယ်နော်''

''ဗျာ ဩော် ဟုတ် ဟုတ်ကဲ့ ဘယ် ဘယ်ကစပြီး ပြောရမှန်းမသိဘူးခင်ဗျ၊ ကျွန်တော်က မိန်းကလေးတွေနဲ့စကားကို အဆင်ချောအောင် မပြောတတ်ဘူး၊ အမှားပါသွားရင် အားနာစရာကောင်းလို့ပါ''

ရိုးအလွန်းသော မိုးဒေဝါကိုကြည့်ပြီး မေသစ္စာ မချိပြုံး ပြုံးလိုက်သည်။

ဒါဟာ မေသစ္စာလိုချင်နေသော အဖြေတစ်ခုလည်း ဖြစ်သည်။ သူသာ မေသစ္စာကိုချစ်မယ်ဆိုရင် စကားတွေဖောင်ဖွဲ့အောင် ပြောနိုင်ရမယ်လေ။ သူ့ရဲ့အကြည့်တွေ သူ့ရဲ့အမူအရာတွေထဲမှာ မေသစ္စာအပေါ်မှာ စိတ်ဝင်စားနေသည့်အရိပ်အယောင်တွေ တစိုးတစိမှ ရှာမတွေ့။

''ဒီနေ့ ရှင့်အမေနဲ့ မေသစ္စာအမေ ဘယ်ကိုသွားပြီး ဘာလုပ်ကြတယ်ဆိုတာရော သိလား''

''သိတယ်လေ ဟိုတယ်မှာ မင်္ဂလာပွဲအတွက် ဒိတ်သွားယူတာ''

''ဒါဆို ရှင်နဲ့မေသစ္စာ လက်ထပ်ရတော့မယ်ဆိုတာကို ရှင်သိနေတာပေါ့''





''သိတယ်လေ ဘာဖြစ်လို့မေးတာလဲ''

''မေသစ္စာရှေ့မှာရှိနေတဲ့ ရှင့်ဆီမှာ လက်ထပ်ပွဲအတွက် ဘာခံစားချက်မှရှိမနေသလိုပဲ၊ ရှင့်ရဲ့အမူအရာတွေက တာဝန်ရှိတဲ့ ဝန်ထမ်းတစ်ယောက်လို အရမ်းကို ဝတ္တရားဆန်တယ်''

''ကျွန်တော်က အမေ့စကားကို ဘယ်တုန်းကမှ မလွန်ဆန်ခဲ့ရတဲ့သားတစ်ယောက်ပါ''

''ဒါဆို လက်ထပ်မယ့်ကိစ္စမှ ရှင့်ရင်ထဲက ဘာခံစားချက်မှ မပါဘူးပေါ့ ဟုတ်လား''

ထိုမေးခွန်းကိုဖြေဖို့ မိုးဒေဝါ နှုတ်က တွန့်ဆုတ်အားနာမိသည်။ သို့သော် မဖြေ၍လည်းမဖြစ်။

''ကျွန်တော်တို့က တစ်ယောက်ကိုတစ်ယောက် မေတ္တာရှိပြီးမှ ဒီမင်္ဂလာပွဲကို မိဘတွေကစီစဉ်ပေးကြတာ မဟုတ်ဘူးလေ၊ အဲဒီအတွက် နှစ်ယောက်ကြားမှာ စိမ်းတော့စိမ်းနေမှာပေါ့၊ ကျွန်တော့်ကို နားလည်ပေးမယ်ဆိုရင် ကျေးဇူးတင်နေမှာပါ''

မိုးဒေဝါအပြောကို သိပ်လက်မခံချင်ပေမယ့်လည်း သူပြောတာ သဘာဝကျနေ၍ မေသစ္စာ ဘာမှထပ်မပြောလိုတော့။

သိပ်မကြာခင် လက်ထပ်ရမယ့်ယောကျ်ားတစ်ယောက်က ကိုယ့်ကို မက်မက်မောမောမရှိတာကို ခံရခက်တာပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"မေသစ္စာနဲ့ လက်ထပ်ဖို့ စီစဉ်နေကြပြီဆို"

"ဟုတ်တယ် မေမေ ဖွတ်စီစဉ်နေတာလေ"

"အဲဒါနဲ့ပဲ ချောကလက်က ချစ်သူရဲ့စွန့်ပစ်ခြင်းကို ခံရဦးမှာပေါ့ ဟုတ်လား ကိုမိုး"

မျက်ရည်တို့ဝဲကာ မျှော်လင့်ချက်မဲ့စွာပြောနေသော ချောကလက်ကိုကြည့်ပြီး မိုးဒေဝါ ဘယ်လိုဆင်ခြေပေးရမှန်းမသိတော့။

"ကိုယ့် မင်းကိုဘယ်တော့မှ စွန့်ပစ်မှာမဟုတ်ဘူး"

"ဒါပေမဲ့ ကိုမိုးတို့မင်္ဂလာပွဲအတွက် ဟိုတယ်မှာတောင် ဒိတ်ယူပြီးသွားပြီမဟုတ်လား"

"အဲဒါ ကိုယ့်ဆန္ဒမှမပါတာ"

"ဒါပေမဲ့ ကိုမိုးက အမေ့စကားကို မလွန်ဆန်ရဲတဲ့သားတစ်





ယောက်ပဲလေ၊ အဲဒီအတွက် ချောကလက်ကိုစွန့်ပြီး အဲဒီသူဌေးသမီးကို ခြွေစ်မနေယူရတော့မှာမို့လား"

ချောကလက်အသံတွေက ငိုသံနှောကာ ကွဲအက်တုန်ခါ၍နေသည်။

"အင်းလေ ချောကလက်လို အတန်းအစားမျိုးနဲ့ ကိုမိုးက ဘယ်ထိုက်တန်ပါ့မလဲ တကယ်တမ်း နေနဲ့လ ရွှေနဲ့မြလို လိုက်ဖက်တာက ကိုမိုးနဲ့မေသစ္စာပါ"

"ဂုဏ်ပကာသန ပိုင်ဆိုင်မှုအချင်းချင်းဘာ နေနဲ့လ ရွှေနဲ့မြလို ထိုက်ဖက်ချင်လိုက်ဖက်မယ်၊ နှလုံးသားချင်းကတော့ ဘယ်လိုမှ နီးစပ်နိုင်မှာမဟုတ်ပါဘူး အဲဒါကိုတော့ ယုံ"

"ချောကလက်ကတော့ ကိုမိုး ဘယ်လိုပဲ ဆုံးဖြတ်ချက်ချချ သဘောနေပ်ပါတယ်"

ချစ်ခွင့်ရနေပြီပဲ ပိုင်ဆိုင်မှုဆိုတာ ကိုယ်နဲ့ထိုက်တန်မှ ရတာပါဆိုတာကိုတော့ ချောကလက် သိပါသည်။

"ကိုယ် မင်းကလွဲပြီး ဘယ်သူ့ကိုမှ လက်မထပ်ဘူး။ ယုံပါ အကြောင်း ဒီည ကိုယ် အိမ်မပြန်ဘူး"

ထိုစကားကြောင့် မျက်ဝန်းဝိုင်းလေးဖြင့် မော့ကြည့်သည်။

"အို မဟုတ်တာ ပတ်ဝန်းကျင်က ချောကလက်ကို လက်မထပ်ဘဲ သောင်းနဲ့ ချစ်သူကို အိမ်ခေါ်သိပ်တယ်လို့ ထင်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ထင်ပစေပေါ့ ကိုယ်တို့နှစ်ယောက် မလွဲမသွေ နီးစပ်ဖို့ ဒီနည်းကိုသုံးရမှာပဲ၊ ဒါကြောင့် နောက်နေ့တွေလည်း ညစဉ်ညတိုင်း ချောကလက်နဲ့ အတူရှိနေပေးမယ်"

"ကိုမိုးအမေက ချောကလက်ကို တန်ဖိုးမရှိတဲ့မိန်းမတစ်ယောက်အဖြစ် အထင်သေးနေခဲ့တာ သူ့ရဲ့သားက ညအချိန်မတော် ချောကလက်အိမ်ပေါ်ရောက်နေတာသိရင် အဲဒီအထင်သေးနှိမ့်ချမှုတွေ ရာသက်ပန်ပြီးဆုံးမှာမဟုတ်ဘူး"

"ဒါဆိုရင် ကိုယ်တို့ တစ်နေရာကိုထွက်သွားကြရအောင်၊ အဲဆို ကိုယ်တို့ချစ်ခြင်းကို ဘယ်သူမှခွဲလို့ မရတော့ဘူးပေါ့"

"ဟင့်အင်း ချောကလက်ကြောင့် ကိုမိုးဘဝကို မနိမ့်ကျချင်ဘူး၊ အဲဒီလို မလုပ်ပါနဲ့"

အရာရာကို ပေါ့ပေါ့တွေးပြီး ပေါ့ပေါ့ပဲနေတတ်သည်ဟု ထင်ထားသည့် ချောကလက်၏စိတ်ရင်းကို ခုမှ ရှင်းရှင်းလင်းလင်း မြင်လိုက်ရသည်မို့ မိုးဒေဝါအဖို့ ချောကလက်နှင့်လက်ထပ်ခြင်းအတွက် ဘယ်သူမှ နှောင့်တားလိမ့်မည်မဟုတ်။

"ဘာဖြစ်လို့ ကိုယ့်အတွက်ကိုပဲ ငဲ့ပြီး ရင်အကွဲခံနေရတာလဲ ချောကလက်ရယ်"

မေးစေ့လုံးလုံးလေးကို ဆွဲကိုင်မော့ပြီး မေးလာသော ချစ်သူ့အမေးကို ချောကလက် ဖြေဖို့အဆင်သင့်ပါပဲ။





"အဲဒါ ကိုမိုးကိုချစ်လို့ပါ၊ အဲဒီအတွက် ချောကလက်ဘက်က ပေးဆပ်နေရရင်ပဲ ကျေနပ်ပါပြီ"

ပဲ့တုန်းက အကျင့်စရိုက်တွေနှင့် လားလားမှမတူတော့သော ချောကလက်၏စိတ်နေစိတ်ထားစရိုက်တွေသည် အချစ်ကြောင့် နူးညံ့သိမ်မွေ့သွားတာကိုတော့ ချောကလက် ကျေနပ်ပါသည်။

ထို့ကြောင့် ရှိုက်ကြီးတငင် ငိုကြွေးချင်စိတ်ကို ထိန်းချုပ်ကာ ချစ်သူရင်ခွင်ထဲ ခေါင်းတိုးဝှေ့ဝင်လိုက်သည်။

မတန်မရာကိုချစ်မိမှတော့ အဲ့ဆုံးသတ်မှာ နာကျင်ရမှာပေါ့။

■ ■ ■

"ညည်းနဲ့ မောင်မိုးဒေဝါ ချစ်သူဖြစ်နေကြပြီ ဟုတ်လား သမီး"

"ဟုတ်ကဲ့ အဖေ ဒါပေမဲ့ သူ့အမေရဲ့ဆန္ဒအရ သူ တခြားတစ်ယောက်နဲ့လက်ထပ်ရတော့မယ်"

သမီးဖြစ်သူထံမှ အင်အားမဲ့သော စကားလုံးတွေကြောင့် ဦးသုခ ရှော်လင့်ချက်တွေ ရိုက်ချိုးခံလိုက်ရသလို ခံစားလိုက်ရသည်။

"ဒါဆို သူက ငါ့သမီးကို အပျော်သက်သက်တွဲတာပေါ့ ဟုတ်လား"

"အဲဒီလို မဟုတ်ဘူး အဖေ၊ သူ သမီးကို တကယ်ချစ်တယ်ဆိုတာ သမီးသိတယ်၊ သူ့အမေရဲ့ဆန္ဒတွေကို မလွန်ဆန်ရဲလို့သာ သူ နာကျင်ခံရပေမယ့် သူ့စိတ်က သမီးဆီမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



မိုးဒေဝါအပေါ် ဖခင်အထင်လွဲမည်ကိုတော့ ချောကလက် မတွေး လားပါ။

"သူ့စိတ်က သမီးဆီမှာရှိနေတာဆိုရင် အရာရာကို စွန့်ပြီး သမီးနဲ့လက်ထပ်နိုင်ရမှာပေါ့"

"သမီး မမျှော်လင့်ခဲ့တော့ပါဘူး အဖေရယ်၊ ဘဝအဆင့်အတန်း ချင်းက ကွာခြားလွန်းနေတော့ သူနဲ့သင့်တော်လိုက်ဖက်မယ့်သူကိုပဲ အဖေ ရွေးချယ်ပါစေတော့"

ချောကလက် ဘယ်အချိန်ကတည်းက ရင့်ကျက်တည်ငြိမ်သွား သလဲဟု ဖခင် တအံ့တသြဖြစ်မိသည်။

"ညည်းက အချစ်သူရဲကောင်းဘွဲ့ ခေါင်းပေါ်ရွက်ပြီး ဟီးရိုး လုပ်ပြမယ်ပေါ့ ဟုတ်လား၊ အဆင့်အတန်းမတူရအောင် သူတို့ကရော ဘယ်လောက်ချမ်းသာနေလို့လဲ၊ ငါတို့သမီးကရော ဘယ်လောက်ဆင်း နေလို့လဲ၊ လူနှစ်ယောက်ချစ်ခြင်းမေတ္တာနဲ့ ပေါင်းစည်းဖို့အတွက် ရင်ထဲက ခံစားချက်ထက် ငွေကြေးပကာသနက ပိုပြီးအရေးပါနေလို့လား၊ အဲဒီလို ဆိုရင်တော့ သမီးမှာလည်း မိုးဒေဝါကို ရယူပိုင်ဆိုင်ဖို့အခွင့်အရေး အပြည့် အဝရှိတယ်"

"ကျွန်တော် ချောကလက်ကို တကယ်လက်ထပ်မှာပါ ဦးလေး"

သားအဖနှစ်ယောက် စကားပြောနေစဉ် ဘယ်အချိန်ကတည်း က ရောက်နေမှန်းမသိသော မိုးဒေဝါအသံကြောင့် နောက်ကိုပြိုင်တူလှည့်





ကြည့်လိုက်ကြသည်။

"မောင်မိုးဒေဝါ"

"ကျွန်တော် မေမေစီစဉ်နေတဲ့လက်ထပ်ပွဲကို လုံးဝလက်မခံပါ ဘူး။ အဲဒီအတွက် ခုပဲ ချောကလက်ကို လက်ထပ်ခွင့်ပြုပါ၊ ကျွန်တော့် အတွက် အချိန်မရှိတော့ဘူး ဦးလေး"

ဖြူနီးစားကြီး လက်ထပ်ခွင့်တောင်းနေသော မိုးဒေဝါကို ဦးသုခ တအံ့တသြကြည့်လိုက်ပြီး

"နေဦး မောင်မိုးဒေဝါ ဒီကိစ္စကို ပေါ့ပေါ့တန်တန် ခွင့်ပြုလို့ မရဘူး၊ မင်းအမေက ဦးလေးသမီးကို ကြည်ကြည်ဖြူဖြူနဲ့ မိသားဖသား အိမ် လာပြီးတောင်းရမ်းပေးတာကို ဦးလေးကလိုချင်တာ၊ ဒါမှ ဦးလေးရဲ့ သမီးဂုဏ်သိက္ခာတက်တော့မပေါ့"

"ဗျာ"

မဖြစ်နိုင်သည့်ကိစ္စကို တောင်းဆိုနေသည်မို့ မိုးဒေဝါရော ချော ကလက်ရော တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ

"ဒေါ်ရွှေရည်က သမီးကိုအရမ်းမုန်းနေတာ အဖေ၊ ဒီကြားထဲ သမီးကဆင်းရဲတော့ သူပိုပြီးလက်မခံနိုင်တော့တာ ဒီလိုအခြေအနေမျိုး မှာ သူကိုယ်တိုင် လာတောင်းရမ်းပေးဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး"

"သမီးကို ဆင်းရဲတယ်လို့ ဘယ်သူပြောလဲ သမီးက သိန်း ထောင်းချောင်းနဲ့ချီပြီးတန်တဲ့ အမွေတွေကို ပိုင်ဆိုင်ထားတဲ့ သူဌေးသမီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပဲ"

"ရှင်"

အဖေ့စကားကြောင့် ကိုယ့်ကိုကိုယ် နားကြားလွဲတယ်ဟုပဲ ယူဆကာ

"အ အဖေ ဘယ်လိုပြောလိုက်တယ်"

"သမီးက သိန်းပေါင်းများစွာအမွေရထားတဲ့ သူဌေးသမီးလို့ ပြောတာလေ"

"အဖေရယ် မဖြစ်နိုင်တာ သမီးက သိန်းပေါင်းများစွာ အမွေရထားတယ်ဆိုရင် ခုလို သားအဖနှစ်ယောက် ဆင်းဆင်းရဲရဲနေမလား"

"အဲဒီအမွေက အဖေ့ပိုင်ဆိုင်မှုမှ မဟုတ်တာ၊ သမီးအိမ်ထောင်မပြုခင်အထိ သမီးကိုကျွေးမွေးစောင့်ရှောက်ရမှာက အဖေ့တာဝန် ဒါကြောင့် ဒီပိုင်ဆိုင်မှုတွေကို လျှို့ဝှက်ထားပြီးနေတာပေါ့၊ အဲလိုသာမနေရင် သမီးက ငွေကြောင့်ပျက်စီးသွားနိုင်လို့ပဲ၊ အခု သမီးအိမ်ထောင်ပြုတော့မယ့်အခြေအနေမှာ အဖေက ဒီအမွေတွေကို ထုတ်ပြောရတော့မယ့်အခြေအနေကို ရောက်နေပြီလေ"

အဖေ ဘာကြောင့် ခုလိုလုပ်ရသလဲဆိုတာကို ချောကလက် ဘယ်လိုမှ နားမလည်နိုင်သေးပါ။

"ကဲ မောင်မိုးဒေဝါ ဒီလိုအခြေအနေမျိုးနဲ့ဆိုရင် မင်းအာမေဘ ဦးလေးသမီးနဲ့မင်းကို သဘောတူမှာပါနော်"





ဦးသုခအမေးကြောင့် မိုးဒေဝါ မျက်နှာပူစွာဖြင့်ဝင်

"ဦးရယ် ကျွန်တော်ကတော့ ချောကလက်မှာ ဘာပိုင်ဆိုင်မှုမှမရှိတာကိုပဲ ပိုသဘောကျပါတယ်၊ ကျွန်တော့်အချစ်တွေက ဝတ္ထုသရေ ခေတ်မောမှုတွေမပါဘူးဆိုတာကို ဦး ယုံကြည်ပေးပါ"

"ယုံပါတယ် မောင်မိုးဒေဝါ ဒါပေမဲ့ ဦးရဲ့သမီးမျက်နှာမငယ်ရအောင်တော့ အဖေတစ်ယောက်က စီစဉ်ပေးရမှာပေါ့"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ကျွန်တော်နဲ့မေသစ္စာရဲ့လက်ထပ်ပွဲကို ဖျက်သိမ်းပေးပါ မေမေ"

"ဘာ ဘာပြောတယ် သား"

"ကျွန်တော် ချောကလက်ကလွှဲပြီး ဘယ်သူ့ကိုမှ လက်မထပ်နိုင်ဘူး မေမေ၊ ဒီတစ်ခါတော့ ကျွန်တော့်ဘဝအတွက် ကျွန်တော် စိတ်ကြိုက်စီမံပါရစေ"

ဆုံးဖြတ်ချက် အခိုင်အမာချပြီးသည့်ဟန်ဖြင့် ပြောလာသော သားကိုကြည့်ပြီး ဒေါ်ရွှေရည် ခြေမကိုင်မိလက်မကိုင်မိဖြစ်ကာ

"သား မေမေ့ကို သေအောင်သတ်နေတာလား၊ သားသာ ဒီမင်္ဂလာပွဲကိုဖျက်လိုက်ရင် မေမေ သူတို့ကို ဘယ်လိုမျက်နှာပြရမလဲ"





ဂုဏ်ပကာသနကို မက်မောသော မိခင်နှင့် အချစ်ကိုသာ တန်ဖိုးထားသော မိုးဒေဝါတို့၏အခြေအတင်ပွဲ တဖြည်းဖြည်းနှင့်ဇာတ်ရှိန်တက်၍လာသည်။

"ကိုယ်မချစ်တဲ့မိန်းမတစ်ယောက်ကို သားရဲ့အိမ်ထောင်ဖက်အဖြစ် မရွေးချယ်နိုင်ဘူး မေမေ"

"မင်းရူးနေလား အဲဒီအချစ်ဆိုတာကြီးကို ကိုးကွယ်နေရင် မင်းဘဝ ဘာမှဖြစ်လာမှာမဟုတ်ဘူး။ လောကမှာငွေရှိမှ ဘဝတင့်တယ်တယ်ဆိုတာ မင်းသဘောမပေါက်ရလောက်အောင် ချောစာလက်ဆိုတဲ့ မိန်းမက ဒီလောက်တောင် လွှမ်းမိုးထားပြီလား၊ သူ့လို မွဲတေနုံချာပြီး လူလုံးမလှတဲ့မိန်းကလေးမျိုးကို မင်းက မက်မောနေမယ်ဆိုရင်တော့ မေမေနဲ့သား တစ်ယောက်ကိုတစ်ယောက် ကျောခိုင်းလိုက်ကြရုံပဲ"

ဒေါ်ရွှေရည် ပြတ်သားစွာပြောလိုက်သည့်စကားကြောင့် မိုးဒေဝါ မိခင်ဖြစ်သူကို တအံ့တဩကြည့်ပြီး

"မေမေက ငွေကြောင့် မေသစ္စာနဲ့လက်ထပ်စေချင်တာလား။ မေမေ မက်မောတဲ့ငွေကြေးဥစ္စာတွေကိုရဖို့ သားက တစ်ဘဝလုံးစာ ရင်းပေးရမှာလား မေမေ"

ထိုစကားက ဒေါ်ရွှေရည်၏မိခင်မေတ္တာကို နာကျင်အောင် ဒဏ်ခတ်လိုက်သည့်နှယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း မေမေ့စေတနာကို နားမလည်သေးဘူးပဲ၊ မေမေက ကိုယ့်သားကို မျိုးရိုးဂုဏ်သိက္ခာရှိတဲ့ အမျိုးသမီးကောင်းတစ်ယောက်နဲ့ပဲ ဘဝတစ်ခုကို တင့်တင့်တယ်တယ် ထူထောင်စေချင်ခဲ့တာ၊ ချောကလက်လိုမိန်းကလေးမျိုးမှာ ရုပ်လှတာကလွဲပြီး တခြားဘာများမက်မောစရာရှိလို့လဲ"

"ရှိတယ် မေမေ ချောကလက်က လူငယ်ပီပီ ပွင့်ပွင့်လင်းလင်း လွတ်လွတ်လပ်လပ် ပြောဆိုပြုမူတတ်တာကလွဲပြီး ကျန်တာအားလုံး ရိုးသားတယ်၊ သားအတွက်ဆိုရင် သူ အရာအားလုံးကိုပေးဆပ်ရဲတယ်၊ သူဟာ သားကိုတယ်လောက်ထိချစ်သလဲဆိုရင် သူ့ဘဝကိုအိမ်ဖော်အဖြစ်ခံပြီး ကျေးကျွန်လာလုပ်တဲ့အထိ ပေးဆပ်ရဲတယ်၊ မေမေသိပ်ပြီးတော်ချင်နေတဲ့ချွေးမ မေသစ္စာက မေမေနဲ့သားရဲ့အိမ်မှာ ကျွန်တစ်ယောက်လိုလာလုပ်ပေးမလား၊ မေမေ စဉ်းစားကြည့်"

"မင်း ဘာတွေလာပြောနေတာလဲ သား၊ မေသစ္စာက သူ့အဆင့်နဲ့သူနေတာလေ မေမေ့အိမ်မှာ ကျွန်လုပ်စရာလား"

မိုးဒေဝါ မဲ့လိုက်ပြီး

"ဒါဆိုရင် မေမေက မေမေ့ချွေးမဆိုတဲ့ မေသစ္စာကို သားနဲ့ ဖွတ်အတင်းပေးစားပြီး ချွေးမပိုက်ဆံချမ်းသာတာပဲဆိုတဲ့ အရှိန်အဝါနဲ့ ခါးကိုင်းဦးညွှတ်နေမယ်ပေါ့ ဟုတ်လား မေမေ၊ အဲလိုဆိုရင်တော့ သား





လက်မခံတာ လုံးဝပိုမှန်သွားပြီ၊ နောက်ပြီး မေမေသိအောင်ပြောလိုက်ဦးမယ် သားတို့အိမ်မှာ အိမ်ဖော်လာလုပ်တဲ့ မကြေးမုံဆိုတာ ချောကလက်ပဲ မေမေ"

"ဟင်"

ဒေါ်ရွှေရည် မျက်လုံးပြူးသွားသည်။

"သူ ခုလို အိမ်ဖော်လာလုပ်တာ ဆင်းရဲငတ်မွတ်လို့မဟုတ်ဘူး၊ သူ့မှာငွေတွေ သိန်းပေါင်းများစွာချမ်းသာတယ်၊ ကုန်ကုန်ပြောလိုက်မယ် မေမေရာ၊ ခု မေသစ္စာတို့ပိုင်ထားတဲ့အိမ်နဲ့ကားမျိုးရဲ့တန်ဖိုးက သူပိုင်ဆိုင်ထားတဲ့စည်းစိမ်ဥစ္စာရဲ့အစွန်းထွက်လောက်ပဲရှိခဲ့တာ သား အသိဆုံးပဲ မေမေ"

ဒေါ်ရွှေရည် ပို၍ မျက်လုံးပြူးသွားရပြန်သည်။

"ဘာပြောတယ် သူက သိန်းပေါင်းများစွာ ချမ်းသာတယ် နောက်ပြီး မကြေးမုံဟန်ဆောင်ပြီး ဒီအိမ်မှာ အိမ်ဖော်လာလုပ်တယ် ဟုတ်လား မင်းဘာဖြစ်လို့ မဟုတ်တာတွေကို သွေးရူးသွေးတမ်း ပြောနေရတာလဲ၊ သူ ဘာကြီးပဲဖြစ်နေဖြစ်နေ မေမေက သူနဲ့သဘောတူမယ်လို့ ထင်နေလား၊ ဝေးပါသေးတယ် သားရယ်"

"သား သွေးရူးသွေးတမ်း ပြောနေတာမဟုတ်ဘူး မေမေ၊ တကယ်ပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေရည် မဲ့လိုက်ပြီး

"အဲဒါဆိုရင်တော့ သိပ်ကိုသေချာသွားပြီပေါ့ ဒီမိန်းကလေးရဲ့ ပိုင်ဆိုင်မှုတွေက သူများအငယ်အနှောင်းခံပြီး ရလာတဲ့ပိုင်ဆိုင်မှုတွေပဲ ဖြစ်လိမ့်မယ်လို့ မေမေ အသေအချာကို ပြောရဲတယ်"

"မဟုတ်ဘူး မေမေထင်တာ မှားနေပြီ ချောကလက်က မိဘ မျိုးရိုးမနိမ့်တဲ့ မိန်းကလေးတစ်ယောက်ပါ၊ သား သူ့အကြောင်းတွေကို သူ့အဖေဆီကနေ အကုန်ကြားခဲ့ပြီးပြီ၊ တကယ်တော့ သူက မျိုးရိုးစဉ်ဆက်ချမ်းသာလာတဲ့ သူဌေးကြီး ဦးမြတ်ကျော်ရဲ့တစ်ဦးတည်းသော မြေးပဲ မေမေ"

"ဟင် သူဌေးကြီး ဦးမြတ်ကျော်ရဲ့မြေး ဟုတ်လား"

ဒေါ်ရွှေရည် ဖဝေဖဝါ ဖြစ်နေသည်။ မဖြစ်နိုင်ပါဘူး နာမည်တူ တာပါဟု ကိုယ့်ကိုယ်ကိုယ် အကြိမ်ကြိမ်သတိပေးမိလောက်အောင် တုန် လှုပ်ချောက်ချားသွားရသည်။

"ကဲ သား မေမေနဲ့သား ဒီအကြောင်းတွေကို ဆက်ပြီး မဆွေး နွေးပဲနေကြရအောင် မေမေ အရှမ်းစိတ်ပင်ပန်းနေပြီ"

ဒေါ်ရွှေရည် သားအနားမှ ကတုန်ကယင် ခြေလှမ်းတွေဖြင့် ထွက်ခဲ့လိုက်သည်။

နေရာမှာတင် ရပ်ကျန်ခဲ့ပြီး ပြောင်းလဲသွားသော မိခင်၏





အမူအရာကိုကြည့်ပြီး နားမလည်နိုင်သူက မိုးဒေဝါပင်ဖြစ်သည်။

မေမေ့မျက်နှာ ဘာဖြစ်သွားတာလဲ။ ဘာကြောင့် မပြီးဆုံးသေး သည့်ပြဿနာတွေကြားထဲကနေ ထွက်သွားရတာလဲ။

နားမလည်ခြင်းများစွာဖြင့် မိုးဒေဝါ အတွေးတွေရှုပ်ထွေး၍ လာသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ဒီအိမ်က ချောကလက်တို့အိမ်လားကွယ်"

ခြံတံခါး သော့ခတ်ထားသော အိမ်ကိုကြည့်ပြီး ဒေါ်ရွှေရည် မှဲ့ခနဲဖြစ်သွားပြီး အနားမှဖြတ်သွားသော လူငယ်လေးတစ်ယောက်ကို လှည့်မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်ပါတယ် အန်တီ ဒါပေမဲ့ သူတို့ဒီမှာ မနေတော့ဘူး ပြောင်းသွားကြပါပြီ"

"ဟင် ပြောင်းသွားပြီ ဟုတ်လား"

"ဟုတ်ကဲ့"

"ဘယ်ကိုပြောင်းသွားကြတာလဲ"

"လူကုံထန်တွေနေတဲ့နေရာကိုပါ သံလွင်လမ်းဆိုလား ရွှေတောင်ကြားဆိုလားပဲ"





သိချင်သမျှကို အသေးစိတ်ဖြေပေးနေသော လူငယ်လေးကို သိချင်တာတွေထပ်မေးဖို့ ဆန္ဒစောနေသည်မို့

"သူတို့က ဆင်းရဲတာပဲ ဘာကြောင့် အဲဒီလိုနေရာမျိုးကို ပြောင်းသွားရတာလဲ"

"သူတို့သားအဖ ဘာတွေအချိုကြီးရသွားလည်းမသိပါဘူးဗျာ၊ ကျွန်တော် ကြားတာတော့ ပိုက်ဆံရှိတဲ့လူချမ်းသာတစ်ယောက်နဲ့ငြိနေတယ်ဆိုလားပဲ အဲဒီလူက တစ်ခါတလေ ညတောင်လာအိပ်တာ ခုလည်း အဲဒီလူက စပွန်ဆာပေးလို့ လူချမ်းသာတွေနေတဲ့နေရာကို ပြောင်းသွားနိုင်တာပေါ့"

ကြားရသည့်စကားတွေက တစ်ခုမှ သာယာနာပျော်ဖွယ်မရှိ။ ယောကျ်ားတွေဆီက ချူပြီး ချမ်းသာသွားကြတာကို သားက အပြတ်ကြီးထင်ပြီး မေသစ္စာနဲ့ လာယှဉ်သေးတယ်။

အချူကောင်းလို့ ချမ်းသာသွားနိုင်ပေမယ့် မေသစ္စာနဲ့တော့ အရည်အချင်းခြင်းလာယှဉ်၍ မရနိုင်။ ခုတော့ သူကိုယ်တိုင်လာလိုက်တာ မှန်သွားပြီဟုပဲ ပြောရတော့မည်။ သား အရူးအမူးစွဲလမ်းနေတဲ့ ချောကလက်၏ဖောက်ရှုပ်ကို အိမ်ပြန်ရောက်တာနှင့် အားရပါးရကြီး ပြောပြရတော့မှာပေါ့။

"အန်တီက သူတို့နဲ့အမျိုးတော်တာလား"

လူငယ်မှာ ကောင်းကောင်းဖောက်သည်ချပြီးကာမှ အားနာ



www.burmeseclassic.com

သွားသည့်အမူအရာဖြင့် မင့်မရဲမေးရှာသည်။

"ဆွေမျိုးမဟုတ်ပါဘူးကွယ် အန်တီ့သားနဲ့အဲကောင်မလေး ချစ်သူတွေဖြစ်နေကြတယ်ဆိုလို့ အန်တီက သူတို့အခြေအနေကိုလာပြီး အကဲခတ်တာပါ၊ မင်းက ခုလိုမျိုး စုံစုံစေ့စေ့ပြောပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ကွယ်"

လူငယ်လေးကို ကျေးဇူးတင်စကားပြောပြီး ဒေါ်ရွှေရည် ကား ပေါ်ပြန်တက်ပြီး မောင်းထွက်ခဲ့လိုက်သည်။

ရင်ထဲမှာတော့ သားနဲ့ချောကလက်ကို ခွဲခွာရမည့် လျှို့ဝှက်ချက်တွေအပြည့် သယ်ဆောင်လာသည့် အောင်နိုင်သူမိခင်ကြီးပေါ့။

စိတ်ချ ချောကလက်ရေ ညည်းနဲ့ငါ့သား ဘယ်တော့မှ မဆုံစည်းစေရဘူး။

■ ■ ■

ကြီးကျယ်ခမ်းနားသော သုံးထပ်တိုက်ကြီးကိုကြည့်ပြီး ချောကလက်ရင်ထဲမှာ ကံကြမ္မာ၏အပြောင်းအလဲမြန်ဆန်မှုကို အံ့သြ၍မဆုံးနိုင်တော့။

"ဖေဖေ ဒါ သမီးတို့နေရမယ့်တိုက် ဟုတ်လား"

"ဟုတ်တယ် သမီး ညည်းနဲ့မောင်မိုးဒေဝါ လက်ထပ်ပြီးရင် နေရမယ့်တိုက်ဆိုရင် ပိုမှန်လိမ့်မယ်၊ ဘယ်လိုလဲ မောင်မိုးဒေဝါ မင်းရော သဘောကျရဲ့လား"





တအံ့တသြ မင်တက်ငေးမောနေသော မိုးဒေဝါ ခေါင်းတဆတ် ဆတ်ညိတ်ကာ

"ဒီတိုက်ကိုဆောက်တဲ့ ဗိသုကာပညာရှင်ကို တော်တော်လေး ေးတယ်ဦးရာ ဒီလိုတိုက်ဒီဇိုင်းမျိုး မြန်မာပြည်မှာ ဒီတစ်တိုက်ပဲရှိမယ် ထင်တယ်"

"ဟုတ်တယ် မောင်မိုးဒေဝါ ဒီတိုက်ကို ပြင်သစ်က ဗိသုကာ ညာရှင်က သူကိုယ်တိုင် ဒီဇိုင်းဆွဲပြီးဆောက်သွားတာလေ၊ ခုလည်း သူက ပြင်သစ်ကိုအပြီးပြန်ရတော့မှာမို့ မရောင်းချင်ရောင်းချင်နဲ့ ရောင်း သွားတာ၊ မင်းတို့ရဲ့ကုသိုလ်ကံပေါ့ကွာ၊ ဘယ့်နှယ်လဲ ဒီအဆင့်အတန်း နဲ့ဆိုရင် မင်းအမေ ငါ့သမီးနဲ့ သဘောမတူဘူးလို့ မပြောတော့လောက် ဘူးနော်"

ဦးသုခ စကားကြောင့် အားနာသောအကြည့်ဖြင့် ကြည့်လိုက် ပြီး

"ကျွန်တော်ကပဲ မေမေ့ကိုယ်စား တောင်းပန်ပါတယ် ဦးရယ်"

"မလိုပါဘူး မောင်မိုးဒေဝါရယ် မိဘဆိုတာ သားသမီးတွေရဲ့ ရေးကို မျှော်ပြီး အတ္တအနုအရင့်ရှိကြတာပဲ၊ ဒါသဘာဝဆိုတာ ဦး းလည်ပါတယ်၊ ဦးတောင်မှ သမီးရဲ့ပိုင်ဆိုင်မှုတွေကို ဦးကိုယ်ကျိုးအ တ် အသုံးမချဘဲ သမီးဒီအသက်ဒီအရွယ်ရောက်တဲ့အထိ လျှို့ဝှက်ထား ပြီး သိမ်းလာတာပဲကြည့်လေ၊ သမီးဟာ ဒီပိုင်ဆိုင်မှုတွေပေါ်မှာ အာန



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပြီး လမ်းလွှဲသွားမှာစိုးတယ်လေ၊ ခုတော့ သမီးလည်းအရွယ်ရောက်ပြီ သမီးဘေးမှာ အချစ်စစ်အချစ်မှန်နဲ့ ချစ်တဲ့ ဘဝလက်တွဲဖော်လည်းရှိပြီဆိုမှ သမီးရဲ့ပိုင်ဆိုင်မှုအမွေတွေကို လွှဲပေးလိုက်တာပါပဲ”

အမြော်အမြင်ကြီးလွန်းသော ဖခင်ကိုကြည့်ပြီး ချောကလက် ပဆစ်တုပ်ထိုင်ကာ လက်အုပ်ချီလိုက်သည်။

“သမီးရဲ့ရှေ့ရေးကို စနစ်တကျ စီမံပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ် ဖေဖေ”

သိတတ်လိမ္မာလာသော သမီးကိုကြည့်ပြီး ဦးသုခ ပီတိဖြစ်မဆုံးတော့။

■ ■ ■

“သား ဒီနေ့ မေမေ ချောကလက်အိမ်ကို ရောက်ခဲ့တယ် သူတို့ အိမ်ပြောင်းသွားကြပြီတဲ့”

“အဲဒါ သားသိသားပဲ မေမေ ဘာဖြစ်လို့လဲ”

“ဘာဖြစ်ရမှာလဲ ဆင်းရဲမွဲတေနေတဲ့မိန်းမတစ်ယောက် ဘာကြောင့် ခုလိုဖြုန်းစားကြီးချမ်းသာသွားရသလဲဆိုတဲ့အဖြေကို မေမေ ရှာတွေ့ခဲ့လို့ပေါ့ သားရယ်”

ကိုယ်သိပြီးသားကိစ္စတစ်ခုကို အားပါးတရပြောနေသော မေမေ ကိုကြည့်ပြီး ဘာများဆက်ပြောဦးမလဲဆိုပြီး နားစွင့်လိုက်သည်။

“ဘယ်လိုအဖြေလဲ မေမေ”





“သူတို့ အမွေရလို့ ချမ်းသာတယ်ဆိုတာ အမှန်မဟုတ်ဘူး သား”

မိုးဒေဝါ မသိမသာ ပြုံးလိုက်သည်။

“ဆက်ပြောပါဦး မေမေ”

စိတ်ဝင်တစား နားထောင်နေသော သားကိုကြည့်ပြီး ဒေါ်ရွှေရည် ပို၍အားတက်သွားသည်။

“သူ့ဆီမှာ စွမ်းတော်ရှိတယ် သား။ သူဌေးသားတစ်ယောက်က သူ့ဆီကို ညတိုင်းလာပြီးအိပ်တယ်တဲ့၊ ခုလည်း အဲဒီသူဌေးသားရဲ့အကူအညီနဲ့ တိုက်ပေါ်ပြောင်းသွားတာလို့ ပြောတယ်၊ ဟွန်း မေမေထင်တော့ ထင်ပါတယ်၊ ဒီမိန်းကလေးက ငွေနောက်လိုက်နေတဲ့မိန်းကလေးပါလို့ သားကိုတောင် ချမ်းသာမလားဆိုပြီး ချဉ်းကပ်နေတာ သူတို့လို လူတန်းစားမျိုးတွေဆီမှာ အချစ်ထက် ငွေကပိုပြီး အသုံးဝင်တယ် သားရဲ့၊ ယောကျ်ားတစ်ယောက်ကို ညတိုင်းအိမ်ခေါ်သိပ်တယ်ဆိုကတည်းက ဒီမိန်းကလေးရဲ့ကိုယ်ကျင့်တရားကို သားရဲ့ဦးနှောက်နဲ့ စဉ်းစားချင့်ချိန်ပါတော့လား သားရယ်”

“မေမေ ကြားခဲ့တဲ့သတင်းက တစ်ဝက်မှန်တယ် တစ်ဝက်က မှားတယ် မေမေ”

တည်တည်ငြိမ်ငြိမ်နှင့်ပြောနေသော သားကို တအံ့တသြကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟင် သားက ဒါတွေကို အကုန်သိနေတယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ် မေမေ"

"ဒါနဲ့များ သားရယ် ဒီလို မိန်းမမျိုးရဲ့ဘဝထဲကို ဘာကြောင့် ဖွတ်တိုးဝင်နေမှာလဲ၊ မေသစ္စာလို မိန်းကလေးမျိုးကိုပဲ လက်ထပ်ပြီး ငြိမ်းငြိမ်းချမ်းချမ်းနေပါတော့လား"

"နေပါဦး မေမေ သားပြောပါဦးမယ်"

ဟန့်တားလိုက်သော မိုးဒေဝါ စကားကြောင့် ဒေါ်ရွှေရည် သား ကို အကဲခတ်လိုက်သည်။

"တကယ်တော့ ချောကလက်အိမ်မှာ ညသွားသွားအိပ်တဲ့ သူဌေးသားဆိုတာ တခြားသူမဟုတ်ဘူး မေမေ သားပဲ"

"ဘာ"

"ဟုတ်တယ် မေမေ ချောကလက်ကို အဆုံးရှုံးမခံနိုင်လို့ မေမေ မသိအောင် သား ချောကလက်အိမ်မှာ ညဘက်ဆို သွားသွားအိပ်ခဲ့ တယ်"

ဒေါ်ရွှေရည် အရုပ်ကြိုးပြတ် ဖြစ်သွားသည်။

"ဘုရား ဘုရား"

"အဲဒီအတွက် သားကိုခွင့်လွှတ်ပါ မေမေ"

"ခွင့်မလွှတ်ဘူး လုံးဝခွင့်မလွှတ်ဘူး မိဘသဘောမကျတဲ့သူနဲ့ ညတိုင်းအတူသွားနေရုံတင်မဟုတ်ဘူး မင်းက တဲပေါ်ကနေ တိုက်ပေါ်





တောင်တင်ပေးလိုက်သေးတယ်ပေါ့ ဟုတ်လား မိုးဒေဝါ။ အောင်မလေး ငါ့ဘဝက ရှင်လျက်နဲ့သေသွားသလိုပါပဲလား ခုတော့ မင်းက မိဘရဲ့ စည်းစိမ်တွေကို လုပ်ငန်းအကြောင်းပြပြီး အဲဒီပိုင်းလုံးမဆီမှာ သွားပြီး ဖို့နေတယ်ပေါ့ ဟုတ်လား"

"မဟုတ်တာပဲ မေမေရာ သားက ငွေကြေးဘယ်လောက်ချမ်း သာနေလို့ ချောကလက်ကို ထောက်ပံ့ရမှာလဲ၊ ခုချိန်ထိ ချောကလက်ကို ကလစ်တစ်ချောင်းတောင် ဝယ်မပေးဖူးပါဘူး"

မိုးဒေဝါ ပြောသောအမှန်တရားကို ဒေါ်ရွှေရည် ဘယ်လိုမှ လက်မခံနိုင်ပါ။

"မယုံဘူး လုံးဝမယုံဘူး မေမေ့အသည်းနှလုံးတွေကို တစ်စစီ ကြွေအောင်လုပ်တဲ့ သားဆီမှာ အမှန်တရားဆိုတဲ့စကားလုံးတွေ ထွက် လာပါဦးမလား။ လုပ်ရက်လိုက်တာသားရယ် ဘဝတစ်လျှောက်လုံး မေမေ ဟာ မင်းအတွက်ရှင်သန်လာခဲ့သလို မင်းဟာလည်း မေမေရဲ့စကားကို တစ်သွေမတိမ်း လိုက်နာတဲ့သားလိမ္မာတစ်ယောက်ဖြစ်ခဲ့တာပါ။ ခုတော့ ဒီလိုအတန်းအစားမျိုးရဲ့ အမိဖမ်းတာကိုခံရတော့မှ မေမေ့ကို အာခံပြီး မုန်းလုံးကန်းပြီပေါ့ ဟုတ်လား သား။ ခုတော့ မေမေ့ဘဝက မေသစ္စာတို့ အသိုင်းအဝိုင်းကြားမှာ ခွေးလုံးလုံးဖြစ်ရပြီပေါ့"

ကလေးငယ်တစ်ယောက်လို ဟီးချင်းချပြီး ငိုနေရှာသော မေမေ့ ကိုကြည့်ပြီး မိုးဒေဝါ စိတ်မကောင်းဖြစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ချောကလက်ကို ချွေးမတော်ရလို့ မေမေ ဘယ်တော့မှ နောင်တ မရစေရဘူးလို့ ကတိပေးနိုင်ပေမယ့် နှုတ်က ဘာမှဖွင့်ဟမပြောချင်တော့ပါ။

အချိန်ကာလတစ်ခုဆီသို့ရောက်ခဲ့လျှင် အရာအားလုံးကို မေမေ သဘောပေါက် နားလည်သွားမယ်ဟုပဲ စိတ်ထဲမှာ ယုံကြည်မိလိုက်တော့သည်။

■ ■ ■



## အခန်း (၃၁)

"ဘုရား ဘုရား တိုက်ကြီးက ထင်ထားတာထက်တောင် ပိုပြီး ခမ်းနားထည်ဝါနေပါလား။ ငါ့သား ဘယ်ကငွေတွေနဲ့များ ဒီမိန်းမကို ဖူဖူးထားပါလိမ့်"

တက္ကစီကားသမားကို ကျသင့်ငွေ ကမန်းကတမ်းရှင်းပြီး ကား ပေါ်မှဆင်းလိုက်သည်နှင့် တိုက်ကြီးရှေ့ကို ကပျာကယာ လျှောက်သွား လိုက်သည်။ နားထဲတွင် ချောကလက်တို့အိမ်ဟောင်းလေးကို သွားခဲ့စဉ်တ ပြောခဲ့သော ကောင်လေး၏စကားတွေ ပြန်လည်ကြားယောင်လာသည်။

"အဲဒီလူက တစ်ခါတလေ ညတောင်လာအိပ်နေတာ ခုလည်း အဲဒီလူ စပွန်ဆာပေးလို့ လူချမ်းသာတွေနေတဲ့နေရာကို ပြောင်းသွားနိုင်တာလေး"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ချောကလက်အိမ်မှာ ညသွားသွားအိပ်တဲ့ သူဌေးဆိုတာ တခြားသူမဟုတ်ဘူး မေမေ သားပဲ"

ကိုယ့်သားအသံပါ နားထဲတွင် ပြန်ကြားယောင်လာရင်း ရင်တွေ တလှပ်လှပ်အခုန်မြန်လာသည်။ ဒေါ်သတွေ အထွတ်အထိပ်သို့ ရောက်လာသည်။

လူခေါ်ဘဲလ်ကို ခပ်ဆောင့်ဆောင့်နှိပ်လိုက်သည်။ အိမ်ကြီးထဲမှ ကောင်မလေးတစ်ယောက် ပြေးထွက်လာသည်။

"ဘယ်သူနဲ့တွေ့ချင်လို့ပါလဲရှင်"

"ဒီအိမ်မှာ ချောကလက်နေတာလား"

"ရှင်"

"မင်း နားမကောင်းဘူးလား ချောကလက်ကို မေးနေတာ"

"ဪ ချောကလက်တော့ မရှိဘူးရှင့်၊ သမီးတို့မမလေး နာမည်က ချောကလျာပါ"

"ဘယ်သူလဲ ဝင်းဝင်း"

"ချောကလက်လို့ လာမေးနေလို့ပါ"

အသံထွက်ပေါ်လာရာသို့ ဒေါ်ရွှေရည် မော့ကြည့်လိုက်သည်။ တိုက်ကြီး၏ဝရန်တာတွင် ခန့်ခန့်ကြီးရပ်နေသော ချောကလက် ငွေရှိလာ၍ အသွေးအမွေးပါ ပြောင်းလဲသွားသည်။

"ဖွင့်ပေးလိုက်ပါ"





"ဟုတ်ကဲ့ ဝင်ပါ ကြီးကြီး"

ခြံတံခါးဖွင့်ပေးသည်နှင့် ဒေါ်ရွှေရည်အိမ်ကြီးထဲသို့ ခုန်ဆိုင်းသော ခြေလှမ်းတွေဖြင့် ခပ်သွက်သွက်ဝင်ခဲ့လိုက်သည်။

"ကြီးကြီး ဒီဘက်ဧည့်ခန်းကိုလာပါ၊ အဲဒီဧည့်ခန်းက အထူးဧည့်သည်တွေအတွက် သီးသန့်စီစဉ်ထားတာပါ"

"ဘာ အမလေး ငါ့သားဆီကချူထားတဲ့ စည်းစိမ်တွေနဲ့ ကြီးကျယ်ထည်ဝါနေလိုက်ကြတာ"

ဒေါ်ရွှေရည် ဆွေ့ဆွေ့ခုန်မတတ် ဒေါ်သထွက်နေရသည်။ အိမ်ကြီးက အပြင်ကထက်ပင် ပို၍ အတွင်းပိုင်းက ထည်ဝါခန့်ညားလွန်းနေသည်။ ဖိတ်ဖိတ်တောက်နေသော အိမ်ထောင်ပရိဘောဂတွေကအစ ဒေါ်ရွှေရည်ကို လှောင်ပြောင်သရော်နေသလို ခံစားရသည်။

"နေကောင်းလား အန်တီ မတွေ့တာတောင်ကြာပြီနော်"

ဒေါ်သဖြင့် ထိုင်ရမလို ထရမလိုဖြစ်နေသော ဒေါ်ရွှေရည် ချောကလက်ကိုမြင်ပြီး ပို၍ပင် ဒေါ်သဖြစ်ရသည်။

"တို့သားဆီက ချူရုံတင်မဟုတ်ဘူး တခြားယောကျ်ားတွေဆီကပါ ချူထားတယ်ထင်ပါရဲ့ အိမ်ကြီးက ခမ်းနားလိုက်တာ"

ချောကလက် ပြုံးသည်။ ဒေါ်ရွှေရည် ဒီကိုလာတာနှင့် ဒီလိုမျိုး ထိုးနှက်ချက်တွေကို ခံရဦးမယ်ဆိုတာ သိနေပြီးသား။ ဒေါ်ရွှေရည်တို့ ခြံပေါက်ဝတွင်မြင်လိုက်သည်နှင့် ကိုမိုးကိုဖုန်းဆက်ခေါ်လိုက်တာ ဒေါ်ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ရည် သိရှာမည်မဟုတ်။

"ချောကလက်ကိုမြင်လိုက်တာနဲ့ ယောကျ်ားတွေဆီက ချူထား တဲ့ပိုင်ဆိုင်မှုတွေလို့ မြင်တော့တာပါပဲလား။ အန်တီကိုသနားလိုက်တာ ဘယ်အချိန်ထိ အဲဒီလို မာန်မာနတွေကို ဖက်တွယ်နေဦးမှာလဲ၊ လောကမှာ ဆင်းရဲတာလည်းမမြဲသလို ချမ်းသာတာလည်း မမြဲဘူးဆိုတာကို အန်တီ မသိသေးဘူးထင်ပါရဲ့"

"တော်စမ်း ကလေးမ မင်းရဲ့မသန့်ရှင်းတဲ့ပါးစပ်နဲ့ တရားလာ ချပြမနေနဲ့၊ အော့နှလုံးနာလွန်းလို့ မင်းကို ရှင်းရှင်းပဲပြောမယ် ဒီအိမ်ထဲ မှာ ငါ့သားဆီက ချူထားတဲ့ငွေ ဘယ်နှရာခိုင်နှုန်းပါသလဲ"

ဒေါ်ရွှေရည် ဒွိပင်မေးချလိုက်သည်။

"မအေဆီမှာ တစ်ချိန်လုံး နို့သက်ခံစို့လာတဲ့ အန်တီ့သားဆီက ချောကလက်က ချူရမယ်ဟုတ်လား။ ဒီဝိလည်းလောဘတက်ပြမနေပါနဲ့ အန်တီ"

ချောကလက် ဒီတစ်ခါတော့ ခေါင်းငုံ့ခံဖို့ စိတ်ကူးမရှိတော့ပြီ မို့ ပြောသင့်ပြောထိုက်တာကိုတော့ ပြောရတော့မည်။

"လောဘတက်နေတာမဟုတ်ဘူး ညည်းဆီက ငါ့သားကိုရော ငါ့သားဆီက ချူချထားသမျှအရာတွေကိုရော ငါ အကုန်ပြန်ယူရမယ်၊ အဲဒီအတွက် ဒီကိုလာခဲ့တာပဲ ပြောစမ်း ဒီအိမ်ကြီးကို ငါ့သားဖန်တီးပေး ထားတာမို့လား"





သနားစရာကောင်းလောက်အောင် သွေးရူးသွေးတမ်းဖြစ်နေ သော ဒေါ်ရွှေရည်ကိုကြည့်ပြီး ချောကလက် ပေါ့ပေါ့ပါးပါး အော်ရယ်ပစ် လိုက်သည်။

ဒေါ်ရွှေရည် ခဏတော့ ကြောင်အမ်းအမ်းဖြစ်သွားသည်။ ဒေါ် ရွှေရည့်မျက်နှာမှာ သားဇောဖြင့် လောဘအရှိန်တွေ တလက်လက် တောက်ပနေသည်။

"ဩော် ဒေါ်ရွှေရည်ဆိုတာ ဘယ်သူများလဲလို့ မိရွှေဖြစ်နေ တာကိုး"

တစ်ဖက်အခန်းကျယ်ကြီးထဲမှ ထွက်လာသော ဦးသုခကို ကြည့် ပြီး ဒေါ်ရွှေရည် ခန္ဓာကိုယ် ဆတ်ခနဲတုန်သွားသည်။ ဒေါ်ရွှေရည်ကို မိရွှေဟုခေါ်သောသူ အနှစ်သုံးဆယ်အတွင်းမှာ တစ်ယောက်မှမရှိဘူးခဲ့။

အခု မိရွှေဟုခေါ်သောသူဟာ ဒေါ်ရွှေရည်၏အတိတ်တွေကို သိထားသူမို့သာဖြစ်ရမည်ဟု ဒေါ်ရွှေရည်တွေးကာ ရှက်ရွံ့စိတ်တွေဝင်၍ သွားသည်။

"ရှင် ရှင်က"

ဦးသုခကို ဖဝေဖဝါအကြည့်ဖြင့်ကြည့်ပြီး နှုတ်တွေဆွံ့အ၍နေ သည်။

"ညည်း ငါ့ကိုမမှတ်မိတော့ဘူးလား လွန်ခဲ့တဲ့အနှစ်သုံးဆယ် လောက်က ငါနဲ့ညည်း ပတ်သက်ခဲ့ဖူးတယ်လေ၊ အဲဒီအချိန်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



ညည်းအရွယ်က အခု ငါ့သမီးအရွယ်ပဲရှိသေးတာမို့လား၊ မိဘတွေရဲ့ အဆင်မပြေမှုကြောင့် ညည်းဟာညည့်ငှက်ဘဝနဲ့ လမ်းပေါ်မှာ ညည်းရဲ့ အလှတွေကိုခေါင်းရွက်ဗျက်ထိုးသည်လို ရောင်းစားခဲ့ရတာ ငါခုထိမမေ့သေးဘူး''

ဒေါ်ရွှေရည် ခြေထောက်ပင် နိုင်နိုင်မရပ်နိုင်လောက်အောင် ခြေထောက်တွေခွေကျကာ ကြမ်းခင်းပေါ် အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။

အတိတ်ကို ပြည်ဖုံးကာချထားပြီး ဘဝကိုစိတ်သစ်လူသစ်နဲ့ လျှောက်လှမ်းနေတာ နှစ်ပေါင်းမနည်းတော့ပြီပဲ။ အရှင်းဆုံးပြောရရင် ကိုယ့်အတိတ်စာမျက်နှာတွေကို ကိုယ်ပြန်မလှန်ပစ်ခဲ့တာ ကြာခဲ့ပါပေါ့လား။

"ဒါနဲ့ ငါ့သူငယ်ချင်းကြီး အောင်မြတ်ရော နေကောင်းရဲ့လား"

"သူ သူဆုံးသွားတာ တစ်နှစ်ကျော်ပါပြီ ကိုသုခ"

ကိုယ့်ဘဝကို ညည့်ငှက်ဘဝထဲက ဆွဲကယ်ထုတ်ပြီး ကိုအောင်မြတ်လက်ထဲကို တစ်ဘဝလုံးစာပုံအပ်ပေးခဲ့သဖြင့် သူဌေးသား ကိုအောင်မြတ်ရဲ့ဇနီးဘဝနဲ့ မပူမပင်နေခဲ့ရတဲ့ကျေးဇူးတရား မေ့လို့မှမကောင်းတာပဲ။

"အေးလေ ငါတို့လည်း အဆက်အသွယ်ပြတ်သွားတာ နည်းမှမနည်းခဲ့ဘဲ၊ ဒြော် ဒါက ငါ့သမီးလေး သူ့ကိုဘယ်သူမွေးခဲ့တာလဲ ညည်းသိလား"





ဦးသုခအမေးကြောင့် ချောကလက်ကို မရဲတရဲကြည့်ပြီး ခေါင်းကို ခပ်ဖြည်းဖြည်းခါပြသည်။

"ညည်းအမေ အိမ်အကူလုပ်ခဲ့တဲ့ သူဌေးကြီးဦးကောင်းစံတို့ရဲ့သမီး ခင်လှဲ့ရဲ့သမီးပဲ၊ ခင်လှဲ့နဲ့ငါ အိမ်ထောင်ကျတော့ ခင်လှဲ့မှာ ချောကလျာဆိုတဲ့ကိုယ်ဝန်ပါလာတယ်၊ ဒါကြောင့် ဦးကောင်းစံက ကိုယ်ဝန်ရှိနေတဲ့သူ့သမီးကို ငါ့လက်ထဲ ထိုးထည့်ပြီး ပေးစားခဲ့တာပေါ့၊ ငါကလည်း ခင်လှဲ့ကိုချစ်တော့ ကိုယ်ဝန်ရှိရုံတင်မကဘူး ကလေးတစ်ဒါဇင်ပါလာလည်း ငါကချစ်နေမှာပဲ၊ ဒါကြောင့် ခင်လှဲ့သမီးကို ငါ့သမီးလိုသဘောထားပြီး ဖခင်တစ်ယောက်ရဲ့မေတ္တာတွေ ပေးခဲ့တာပေါ့''

ချောကလက် မျက်ရည်တို့ ဝဲတက်လာကာ

"ဒါဆို အဖေက သမီးရဲ့အဖေအရင်းမဟုတ်ဘူးပေါ့ ဟုတ်လား''

"ဟုတ်တယ် သမီး သမီးရဲ့အဖေအရင်းက သမီးအမေနဲ့ ချစ်သူဖြစ်ပြီး လက်ထပ်ခါနီးဆဲဆဲမှာ ကားမှောက်ပြီးဆုံးခဲ့လို့ အဖေက သမီးအမေကို လက်ထပ်ခွင့်ရခဲ့တာပေါ့၊ ဒါကြောင့် အဖေ့ကိုစိမ်းမသွားနဲ့ သမီး''

"ဟင့်အင်း အဖေက သမီးရဲ့အဖေအရင်းပါပဲ အဖေရယ်''

"အဖေ ယုံပါတယ် သမီးရယ်၊ ဒါကြောင့်လည်း အဖေက သမီးဘဝရှေ့ရေးအတွက် အကွက်ကျကျစီစဉ်ခဲ့တာပေါ့၊ အဖေ့သမီးဟာ



www.burmeseclassic.com

www.burmeseclassic.com



ခေတ်သမီးပျိုမှိုလို ပေါ့ပေါ့ပါးပါးနေခဲ့ပေမယ့် သမီးမွေးသားတော တစ်လော ကလုံးသိမှာပါ၊ အဲ မိရွှေကလွဲလို့ပေါ့၊ ကဲ မိရွှေ သူက သူဌေးကြီး ဦး ကောင်းစံရဲ့တစ်ဦးတည်းသောမြေးမို့ သူ့အသက်နှစ်ဆယ်မှာ အမွေတွေ လွှဲပြောင်းပေးခြင်းခံရလို့ ညည်းရဲ့အနှိမ်ခံ ဆင်းရဲသူမလေးဘဝကနေ သူဌေးသမီးဘဝကို နေ့ချင်းညချင်းရောက်သွားတာပေါ့''

ဒေါ်ရွှေရည် ခေါင်းပင်မဖော်ဝံ့တော့ဘဲ တရှုံ့ရှုံ့ငိုတော့သည်။ ဦးသုခ ဆက်ပြောသည်။

''ဒီတော့ ငါ့သမီးမှာ ယောက်ျားတွေဆီကနေ ချူစားပြီး ဒီဘဝ ကို ခုန်တက်သွားတယ်လို့ ထင်သေးလား''

ဦးသုခအမေးကို ဒေါ်ရွှေရည် ခေါင်းတဆတ်ဆတ်ခါပြီး မျက်ရည်တွေဖြင့် မော့ကြည့်ကာ

''ကျွန်မ မှားပါတယ် အစ်ကိုကြီးသုခရယ်၊ ကိုယ့်ဘဝကိုယ်မေ့ပြီး မိန်းကလေးတိုင်းကို ကိုယ့်သားနဲ့မတူမတန်ဘူးထင်ပြီး နှိမ်ချဆက်ဆံခဲ့တာတွေဟာ ခုတော့ ကျွန်မဘဝရဲ့အတိတ်တွေကို ပြန်လည်တူးဆွလိုက်သလိုပါပဲ၊ တစ်ချိန်က ကျွန်မ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ အခုချိန်မှာတော့ သားရဲ့အမေတစ်ယောက်အဖြစ် ဂုဏ်သိက္ခာရှိရှိ ရပ်တည်ချင်ခဲ့မိတဲ့လောဘကြောင့် ချောကလက်အပေါ်မှာ အထင်လွဲခဲ့မိပါတယ်၊ အဲဒီအတွက် သမီးချောကလက်ကိုရော အစ်ကိုကြီးကိုပါ တောင်းပန်ပါတယ်''

''ချောကလက်ကိုတောင်းပန်ဖို့ မလိုပါဘူး အမှန်တရားကို အန်တီ ကြည်ကြည်ဖြူဖြူနဲ့ လက်ခံပြီဆိုရင် ကျေနပ်ပါတယ်''

လူငယ်ဘက်က အပြစ်မယူလေ ဒေါ်ရွှေရည် ကိုယ့်လိပ်ပြာ ကိုယ်မလုံသလို ဖြစ်ရလေပါပဲ။

''ကျွန်မ တစ်ခုတော့ တောင်းဆိုချင်ပါတယ်''

ဒေါ်ရွှေရည် ချောကလက်နှင့် ဦးသုခရှေ့တွင် ပုဆစ်တုပ်ထိုင်နေသည့် မြင်ကွင်းကို အိမ်အပြင်မှ အပြေးအလွှားဝင်လာသော မိုးဒေဝါ မြင်လိုက်ပြီး ခြေလှမ်းတို့ တုံ့ခနဲ ရပ်သွားသည်။

မိုးဒေဝါ ထင်ထားတာ မေမေဟာ ချောကလက်ကိုရော ဦးသုခကိုရော အထက်စီးနင်းဆန်သောစကားလုံးတွေနှင့် ထိုးနှက်တော့မယ်ပေါ့။ ဒါကြောင့်လည်း ချောကလက် ဖုန်းဆက်သည်နှင့် ကားကိုဒလကြမ်း မောင်းချလာခြင်းဖြစ်သည်။

''ဘာများတောင်းဆိုချင်တာလဲ မိရွှေ ပြောပါ''

''တစ်ချိန်က ကျွန်မရဲ့အတိတ်ကို သားကိုပေးမသိစေချင်ဘူး၊ သားတစ်ဘဝလုံး သိမ်ငယ်ပြီး ခေါင်းမဖော်နိုင်လောက်အောင် အရှက်တွေရသွားမှာစိုးလို့ပါ''

မိုးဒေဝါ ရင်ထဲ နင့်ခနဲ ခံစားလိုက်ရသည်။ အမေ့ရဲ့အတိတ်စာမျက်နှာတွေကို သားတစ်ယောက် မသိစေချင်ဘူးတဲ့လား။ အမေ့အတိတ်မှာ ဘာတွေဖြစ်ခဲ့လို့လဲ။ ဘာကြောင့် ဦးလေးနဲ့ချောကလက်ရှေ့မှာ ဒူးထောက်နေခဲ့ရတာလဲ။







www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ အန်တီရယ် ချောကလက် ကိုမိုးကို ဘယ်တော့မှ ဖွင့်ပြောမှာမဟုတ်တော့ပါဘူး"

"ညည်းအကြောင်းကို ငါ့သမက်လောင်းသိသွားတော့ရော စိတ်မကောင်းဖြစ်စရာကလွဲပြီး ဘာမှအကြောင်းထူးလာမှာမှမဟုတ်တာ၊ မေးမသိတာပဲ ကောင်းပါတယ်"

"ကျေးဇူးတင်လိုက်တာ အစ်ကိုကြီးနဲ့ သမီးချောကလက်ရယ် သမီးတို့မင်္ဂလာပွဲကိုလည်း သမီးတို့လူငယ်တွေစိတ်ကြိုက် စီစဉ်ပါတော့ အန်တီဝင်ပြီး မစွက်ဖက်ရဲတော့ပါဘူး"

မိုးဒေဝီ နေရာမှလှည့်ထွက်ခဲ့သည်။ ချောကလက်နှင့်လက်ထပ်ခွင့်ရ၍ ပျော်ရွှင်ရပေမယ့် မေမေ ဘာကြောင့် ဦးလေးနှင့်ချောကလက်ရှေ့ ဒူးထောက်တောင်းပန်နေရသလဲ။

ရင်ထဲမှာ မေမေ့အတွက် စိတ်မကောင်းခြင်းများစွာ ပြည့်နှက်လာသည်။

"မေမေရယ် အတိတ်မှာ မေမေဟာ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ မေမေဟာ သားဘဝရဲ့ဖန်ဆင်းရှင်ပါ၊ သား မေမေ့ကို ဘယ်လိုအကြောင်းကြောင့်နဲ့မှ မမုန်းပါဘူး၊ ဥပမာ မေမေ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ပေါ့"

အားလုံးအတွက်

နတ်သမီး



www.burmeseclassic.com